وما أرسلنك إلاّ رحمة للعالمين

စံပြစေတမန်

တမန်တော်မြတ်(ﷺ)၏ ထေရုပတ္တိအကျဉ်း



ကျမ်းပြုသူ

ဝဏ္ဏကျော်ထင်

"မောင်လာနာဟာဖစ်ဇ်စိုင်ယစ်ဒ်ဟာစံရှား" ၏သမီး

ဒေါ်ရှားဝေဝေ B.Sc (chem:)

ကန့်သတ်

ထုတ်ဝေသူ၏ အမှာစာ

အလ္လာအသျှင်မြတ်၏ အတိုင်းမသိကြီးမားလှသော မဟာကျေးဇူးတော်ဖြင့် ဤ **"စံပြစေတမန်"** ဟူသောစာအုပ်ကို ကျွန်ုပ်ထုတ်ဝေခွင့် ရရှိခဲ့ပါသည်။

ဤစာအုပ်ရေးသားသူ " ဝဏ္ဏကျော်ထင် မောင်လာနာ ဟာဖစ်ဇ် စိုင်ယစ်ဒ် ဟစံရှား" ၏သမီး ဒေါ်သျှားဝေဝေ B.Sc (chem:) မှာ ကျွန်ုပ်၏ မိခင်ဖြစ်ပါသည်။ ဤကျမ်းစာအုပ်အား သူမကျောင်းသူ ဘဝက တမန်တော်မြတ်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ပြိုင်ပွဲ တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရေးသားခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် သူမနှင့် ဝင်ရောက်ယှဉ်ပြိုင်သူ ပြိုင်ဘက်တစ်ဦး တစ်ယောက်မျှ မရှိသည့်အတွက် ပြိုင်ပွဲမှာ ရပ်တန့်သွားခဲ့ပါသည်။ ထို့နောက်တွင် သူမသည် ဤစာအုပ်အား ထုတ်ဝေရန် ရည်ရွယ်ကာ ထိုခေတ်က မြန်မာနိုင်ငံ၏ အစ္စလာမ့် အကြီးအကဲ ဆရာသခင်ကြီး များထံသို့ ဤစာအုပ်အား တင်ပြ၍ ထောက်ခံချက်များ ရယူခဲ့ပါသည်။ သည့်နောက်တွင်မူ ထုတ်ဝေရန် ရည်ရွယ်ခဲ့ပါသည်။ သို့တစေလည်း အခြေအနေ အရပ်ရပ်တို့ကြောင့် မထုတ်ဝေဖြစ်ခဲ့ပါ။

ယခုမူ သူမသည် (၁၅ - ၆ - ၂၀၁၁) ဗုဒ္ဓဟူးနေ့ ညနေ (၆း၀၀)ခန့်တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ခံယူသွားခဲ့ရှာလေပြီ။ သူမ၏ဆန္ဒပြီးမြောက်မသွားပါ။ ဤအတွက်ကြောင့် သားဖြစ်သူ ကျွန်ုပ်မှာ မိခင်၏ဆန္ဒပြီးမြောက်စေရန်အတွက်သော် လည်းကောင်း ၊ စာဖတ်ပရိတ်သတ်တို့၏ အရှုဝယ် ဤစာအုပ်အား

ဖတ်ရှုခြင်းအားဖြင့် အကျိုးစဝါးဗ်များ စီးဆင်းနေစေလိုသည့်အတွက် သော်လည်းကောင်း ယခုကဲ့သို့ ထုတ်ဝေလိုက်ခြင်းသာ ဖြစ်ပေသည်။ ဤသို့ထုတ်ဝေရာတွင် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဆရာသခင်ကြီးများ၏ ထောက်ခံချက်များကို နှစ်ကာလ ကြာရှည်သည်နှင့်အမျှ အသိမ်းလွန်နေသည့်အလျှောက် ကျွန်ုံအနေနှင့် ပြည့်စုံကုံလုံစွာ ဖော်ပြနိုင်ခြင်းမရှိပါ။ ဆရာသခင်ကြီးအချို့၏ ထောက်ခံချက်များကိုသာလျှင် တွေ့ရှိသည့်အတွက် ဖော်ပြလိုက်ရပါသည်။ ဤ **"စံပြစေတမန်"** မည်တွင်သော စာအုပ်ကလေးအား ဖတ်ရှုသူတိုင်း ကျွန်ုပ်၏ မိခင်စာရေးသူ ဒေါ်သျှားဝေဝေနှင့် သေသူအာရ်ဝါ အပေါင်းတို့အတွက် မဂ်ဖွေရသည် လွတ်ငြိမ်းချမ်းသာခွင့် ဒိုအာဆုပန် ပေးကြပါရန် လေးစားစွာ ဆော်ဩအပ်ပါသည်။

ဟာဖစ်ဇ် စိုင်ယစ်ဒ် ဗဒရ်အလီသျှား
(ဟုစိုင်နီ)

သိရိပျံချီ အလ်ဟာဂျ် မုဖတ်စီရှလ်ကုရ်အာန် အလ္လာမဟ် ဃာဇီ မုဟမ္မဒ် ဟာရှင်မ်၏ ကျမ်းဦးစကား

ဒီကမ္ဘာမှာ လူ့အလွှာအသီးသီးမှာ စံထားလောက်တဲ့ လူစွမ်းကောင်းတွေ ၊ သူရဲကောင်းတွေ ၊ ပုဂ္ဂိုလ်ထူးတွေ အများကြီး ပေါ်ခဲ့တယ်။ ယခုလည်းပေါ်လျက် ၊ နောင်လည်း ပေါ်ဦးမယ်။ ဒါပေမယ့် အဒီပုဂ္ဂိုလ်ထူးတွေဟာ ဘာသာတစ်ရပ်မှာသာ ၊ ဘက်တစ်ဘက် မှာသာ ထူးချွန်ခဲ့ကြတာပါ။ ဘက်စုံထူးချွန်ခဲ့ကြတာ မဟုတ်ဘူး ။ ဘက်စုံထူးချွန်တဲ့ပုဂ္ဂိုလ်ဟာ ရှာမှရှားတယ်။

" တမန်တော်မြတ် (ﷺ)ဟာ ကမ္ဘာမှာ ရှာမှရှားတဲ့ဘက်စုံ ထူးချွန်တဲ့ "ကမ္ဘာ့စံပြ"ပါ။ " ကမ္ဘာ့စံပြ " ဖြစ်တော်မူတဲ့ အလျောက်လည်း လက်တွေ့ကျင့်သုံးပြသသွားတော်မူတယ်။ လက်တွေ့ကျင့်သုံးပြသသွားတော်မူသည်သာမက မိမိတင်ပြခဲ့တဲ့ 'အစ္စလာမ်'ကိုလည်း မိမိရဲ့ သက်တမ်းအတွင်းမှာပဲ အောင်အောင် မြင်မြင် တည်ထောင်သွားတော်မူတယ်။ စံမတူအောင် အောင်ပွဲ ဆင်နွှဲသွားတော်မူတယ်။

ဒီတော့ ဘက်စုံထူးချွန်တော်မူတဲ့ "ကမ္ဘာ့စံပြ တမန်တော်မြတ်(ﷺ)ရဲ့ အကြောင်းကို သိလိုလျှင် ဤ "တမန်တော်မြတ် (ﷺ)ရဲ့ ကျမ်းကို ဖတ်ပါ။ အကျိုးထူးမှာ အမှန်ပါ။

သိရိပျံချီ အလ္လာမဟ် ဃာဇီမုဟမ္မဒ် ဟာရှင်မ်

حامداً و مصلیاً و مسلماً

بسم اللہ الرحمن الرحیم

مرحوم مولانا سید حسن شاہ صاحب کی صاحبزادی
نے سیرۃ النبی ﷺ کے ترجمہ کا مرحلہ طے کیا ہے ماشاء اللہ
لکھا ہے۔ انشاء اللہ طلبہ اور طالبات کے لئے
بہت مفید ہوگا۔ میں نے یہ ترجمہ دیکھا اور
سنا ہے اللہ پاک قبول اور بار آور فرمائے
یقیناً امت کے تمام طبقات کے لئے دونوں
جہان کی کامیابیاں اور سرخروئی حاصل کرنے
اور سنت نبوی کی پیروی کا ہی مقصود ہے
اللہ عزوجل سب کو ایمان اور اعمال صالحہ
کی توفیق بخشے آمین

محمد عطاء [illegible]
11/8/96

۷۸۶

حامدا و مصلیا و مسلما ـــــ

بسم اللہ الر حمن الر حیم

مر حوم مولانا سید حسن شاہ صاحب کی صاحبزادی نے سیرۃ النبی کے ترجمہ کا مطالعہ کر کے خلاصہ لکھے تھے۔

انشاءاللہ طالبہ اور طالبات کے لئے بہت مفید ہو گا۔

میں نے بر جستہ دیکھا اور سنا ھے، اللہ پاک قبول اور بار آور فر مائے۔

یقینا امت کے تمام طبقات کے لئے دونون جہان کی کامیابی اور سر خروئی حکم خداوندی او سنت نبوی کی پیروی میں مضمر ھے، اللہ عز و جل سب کو ایمان اور اعمال صالحہ کی توفیق بخشے۔ آمین

امیر تبلیغ (بر ما)
حضرت اقدس مولا نا بندہ محمد صالح مظاھری
۱۱۔۸۔۹۶

JAMIAT ULAMA EL-ISLAM Head quarters
THE UNION OF MYANMAR
Phone : 77447
Cable MUFTIE - AZAM
No. 18, 28th Street, Yangon Myanmar.

№ 002329

تقریظ

الحمد للہ وحدہ والصلوۃ والسلام علی من لا نبی بعدہ وعلی آلہ وصحبہ اجمعین

حضور اقدس صلی اللہ علیہ وسلم کی سیرۃ مطہرۃ پر دنیا میں مختلف زبانوں میں کتابیں مرتب کرکے شائع کی گئی ہیں اسی کے پیش نظر مولانا شاہ سید حسن شاہ صاحب کی صاحبزادی نے برمی میں حضور اقدس صلی اللہ علیہ وسلم کی سیرت کی کتابوں سے اخذ کرکے ایک مجموعہ مرتب کیا انشاء اللہ برمی مسلم طبقہ کو اس کتاب سے دینی فائدہ ہوگا

اللہ تعالیٰ سے دعا ہے کہ اس کتاب کو قبول فرما کر برمی زباں طبقہ کو فائدہ اٹھانے کا موقع نصیب فرمائے مصنفہ موصوفہ کو جزائے خیر عطا فرمائے فقط والسلام

محمود داؤد یوسف
خادم جمعیۃ علماء اسلام برما مرکز
و
جامعہ دار السلام تاموے رنگون

محمود داؤد یوسف

JAMIAT ULAMA-EL-ISLAM, UNION OF MYANMAR (H.Q.) YANGON

باسمہ تعالیٰ

تقریظ

الحمد للّٰہ حمدہٗ والصلاۃ والسلام علی من لانبیّ بعدہ وعلی الہ وصحبہ اجمعین۔

حضور اقدس صلّی اللّٰہ علیہ وسلّم کی سیرۃ مطہر ۃ پر دنیا میں مختلف زبانون میں کتابیں مرتّب کر کے شائع کی گئی ہیں،

اس کے پیش نظر مولانا شاہ سیّد حسن شاہ رحمۃ اللّٰہ کی صاحبزادی نے برمیز مین حضور اقدس صلی اللّٰہ علیہ وسلم کی سیرت کی کتابوں میں سے اخذ کر کے ایک مجموعہ مرتّب کیا،

انشا اللہ برمی مسلم طبقہ کو اس کتاب سے دینی فائدہ ہوگا۔

اللہ تعالی سے دعا ہے کہ اس کتاب کو قبول فرما کر برمیز دان طبقہ کو فائدہ اٹھا نے کا موقعہ نصیب فرمائے۔

مصنفہ موصوفہ کو جزائے خیر عطا فرمائے فقط۔والسلام۔

مفتی اعظم حضرت مولانا محمود داؤد یوسف

خادم جمعیہ علماء اسلام برما مرکزی

و

جامعہ دار العلوم تاموے رنگون

စကားချီး

ရန်ကုန်မြို့ ၊တမန်တော်နေ့ကျင်းပရေးဗဟိုကော်မတီ၏ ရုံးခန်းမှ ကြေငြာချက်တစ်စောင်ကို ဖတ်လိုက်ရပါသည်။ အဆိုပါ ကြေငြာချက်မှာ နှစ်ဘဝသခင် ကျေးဇူးတော်ရှင် တမန်တော်မြတ်ကြီး (ﷺ)၏ ထေရုပတ္တိကို အကျဉ်းရေးသားဖြစ်ခဲ့ပါသည်။

ကျွန်မသည် သိရိပုံချီ အင်တာနက် မှဖတ်စ်စီရှလ်ကုရ်အာန် အလ္လာဟ်မဟ် ယာဇီ မုဟမ္မဒ် ဟာရှင်ရေးသားသော တမန်တော်မြတ် (ﷺ) (ပထမ + ဒုတိယ + တတိယ)အတွဲ(၃)တွဲကို ဖတ်ရှုခဲ့ဖူးသည့်အတွက် အဆိုပါ ကြေငြာချက်ကို စိတ်ဝင်စားခဲ့ပါသည်။ ထိုသို့ စိတ်ဝင်စားမိသည့်အတွက် တမန်တော်မြတ် (ﷺ)၏ ထေရုပတ္တိကို မိမိလိုက်စားဆည်းပူးခဲ့သည်များအား မိမိနားလည်သည့်အတိုင်း မိမိ၏ စကားလုံးဖြင့် ဤစာတမ်းကို ရေးသားလိုက်ပါသည်။

ဤစာတမ်းကို ရေးသားပြုစုခြင်း၏ ကျေးဇူးအဟုန်ဖြင့် ကျွန်မသည် တမန်တော်မြတ် (ﷺ)၏ ရှဖာအသ် ဆုမြတ်ကို ရင်ဝယ်ပိုက်ရသူဖြစ်ပါစေသတည်း။ ကျွန်မ နှင့် တကွ စာဖတ် ပရိတ်သတ်တို့သည်လည်း တမန်တော်မြတ်(ﷺ)၏ အွမ္မတ်သားများ ဖြစ်ကြရပါစေသတည်း ။

မောင်လာနာ ဟာဖစ်ဇ် စိုင်ယစ်ဒ် ဟာစံရှား ၏သမီး

သျှားမဝေဝေ

တတိယနှစ် (ဓာတုဗေဒ)

ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်

နေ့စွဲ ။ ၂၃ ၊ ၃ ၊ ၁၉၈၂

မာတိကာ

စဉ်	အကြောင်းအရာ	စာ
၁	ကမ္ဘာ့ဥယျာဉ်ကြီးနှင့် ကမ္ဘာ့ဥယျာဉ်မှူး	၁
၂	တမန်တော်မြတ် (ﷺ) (Bible) ကျမ်း	၃
၃	တမန်တော်မြတ် (ﷺ) နှင့် ကုရ်အာန်ကျမ်းမြတ်	၃
၄	တမန်တော်မြတ် (ﷺ)မိမိအကြောင်းပြောပြ	၆
၅	တမန်တော်မြတ် (ﷺ)၏မျိုးနွယ်စဉ်ဆက်	၇
၆	တမန်တော်မြတ် မီးရှူးဖွားမြင်သန့်စင်တော်မူခြင်း	၇
၇	တမန်တော်မြတ် မိသက်ဆိုး ၊ ဖသက်ဆိုးဘဝ	၇
၈	ကိုယ်ချင်းစာ	၈
၉	ကလေးဘဝ	၉
၁၀	ဘိုးတော်အဗ္ဗဒုလ်မွတ္တလစ်က်	၁၀
၁၁	ဘကြီးတော် အဗူသွာလစ်ဗ်	၁၁
၁၂	ဆီရီးယားသို့လိုက်ပါသွားခဲ့ခြင်း	၁၂
၁၃	ဖီဂျာစစ်ပွဲ	၁၃
၁၄	ဟလဖွလ်ဖုဿူလ် ဂတိစာချုပ်	၁၄
၁၅	ကျောင်းတော်ပြဿနာ ဖြေရှင်းရာ ၊ စံနမူနာပါ	၁၅
၁၆	ကူးသန်းရောင်းဝယ်ရေး	၁၇

မာတိကာ

စဉ်	အကြောင်းအရာ	စာ
၁၇	အိမ်ထောင်ပြုခြင်း	၁၉
၁၈	တမန်တော်မြတ် (ﷺ) အဖြစ်ချီးမြှင့်ခြင်းခံရခြင်း	၂၀
၁၉	တမန်တော်မြတ် (ﷺ)၏ တရားဦး	၂၄
၂၀	သောင်ဟီးဒ်နှင့်လူမှုရေးတရား	၂၆
၂၁	ခက်ရာခက်ဆစ် တရားဟောခဲ့ရပုံ	၂၇
၂၂	ပထမဦးဆုံး မွတ်စလင်မ်များ	၂၇
၂၃	အလ္လာဟ်လမ်းတွင် အစ္စလာမ့်အတွက် ပထမ သွေးတစ်စက်	၂၈
၂၄	ပြတ်သားသော ဆုံးဖြတ်ချက်	၂၈
၂၅	တမန်တော်မြတ် (ﷺ) အား မြူဆွယ်ခြင်း	၃၀
၂၆	မွတ်စလင်မ်များအား ဒုက္ခပေးခြင်း	၃၃
၂၇	သာဝကကြီး ခဗ္ဗားဗ်အားနှိပ်စက်ခြင်း	၃၄
၂၈	သာဝကကြီး ဗိလားလ်အား နှိပ်စက်ခြင်း	၃၅
၂၉	သာဝကကြီး အမ္မာရ်အား နှိပ်စက်ခြင်း	၃၆
၃၀	စုမိုင်ယဟ်	၃၆
၃၁	သာဝကကြီး ယာဆိရ်	၃၇
၃၂	သာဝကကြီး ဆွဟိုက်ဗ်ရှူမီ	၃၇

မာတိကာ

စဉ်	အကြောင်းအရာ	စာ
၃၃	မျက်နှာကြီးများလည်း နှိပ်စက်ခံခဲ့ရခြင်း	၃၈
၃၄	သာဝကကြီး အွစ္စမားန် အနှိပ်စက်ခံခဲ့ရခြင်း	၃၈
၃၅	သာဝကကြီး အဗူဇရ် အနှိပ်စက်ခံခဲ့ရခြင်း	၃၉
၃၆	သာဝကကြီး ဇုဗိုင်းရ် ဗင်န် အေဝါမ် အနှိပ်စက် ခံရခြင်း	၃၉
၃၇	အီသီယိုးပီးယားနိုင်ငံသို့ ပထမအကြိမ် ဟစ်ဂျ်ရသ်ပြုခဲ့ခြင်း	၄၀
၃၈	မွတ်စလင်မ်တို့သည် ရောက်လေရာတွင် သစ္စာရှိခြင်း	၄၃
၃၉	မွတ်စလင်မ်တို့အား သပိတ်မှောက်ခြင်း	၄၄
၄၀	ဘကြီးတော်နှင့်ဇနီးကွယ်လွန်ရှာခြင်း	၄၆
၄၁	ဒုက္ခပို၍လာ	၄၇
၄၂	မက္ကာမှမက္ကင်း၍ သွာအစ်ဖ်သို့ခရီးလှန့်ပြန်	၄၇
၄၃	ကျောင်းတော်ကို ကြေကွဲစွာ တိုင်းကြားခြင်း	၅၃
၄၄	ဆောင်ရ်လှိုင်ဂူတွင် ခိုအောင်းခြင်း	၅၃
၄၅	တမန်တော်မြတ်အား ဖမ်းဆီးရန် ဆုကြေငြာခြင်း	၅၄

မာတိကာ

စဉ်	အကြောင်းအရာ	စာ
၄၆	တမန်တော်မြတ် (ﷺ) အား မြို့လုံးကျွတ်ကြို	၅၅
၄၇	ကုဗာသို့ရောက်ရှိသည့်နေ့	၅၇
၄၈	မဒီနာမြို့တွင်းသို့ ဝင်တော်မူခြင်း	၅၇
၄၉	အဗူအိုင်ယူဗ်အန်ဆွာရီ ၏ နေအိမ်တွင် တည်းခိုတော်မူခြင်း	၅၈
၅၀	မဒီနာမြို့တွင် ဗလီတည်ဆောက်တော်မူခြင်း	၅၉
၅၁	ညီနောင်ဖွဲ့ပေးတော်မူခြင်း	၅၉
၅၂	ရန်သူများက စစ်တိုက်ရန်ကြံစည်ခြင်း	၆၂
၅၃	ဗဒရ်စစ်ပွဲ	၆၃
၅၄	အုဟွဒ်စစ်ပွဲ	၆၆
၅၅	ခန်ဒတ်ကစ်စစ်ပွဲ	၆၈
၅၆	ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေးစာချုပ်	၇၂
၅၇	မက္ကာဟ်မြို့တော်ကို ပြန်လည်အောင်နိုင်ခြင်း	၇၆
၅၈	နောက်ဆုံးဟဂျ်	၈၁
၅၉	ကွယ်လွန်တော်မူရှာခြင်း	၈၇
၆၀	ရုပ်ဆင်းသဏ္ဍာန်နှင့်ဝတ်စားဆင်ယင်မှု	၈၉

ကမ္ဘာဥယျာဉ်ကြီးနှင့် ကမ္ဘာဥယျာဉ်မှူး

အလ္လာဟ်အရှင်မြတ်သည် ဆန်းကျယ်လှဘိသည့်၊ ပြီးပြည့်စုံလှဘိသည့်၊ လိုလေသေးဟူ၍ တစ်စုံတရာအလျဉ်း မရှိဘိသည့် ကမ္ဘာ့ဥယျာဉ်ကြီးကို အံ့ဖွယ်သူရဲ ဖန်ဆင်းထားတော်မူလေသည်။ ကမ္ဘာ့ဥယျာဉ်မှာ သာယာလျက်၊ ကမ္ဘာစက်ယန္တရားကြီးမှာ လှုပ်ရှားလျက် သီးပွင့်လျက်။ သို့တစေ. . ဥယျာဉ်မှူးကားမရှိသေးပေ။ ထိုရောအခါ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာ့ဥယျာဉ်မှူးအဖြစ် လူသားအားဖန်ဆင်းတော်မူသည်။ ဖခင်ကြီးအာဒမ်နှင့်မယ်တော်ဟဝါတို့မှအစ ယနေ့ကမ္ဘာမြေပြင်တွင် လှုပ်ရှားသွားလာလျက်ရှိကုန်ကြသော လူသားထုကြီးတစ်ရပ်လုံးမှာ ကမ္ဘာ့ဥယျာဉ်ကြီး၏ဥယျာဉ်မှူးများပင် ဖြစ်ကြပေသည်။

ကမ္ဘာ့ဥယျာဉ်ကြီးကား စတင်ဖြစ်ပေါ်လာသည့်နေ့မှစ၍ ယနေ့တိုင်ရပ်တည်လျက် စိုပြေလျက်၊ သီးပွင့်လျက်၊ သာယာလျက် ရှိပေသည်။ သို့တစေ - ဥယျာဉ်မှူးများဖြစ်ကြသော လူသားတို့မှာ မာန်မာနဘောင်လွှားကာ အချင်းချင်းအငြင်းပွားလျက် ကြီးနိုင်ငယ်ညှဉ်းပြုလျက် ထင်ရာဆိုင်းလျက်၊ မိုက်တွင်းနက်လျက်၊ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် မိုက်ပွဲကြီးများ ဆင်နွှဲလျက်ရှိခဲ့ကြပေသည်။ သို့တစေလည်း လူသားတို့အား သွန်သင်၊ ဆုံးမ၊ ပဲ့ပင်မည့်သူဟူ၍ကား တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ ထိုရောအခါ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား တရားဓမ္မဟောညွှန်ပြရန်အလို့ငှာ (နဗီ၊ ရစူလ်)တမန်တော်များအား ခေတ်တိုင်းတွင် လူသားတို့ထံ စေလွှတ်ပေးတော်မူခဲ့လေသည်။

အချို့ကျမ်းချက်များအရ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား တရားဓမ္မဟောကြားစိမ့်သောငှာ တမန်တော်အပေါင်း

တစ်သိန်းနှစ်သောင်းလေးထောင်ကျော်တို့အား စေလွှတ်တော်မူခဲ့သည်။ ယင်းတမန်တော်တို့တွင် ဖခင်ကြီးအာဒမ်မှအစ တမန်တော် အစ်ဒ်ရီးစ်၊ တမန်တော် နူးဟ်၊ တမန်တော် အစ်ဗ်ရာဟီးမ်၊ တမန်တော်အစ္စမာအီးလ်၊ တမန်တော် အစ္စဟာက်၊ တမန်တော် ယာအ်ကူဗ်(ခ)တမန်တော်အစ္စရာအီလ်၊ တမန်တော်ယူစွတ်ဖ်၊ တမန်တော် ဒါဝူးဒ်၊ တမန်တော် စိုလိုင်မာန်၊ တမန်တော် အိုင်ယူးဗ်၊ တမန်တော် ရှူ့အိုက်ဗ်၊ တမန်တော်မူစာ၊ တမန်တော် ဇကရိယာ၊ တမန်တော် ယာဟ်ယာ၊ တမန်တော် အီစာတို့မှာ တမန်တော်လောကတွင် တရားဓမ္မ၏ကြယ်ကြီးများသဖွယ် ထွန်းလင်းတောက်ပခဲ့ကြပေသည်။ အထူးကျော်ကြားခဲ့ကြပေသည်။ ယင်းတမန်တော်များသည် မိမိတို့ခေတ်များတွင် မိမိတို့အမျိုးသားများအား " **အစ္စလာမ်တည်း** " ဟူသောအလ္လာဟ်အရှင်မြတ်၏ဒေသနာတော်ကို သူ့ခေတ်၊ သူ့အခါ၊ သူ့ပတ်ဝန်းကျင်ကို ထောက်ထားကာ အသီးသီး ဟောကြားခဲ့ကြပေသည်။

နောက်ဆုံးတွင် ကမ္ဘာ့လူသားထုကြီးတစ်ရပ်လုံးအား ကမ္ဘာတစ်သက်၊ ခေတ်မရွေး၊ လူမျိုးမရွေး၊ ပတ်ဝန်းကျင်မရွေး၊ ခေတ်တိုင်း လူမျိုးတိုင်း၊ ပတ်ဝန်းကျင်တိုင်းနှင့်စပ်မိ၊ ဟက်မိသည့်တရားဒေသနာတော်များကို ဟောကြားညွှန်ပြရန်အလို့ငှာ တမန်တော်အပေါင်းတို့၏ အချုပ်၊ မကိုဋ်၊ သရဖူ၊ သချိုင်းထွတ် ထားဖြစ်တော်မူသော နှစ်ဘဝသခင် ကမ္ဘာ့ဂရုဏာရှင် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား နောက်ဆုံးတမန်တော်အဖြစ် ကမ္ဘာ့စံပြအဖြစ်စေလွှတ်တော်မူခဲ့ပေသည်။

ကျွန်ုပ်တို့သည် ထိုတမန်တော်မြတ်ကြီး၏(အွမ္မသ်)တပည့်သားများပင် ဖြစ်ကြပေသည်။ ဤသည် အတိုင်းမသိ ဝမ်းသာစရာပင် ဂုဏ်ယူစရာပင်။ ထိုသို့သော တမန်တော်မြတ်ကြီး၏ထေရူပတ္တိကို

ရေးသားရန်မှာကား ကျွန်မတို့လိုပညာနုနယ်သူများအဖို့ မလွယ်ကူပေ။ သို့ပင်တစေ ဤစာတမ်းငယ်တွင် ကျွန်မသည်အဆိုပါ တမန်တော်မြတ်ကြီး၏ ထေရုပက္ကို အကျဉ်းချုံး၍ မိမိလေ့လာဆည်းပူးထားသမျှ အနည်းငယ်ကိုရေးသားတင်ပြလိုပေသည်။

တမန်တော်မြတ်နှင့် (Bible)ကျမ်း

တမန်တော်မြတ်ပေါ်ထွန်းတော်မူမည့်အကြောင်း အတိတ်ခေတ် ကျမ်းဂန်များတွင်လည်း ပါရှိပေသည်။ လက်ရှိ (Bible)ကျမ်းတွင်ပင်ပါရှိပေသည်။

" သင်တို့ဘုရားသခင်ထာဝရဘုရားသည် သင်တို့ဆွေမျိုးသားချင်းတို့အနက်မှ သင်တို့နာယူရမည့် (Prophet)ကို ငါ (မူစာ)ကဲ့သို့ ပေါ်ထွန်းစေမည်။ "

ဓမ္မထပ်ဆင့်ကျမ်း (၁၈ : ၁၅)

" ငါ၊ ထာဝရဘုရားသခင်သည် သူတို့ဆွေမျိုးသားချင်းတို့အနက်(Prophet)ကို သင်(မူစာ)ကဲ့သို့ ပေါ်ထွန်းစေ၍ ဗျာဒိတ်တော်ချက်ကို သူ့နှုတ်တွင်ထည့်သွင်းမည့်အလျောက် မိန့်မှာမှုကို ဆင့်ဆိုလိမ့်မည်။ "

ဓမ္မထပ်ဆင့်ကျမ်း (၁၈ : ၁၈)

တမန်တော်မြတ်နှင့်ကုရ်အာန်ကျမ်းမြတ်

တမန်တော်မြတ်နှင့်ပတ်သတ်၍ ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသည့် အချို့မုကွာပါဌ်တော်များကိုလည်း တင်ပြလိုပေသည်။

قل يآ يها الناس إنى رسول اللّٰه إليكم

" အို - တမန်တော် အသင်ပြောကြားပါလေ။ အို - လူသား အပေါင်းတို့ မုချကေန်ငါသည် အသင်လူသားအားလုံးတို့ထံ စေလွှတ် ခြင်းခံရသော အလ္လာဟ့်တမန်တော်ဖြစ်သည်။ "

ကူရ်အာန်ကျမ်းမြတ် (၇ း ၁၅၈)

لقد منّ اللّٰه على المؤ منين إذبعث فيهم رسولا منهم يتلوا عليهم آيته ويزكّيهم ويعلمهم الكتاب والحكمة

" အလ္လာဟ်အရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်သူ တို့အပေါ်၌ ယင်းတို့ထံသို့ ယင်းတို့၏သားချင်းအနက်မှပင် တမန်တော် တစ်ပါးကို စေလွှတ်တော်မူ၍အတိုင်းမသိ ကြီးမားလှသောကျေးဇူး တော်ပြုခဲ့လေပြီး။ ထိုတမန်တော်သည် ယင်းတို့အား အတွင်း၊ အပြင်၊ (ရုပ်၊ နာမ်)စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပေးတော်မူသည်။ ယင်းတို့ အား ကုရ်အာန်ကျမ်းဂန်နှင့်တကွ နက်နဲသိမ်မွေ့လှသော ပညာရပ်များကို သင်ကြားပေးတော်မူသည်။ "

ကုရ်အာန်ကျမ်းမြတ် (၃ း ၁၆၄)

وما أرسلنك إلا كافة للناس بشيرا ونذيرا

" အို - တမန်တော် ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာ့လူသားထုကြီးတစ်ရပ်လုံးအား ကောင်းချီးသတင်းပေးသူအဖြစ် လည်းကောင်း၊ သတိပေးသူအဖြစ်လည်းကောင်း၊ စေလွှတ်တော်မူခြင်း သာ ဖြစ်သည်။ "

ကုရ်အာန်ကျမ်းမြတ် (၃၄ : ၂၈)

وما أرسلنك إلا رحمة للعالمين

" အို - တမန်တော် ငါအရှင်မြတ်သည် အသင့်အား စကြာဝဠာအပေါင်းကို မေတ္တာပွားရန်အလို့ငှာသာ စေလွှတ်တော်မူခြင်း ဖြစ်သည်။ "

ကုရ်အာန်ကျမ်းမြတ် (၂၁ : ၁၀၇)

لقد كان لكم فى رسول الله أسوة حسنة

(အို လူသားအပေါင်းတို့) အသင်တို့အဖို့ အလ္လာဟ်တမန် တော်၌ ကောင်းမွန်မြင့်မြတ်လှသော ပုံနမူနာများ အမှန်တကယ်ရှိပေ သည်။ "

ကုရ်အာန်ကျမ်းမြတ် (၃၃ : ၂၁)

တမန်တော်မြတ်ကမိမိအကြောင်းပြောပြ

တမန်တော်မြတ်ကိုယ်တော်တိုင်က မိမိပေါ်ထွန်းတော်မူရခြင်း အကြောင်းနှင့်ပတ်သက်၍ မိန့်ကြားတော်မူခဲ့သည့် အချို့သြဝါဒတော်များကိုလည်း တင်ပြလိုပေသည်။

" ငါသည် မေတ္တာအဖြစ်ပွင့်ပေါ်လာခြင်းဖြစ်သည်။ အမင်္ဂလာအဖြစ် ပွင့်ပေါ်လာခြင်းမဟုတ်။ "

(ဗုခါရီကျမ်း)

" ငါသည် ကောင်းမွန်မြင့်မြတ်လှသော ကိုယ်ကျင့်တရားများကို ပြီးပြည့်စုံအောင် ပြုလုပ်ရန်ပွင့်တော်မူလာခြင်းသာ ဖြစ်သည်။"

(ဗုခါရီကျမ်း)

တမန်တော်မြတ်၏မျိုးနွယ်စဉ်ဆက်

တမန်တော်မြတ်၏နာမတော်မှာ မုဟမ္မဒ်ဟူ၍ဖြစ်သည်။ ခမည်းတော်မှာ အဗ္ဗဒူလ္လာဟ်၊ ဘိုးတော်မှာ အဗ္ဗဒူလ်မွတ္တလစ်(ဗ)၊ ဘေးတော်မှာ ဟာရှင်မ်၊ ဘီတော်မှာ အဗ္ဗဒူလ်မုနာဖ်၊ ဘင်တော်မှာ ကုဆိုင်ယ်ဟူ၍ဖြစ်သည်။ တမန်တော်မြတ်၏မယ်တော်မှာ အာမေနာ သခင်မ ဖြစ်သည်။ ကုရိုက်ရှ်မျိုးနွယ်သည် အာရေဗျတိုင်းပြည်တွင် အမြင့်မြတ်ဆုံးမျိုးနွယ်ပင် ဖြစ်သည်။

တမန်တော်မြတ်မီးရှူးသန့်စင်ဖွားမြင်တော်မူခြင်း

တမန်တော်မြတ်မီးရှူးသန့်စင်ဖွားမြင်တော်မူခြင်းနှင့် ပတ်သက်၍ အီဂျစ်ပြည် နက္ခတ်တဗေဒပါရဂူ မဟ်မူဒ်ပါရှန်း ဖလကီ၏ သုတေသနပြုချက်အရ တမန်တော်မြတ်သည် ခရစ်သက္ကရာဇ် ၅၇၁-ခုနှစ်၊ ဧပြီလ ၂၀ရက်၊ တနင်္လာနေ့၊ ရဗီအုလ်အောင်ဝါလ်လ၊ ၉ရက်နေ့ ဖြစ်သည်။ အများမှတ်(စ)လင်မ်ဘို့ထံတွင်မူ ရဗီအုလ်အောင်ဝါလ် ၁၂ ရက် ဖြစ်သည်။

တမန်တော်မြတ်၏မိသက်ဆိုး၊ ဘသက်ဆိုးဘဝ

မယ်တော်အာမေနာသည် သားတော်(မုဟမ္မဒ်)ကို ကိုယ်ဝန်ဆောင်ထားသည့်အချိန်မှာပင် ခမည်းတော် အဗ္ဗဒူလ္လာဟ်မှာ ကွယ်လွန်သွားရှာခဲ့ပေသည်။ ဤသို့ဖြင့် တမန်တော်မြတ်ကြီးသည် မီးရှူးသန့်စင်ဖွားမြင်တော်မူလာသည့်အခါ ခမည်းတော်အား မမြင်လိုက်ရပေ။

ခမည့်တော်မှာလည်း သားတော်အား မြင်မသွားရှာပေ။ သနားစရာပင်။

မယ်တော်သည် သားတော်အား အစပထမတွင် မိမိကိုယ်တိုင်နို့တိုက်ခဲ့လေသည်။ ထို့နောက်တွင်မူ ထိုခေတ်ထိုအခါက ဂုဏ်သရေရှိ အာရပ်လူမျိုးတို့သည် ထုံးတမ်းစဉ်လာအရ မိမိတို့၏ကလေးများကို တောကျေးရှိနို့ထိန်းတော်များထံသို့ အပ်နှံလေ့ရှိခဲ့ပေသည်။ မယ်တော်သည်လည်း သားတော်အားကျေးတောမှ နို့ထိန်းထံ အပ်နှံခဲ့လေသည်။ နို့ထိန်းတော်ဟလီမာသည် တမန်တော်လောင်းလျာအား နို့ချိုတိုက်ကျွေးခဲ့လေသည်။

တမန်တော်လောင်းလျာ(၆)နှစ်သားဘဝသို့ ရောက်သောအခါ မယ်တော်သည်သားတော်ကို ခေါ်ဆောင်၍မဒီနာမြို့ရှိ သားချင်းများထံသို့ သွားခဲ့လေသည်။ မဒီနာမြို့တွင် တစ်လခန့်နေထိုင်ခဲ့ပြီး ပြန်လာသောအခါ အဗ်ဝါမည်သောနေရာတွင် နေထိုင်မကောင်းဖြစ်ပြီး ထိုနေရာတွင်ပင် ကွယ်လွန်သွားခဲ့ရှာလေသည်။ ဤသို့ဖြင့် တမန်တော်လောင်းလျာ(၆)နှစ်သား အရွယ်တွင်ပင် မိသက်ဆိုး၊ ဘသက်ဆိုးဖြစ်တော်မူခဲ့ရရှာလေသည်။ ကြေကွဲစရာပင်၊ သနားစရာပင်။

ကိုယ်ချင်းစာ

တမန်တော်မြတ်၏နို့ထိန်းတော် ဟလီမာသခင်မတွင် သားသမီး(၄)ယောက် ရှိခဲ့လေသည်။ (၁) အဗ္ဗဒူလ္လာဟ်၊ (၂) အနီဆာ၊ (၃) ဟုဇိုင်ဖာ၊ (၄) ဟဇ္ဇာဖာဟ် (ခ) ရှိမာ တို့ဖြစ်ကြသည်။ ယင်းတို့မှာ တမန်တော်မြတ်၏ နို့စို့ဘက်မောင်နှမများ ဖြစ်ကြလေသည်။ တမန်တော်မြတ်သည် နို့စို့အရွယ်ဘဝ၌ နို့ထိန်းတော်၏နို့ရည်ကြည်ကို သောက်သုံးတော်မူသည့်အခါ နို့တစ်ဖက်ကိုသာလျှင် သောက်သုံးတော်

မှု၍ ကျန်တစ်ဖက်ကို မိမိ၏နို့စို့ဘက်များအတွက် ချန်ထားတော်မူခဲ့လေသည်။

ဤသည်တမန်တော်မြတ်၏ဘဝတူချင်း ထောက်ထားစာနာမှုပင်။ ဤသည် မိသက်ဆိုး၊ ဘသက်ဆိုးနို့စို့အရွယ်ကလေးတို့အဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် သို့ ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မိသက်ဆိုး၊ ဘသက်ဆိုးဘဝဖြင့် ဖန်ဆင်းတော်မူခြင်းမှာ လူ့လောကတွင် အချုချာဆုံး၊ သနားစရာအကောင်းဆုံး၊ ကြင်နာစရာအကောင်းဆုံး၊ ပြုစုစရာအကောင်းဆုံးသော ခိုကိုးရာမဲ့တို့အား လက်တွေ့စံပြုအဖြစ် စာနာ၊ ထောက်ထား၊ သနားကြင်နာနိုင်ရန်အလို့ငှာသာ ဖြစ်တန်ရာပေသည်။ အလ္လာဟ်အရှင်မြတ်၏ဉာဏ်တော်ကား ကြီးမားလှပါပေ့တကား။

တမန်တော်မြတ်၏နို့ထိန်းတော်ဟာလီမာသခင်မ၏ ခင်ပွန်းဟာရစ်ဗင်န်အဗ္ဗဒုလ်အွဇ္ဇာ၊ နို့စို့ဘက်များဖြစ်ကြသော အဗ္ဗဒူလ်လာဟ်နှင့်ရှိမာတို့သည် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ခဲ့ကြပေသည်။ ဤသည်တမန်တော်မြတ်၏မိသက်ဆိုး၊ ဘသက်ဆိုးဘဝ၏ကျေးဇူးပင်။

တမန်တော်မြတ်၏ ကလေးဘဝ

တမန်တော်မြတ်လောင်းလျာသည် မယ်တော်နှင့်အတူ မဒီနာသို့လိုက်ပါ သွားခဲ့လေသည်။ လိုက်ပါသွားတော်မူခဲ့စဉ်က အဒီမျိုးနွယ်၏ နေထိုင်ရာဒေသတွင် မယ်တော်နှင့်အတူ ရပ်နားခဲ့သည်။ ထို

ဒေသတွင် ရေကန်တစ်ခုရှိသည်။ တမန်တော်လောင်းလျာသည် ထို ရေကန်တွင် ရေကစားတော်မူခဲ့လေသည်။

တမန်တော်မြတ်ကြီးပြင်း၍ ထိုရေကန်အနီး ရောက်ရှိတော်မူသည့်အခါ တမန်တော်မြတ်က " ငါငယ်ငယ်တုံးက ဒီရေကန်မှာ ရေကူးသင်ခဲ့တယ်။ ဒီရေကန်အနီးမှာဘဲ နိုဗိုဘက် နမကလေးဖြစ်တဲ့ အနီဆာတို့နဲ့အတူ ကစားလေ့ရှိခဲ့တယ် "ဟု ပြောပြ တော်မူခဲ့လေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်လောင်း လျာသည် ကလေးဘဝ၌ပင် ကျန်းမာရေးလိုက်စားတော်မူခဲ့ကြောင်း ဘဝတူများနှင့် ခင်မင်ရင်းနှီးစွာနေထိုင်တော်မူလေ့ရှိခဲ့ကြောင်း သိရှိခဲ့ရပေသည်။

ဤသည် ကလေးဘဝ ကစားဖော်၊ ကစားဖက်များအတွက် စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ်သို့ ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

ဘိုးတော်အဗ္ဗဒူလ် မွတ္တာလစ်ဗ်

မယ်တော်ကွယ်လွန်သွားတော်မူသည့်အခါ တမန်တော်လောင်းလျာအား၊ ဘိုးတော်အဗ္ဗဒူလ်မွတ်တလစ်ဗ်က မိမိထံခေါ်ယူပြီး ယုယစွာထိန်းသိမ်းစောင့်ရှောက်ပြုစုတော်မူခဲ့လေသည်။ အမြဲတစေ မိမိနှင့်အတူထားတော်မူခဲ့လေသည်။ ဘိုးတော်သည်အသက် (၈၂)နှစ်အရွယ်တွင် ကွယ်လွန်သွားရှာတော်မူခဲ့လေသည်။ ထိုအချိန်တွင် တမန်တော်လောင်းလျာ၏အသက်မှာ (၈)နှစ်သာရှိခဲ့ပေသည်။ ဤသို့ဖြင့် တမန်တော်လောင်းလျာသည် ခမည်းတော်၏အရိပ်၊ မယ်တော်၏အရိပ်၊

ဘိုးတော်၏အရိပ်တို့မှ ကင်းကွာခဲ့ရရှာလေသည်။ သနားစရာပင်။ ဘိုးတော်၏အလောင်းကို သဂြိုလ်မြှပ်နှံရန်အတွက် သင်္ချိုင်းသို့ ယူဆောင်သွားသည့်အခါ တမန်တော်လောင်းလျာသည် ဘိုးတော်၏ အလောင်းနောက်မှ ကြေကွဲစွာဖြင့် လှိုက်၍လှိုက်၍ ငိုကြွေးကာလိုက်ပါသွားခဲ့ရှာလေသည်။ တမန်တော်လောင်းလျာသည် ကလေးဘဝ၌ပင် သားချင်းတို့အပေါ်၌ ကြီးမားသောသံယောဇဉ် ထားတော်မူခဲ့ပေသည်။ ဤသည်လည်း သားချင်းတို့အဖို့ စံနမူနာယူစရာပင်။ (တမန်တော်မြတ် အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

ဘကြီးတော်အဗူသွာလစ်ဗ်

ဘိုးတော်အဗ္ဗဒုလ်မွတ္တာလစ်ဗ် ကွယ်လွန်တော်မူသည့်အခါ ဘကြီးတော်အဗူကွာလစ်ဗ်က တမန်တော်လောင်းလျာအား မိမိထံခေါ်ယူထားလိုက်လေသည်။ တမန်တော်လောင်းလျာအား မိမိ၏သားသမီးများထက်ပင် ပို၍ဂရုစိုက်တော်မူခဲ့လေသည်။ တမန်တော်လောင်းလျာသည် အသက်(၁၀)နှစ်(၁၁)နှစ် အရွယ်တွင် ဘကြီးတော်၏သားများနှင့်မတူ ဆိတ်များကို ကျောင်းတော်မူခဲ့လေသည်။ အာရေဗျပြည်တွင် ဆိတ်များ၊ သိုးများကို ကျောင်းခြင်းမှာ သေးသိမ်သောအလုပ်မဟုတ်ပေ။ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ကလေးများသည် သိုး၊ ဆိတ်များကို ကျောင်းလေ့ရှိခဲ့ကြပေသည်။ အမှန်မှာ ကမ္ဘာ့အိမ်ထောင်စုကြီး တစ်ခုလုံးကို ထိန်းကျောင်းမည့်ကမ္ဘာ့တမန်တော်အဖို့ ဤသည်ပမာဏအစပင် ဖြစ်သည်။

ဤသည်မွေးမြူရေးလုပ်သော လုပ်သားပြည်သူတို့အဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် သို့ ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

ဘကြီးတော်နှင့်အတူ ဆီးရီးယားသို့လိုက်ပါသွားခဲ့ခြင်း

ဘကြီးတော်သည် ကုန်သည်ကြီးတစ်ဦးဖြစ်ခဲ့ပေသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ကုန်သန်းရောင်းဝယ်ရန်အလို့ငှာ တစ်နှစ်တစ်ခါ ဆီးရီးယားပြည်သို့ ခရီးထွက်လေ့ရှိခဲ့ကြသည်။ တမန်တော်လောင်းလျာ၏အသက်မှာ (၁၂)နှစ်ခန့်သာ ရှိပေသည်။ ဘကြီးတော်သည် အစဉ်အလာအရ ဆီးရီးယားသို့ ခရီးထွက်ရန် စိတ်ကူးသည့်အခါ တမန်တော်လောင်းလျာအား အသက်ငယ်ရွယ်လှသည့်အတွက် ခရီးလမ်းတွင် ဒုက္ခဖြစ်မည်ကို စိုးရိမ်လှ၍ မိမိနှင့်အတူခေါ်ဆောင် မသွားလိုခဲ့ပေ။ သို့ရာတွင် တမန်တော်လောင်းလျာသည် ဘကြီးတော်စကာင်းဂရိုးထွက်သည့်အခါ ဘကြီးတော်အားဖက်၍ ငိုကြွေးလေတော့သည်။ ဘကြီးတော်သည်လည်း တူတော်မောင်စိတ်အားငယ်မည်ကို မလိုလားသည့်အသွင်၊ နောက်ဆုံးတွင် မိမိနှင့်အတူခေါ်ဆောင်သွားခဲ့လေသည်။ တမန်တော်မြတ်လောင်းလျာသည် အသက်ပင်ငယ်ရွယ်လင့်ကစား၊ လမ်းခရီးတစ်ခုလုံးတွင် ဘကြီးတော်အားကောင်းစွာပြုစုခဲ့လေသည်။ ကလေးဘဝ၌ပင် ကုန်သန်းရောင်းဝယ်မှုတွင် စိတ်ဝင်စားခဲ့ပေသည်။

ဤသည်ကုန်သန်းရောင်းဝယ်သော လုပ်သားပြည်သူတို့အဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် သို့ ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

မိဂျာစစ်ပွဲ

အာရပ်လူမျိုးတို့သည် စစ်ဝါဒီများဖြစ်ခဲ့ကြပေသည်။ အတောမသတ်သော စစ်ပွဲများရှိခဲ့ကြပေသည်။ တစ်ချိန်တွင် ကုရိုက်ရှ်မျိုးနွယ်နှင့် ကိုက်စ်မျိုးနွယ်ကြား စစ်ဖြစ်ခဲ့ကြသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်အားလုံးပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဟာရှင်မ်မျိုးနွယ်၏အလံကိုင်မှာ ဇူဗိုင်လ် ဗင်န် အဗ္ဗဒူလ်မွတ္တလစ်ဗ် ဖြစ်သည်။ တမန်တော်လောင်းလျာသည်လည်း အလံကိုင်ဇူဗိုင်လ်နှင့် ရင်ဘောင်တန်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဤစစ်ပွဲတွင် ပထမဦးကိုက်စ်မျိုးနွယ်က စစ်ရေးသာခဲ့သည်။ နောက်ဆုံးတွင် စစ်ပြေငြိမ်းလိုက်သည်။

ဤစစ်ပွဲတွင် ကုရိုက်ရှ်မျိုးနွယ်၏ ရပ်တည်ချက်မှာ မှန်ကန်သည်။ မျိုးနွယ်၏ ဂုဏ်သိက္ခာအရေးတော်ဖြစ်သည်။ ထို့အတွက်ကြောင့် တမန်တော်လောင်းလျာသည်လည်း အမျိုးထိမခိုအောင် နာလှသည့်အတွက် လူငယ်ဘဝဦးပင် မိမိအမျိုးဘက်မှ ပါဝင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဤသည် တိုင်းချစ်၊ ပြည်ချစ်၊ သာသနာချစ်လူငယ်များအဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် သို့ ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

ဟာလဗွလ်မှုသူလ်ဂတိစာချုပ်

အာရေဗျပြည်တွင် အတောမသတ်သော စစ်ပွဲများကြောင့် လူအများအပြား သေကြေပျက်စီးလျက်ရှိခဲ့ပေသည်။ သတ်ဖြတ်မှု၊ ရက်စက်မှုတို့သည် အမွေပစ္စည်းပမာ၊ ရိုးတွင်းချဉ်ဆီတွင် စွဲကပ်လျက်ရှိပေသည်။ ဤသည့်အဖြစ်ဆိုးကို ရင်နင့်ဘွယ်တွေ့ရှိလာသည့်အခါ၊ အချို့ပုဂ္ဂိုလ်တို့၏ နှလုံးသားတွင် ဤအဖြစ်ဆိုးကို ပြုပြင်ရန်အတွေးများပေါ်ပေါက်လာခဲ့ပေသည်။

ဖိဂျာစစ်ပွဲမှ ပြန်လာကြသောအခါ ဘကြီးတော် ဇုဗိုင်ရ်ဗင်န် အဗ္ဗဒူလ်မွတ္တလစ်ဗ်က ဤသည့်အတွေးအခေါ်ကို တင်ပြရာ၊ ဟာရှင်မ် မျိုးနွယ်၊ ဇုဟာရ်မျိုးနွယ်နှင့် တိုင်မ်မျိုးနွယ်တို့သည် အဗ္ဗဒူလ္လာဗင်န်ဂျုဒအာန် အိမ်တွင် စုရုံးခဲ့ကြလေသည်။ ထို့နောက် အောက်ပါအတိုင်း ဂတိစာချုပ် ပြုလုပ်ခဲ့ကြလေသည်။

" ငါတို့အနက်၊ လူတိုင်းသည်စော်ကားခြင်းခံရသူတိုင်းအား ကာကွယ်မည်။ မက္ကာမြို့တွင် စော်ကားသူတစ်ဦးတစ်ယောက်ကိုမျှ နေခွင့်မပြုရ။ "

တမန်တော်လောင်းလျာသည် အဆိုပါစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့ပေသည်။ တမန်တော်မြတ်သည် တမန်တော်မြတ်အဖြစ် ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် ဤစာချုပ်ကိုငါအလွန်မြတ်နိုးသည်။

ဤဂုဏ်တော်စာချုပ်အစား ငါ့အားနိမ့်မြင့်သော ကုလားအုပ်များပေးခြင်း ခံရပါကလည်း ငါပြောင်းလဲမည်မဟုတ်။ ယနေ့လည်း ဤစာချုပ်မျိုး ချုပ်ဆိုရန် တစ်ဦးတစ်ယောက်က ငါ့အားဖိတ်ခေါ်ပါက ငါပါဝင်ရန် အသင့်ရှိသည် ဟု မိန့်ကြားတော်မူလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ် သည် လူငယ်ဘဝ၌ပင် သူတစ်ပါးအားစော်ကားခြင်းကို အတိုင်းမသိ စက်ဆုပ်ရွံရှာတော်မူခဲ့ပေသည်။ ဤသည်အစော်ကားခံ၊ အပယ်ခံ၊ အနှိမ်ခံနင်းပြားတို့အဖို့ အားထားစရာပင်။ စံနမူနာယူစရာပင်။ (တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက် ပါစေသတည်း။)

ကျောင်းတော်ပြဿနာဖြေရှင်းပေးခဲ့ရာ၊ စံနမူနာယူစရာပါ

ကအ်ဗာကျောင်းတော်သည် မြေနိမ့်တွင် တည်ရှိပေသည်။ မိုးရာသီတွင် ကျောင်းတော်တွင်းသို့ ရေများဝင်လေ့ရှိသည်။ ရေမဝင်ရန် အတားအဆီးများပြုလုပ်ခဲ့သော်လည်း မကြာခဏပျက်စီးသွားခဲ့ပေသည်။ ထို့အတွက်ကျောင်းတော်၏လက်ရှိ အဆောက်အဦးကို ဖြို၍အသစ် ပြန်လည်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းအားလျော်စွာ ဂျစ်ဒါဆိပ်ကမ်းတွင် သင်္ဘောတစ်စင်း ပျက်စီးသွားခဲ့ရာ အဆိုပါသင်္ဘော မှ သစ်သားများကို ဝယ်ယူခဲ့ကြသည်။ ထို့နောက် အာရပ်မျိုးနွယ်ဝင် အားလုံးတို့သည် ကျောင်းတော်ကိုပြန်လည်မွမ်းမံတည်ဆောက်ခဲ့ကြလေ သည်။ ကျောင်းတော်တွင် (ဟဂျရီအတ်(စ)ဝါဒ်)ကျောက်နက်ကို တပ် ဆင်ရန် အချိန်ကျရောက်လသောအခါ အာရပ်မျိုးနွယ်တိုင်း ဤအခွင့် အရေး ကို ရ ယူလိုခဲ့ကြသည်။ နောက်ဆုံးတွင် တုတ်တပြက်၊ ဓါးတပြက် ဖြစ်လာ ခဲ့ကြသည်။

အာရေဗျတိုင်းပြည်တွင် အသက်ပေးရန် ကျိန်ဆိုသည့်အခါ ခွက်တစ်ခုတွင် သွေးများကိုဖြည့်၍ လက်ချောင်းများကို နှစ်လေ့ရှိသည်။ ထိုအချိန်တွင်လည်း အချို့မျိုးနွယ်များက အထက်ပါအတိုင်း မိမိတို့၏ လက်များကို သွေးခွက်တွင်နှစ်ခဲ့ကြလေသည်။ ပြဿနာကား တစ်နေ့ တစ်ခြားကြီးမားလာခဲ့သည်။ အာရဗ်မျိုးနွယ်တိုင်း သွေးဆာလျက် ရှိနေခဲ့ချေပြီ။ (၄)ရက်တိုင်တိုင် ကြာညောင်းလာခဲ့ပေပြီ။ ပြဿနာကားမရှင်းသေးပေ။ ပဉ္စမမြောက်နေ့တွင် ကူရိုက်ရှ် မျိုးနွယ်ဝင်တစ်ဦးဖြစ်သည့် အသက်အရွယ်အားဖြင့် အကြီးဆုံးဖြစ်သော အဗူအုမိုင်ယာက အဆိုပါ လိပ်ခဲတင်းတင်းဖြစ်နေသော ပြဿနာနှင့်ပတ်သက်၍ နက်ဖြန်နံနက်မိုးသောက်ချိန်တွင် ကျောင်းတော်တွင်းသို့ ပထမဦးဆုံးရောက်ရှိလာသူအား ခုံတင်ရမည်ဟူ၍ အကြံပြုခဲ့လေသည်။ ၎င်းအကြံကို မျိုးနွယ်အားလုံးတို့က လက်ခံခဲ့ကြသည်။

အကြောင်းအားလျော်စွာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် နံနက်မိုးသောက်သောအခါ တမန်တော်လောင်းလျာ မုဟမ္မဒ် (ဆွလလ္လာဟုအလိုင်ဟေ့ဝစလ္လာမ်)သည် ကအ်ဗာကျောင်းတော်တွင်းသို့ အံ့ဘွယ်သူရဲရောက်ရှိလာတော်မူပေသည်။ တမန်တော်လောင်းလျာသည် ထိုအခွင့်အရေးကို တစ်ဦးတစ်ယောက်တည်း ခံစားနိုင်သော်လည်း မခံစားခဲ့ပေ။ မျိုးနွယ်တိုင်းမှ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေတော်မူသည်။ ထို့နောက် စောင်ပိုင်းကြီးတစ်ခုကို ဖြန့်ခင်းစေတော် မူ၍ အလယ်တွင် ကျောက်နက်ကိုချထားတော်မူလိုက်သည်။ ထို့နောက် ကိုယ်စားလှယ်အသီးသီးတို့အား စောင်ပိုင်းစကို လေးဘက်လေးတန်းမှ ဆွဲကိုင်စေတော်မူသည်။ ကျောက်နက်တပ်ဆင်ရမည့်နေရာသို့ ရောက်ရှိခဲ့ကြသည့်အခါ တမန်တော်လောင်းလျာသည် အဆိုပါကျောက်နက်ကို မိမိလက်ဖြင့်မ၍ သက်ဆိုင်ရာနေရာတွင် တပ်ဆင်တော်မူလိုက်လေ

သည်။ ဤသို့ဖြင့် သွေး ထွက်သံယိုဖြစ်အံ့ဆဲဆဲ ပြဿနာကြီးတစ်ရပ်ကို အမြော်အမြင်ကြီးစွာဖြင့် မျှမျှတတ၊ ဖြေရှင်းပေးတော် မူလိုက်လေသည်။

ဤသည်ကမ္ဘာ့ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် ပေါ်ထွန်းလာသည့် ကမ္ဘာ့တမန်တော်၏ ပြဿနာဖြေရှင်းပုံတစ်နည်းပင်။ ဤသည်မှာ တရားသူကြီးများအဖို့ စံနမူနာယူစရာပင်။ (တမန်တော်မြတ်အပေါ် သို့ ကောင်းချီးအဖြာဖြာသက်ရောက်ပါစေသတည်။)

ကူးသန်းရောင်းဝယ်ရေး

အာရပ်လူမျိုးများ၊ အထူးသဖြင့်ကူရိုက်ရှ် မျိုးနွယ်ဝင်များသည် အစ္စလာမ်သာသနာမထွန်းကားမီကပင် ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ခဲ့ကြသည်။ တမန်တော်မြတ်၏ဘေးတော်ကြီး ဟာရှင်မ်သည်လည်း ကုန်သည်ကြီးပင်ဖြစ်ခဲ့လေသည်။ တမန်တော်လောင်းလျာသည် အရွယ်ရောက်လာသောအခါ မိမိစားဝတ်နေရေးအတွက် ကူးသန်းရောင်းဝယ်မှုကိုပင် ရွေးချယ်ခဲ့လေသည်။

တမန်တော်လောင်းလျာသည် ဘကြီးတော်အဗူတွာလစ်ဗ်နှင့်အတူ ငယ်ရွယ်စဉ်ကပင် ကူးသန်းရောင်းဝယ်ရေးခရီးများတွင် အကြိမ် ကြိမ်လိုက်ပါသွားခဲ့ဖူးပေသည်။ ယင်းသို့ဖြင့် ရောင်းဝယ်မှုတွင် ဗဟုသုတ အပြည့်အဝ ရရှိခဲ့သည်။ ရောင်းဝယ်မှုတွင် တမန်တော်လောင်းလျာ၏ ပြေပြစ်စွာဆက်ဆံမှု၊ ရိုးသားမှု၊ ဂတိတည်မှု၊ မှန်ကန်မှု၊ မျှတမှု၊ သစ္စာရှိမှု၊ အမြတ်ကြီးမစားမှု၊ ပြတ်သားမှု တို့သည် ကစ်နေ့တစ်ခြားကျော်ကြား လာခဲ့ပေသည်။ လူများသည် တမန်တော်လောင်းလျာ၏ အဆိုပါအရည် အသွေးများကို တွေ့မြင်လာကြသည့်အခါ အရောင်းအဝယ် ပြုလုပ်လာ ကြသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် ဂတိတည်မှုတည်မှုသည်အဓိက သော့ချက်ဖြစ်သည်။ တမန်တော်လောင်းလျာ၌ ဤဂတိတည်မှုသည် ရာနှုန်းပြည့် အပြည့်အဝရှိသည်။ ကုန်သည်ကြီး အစ်ဗ်နို့ အဗေ့လ်ဟမ်ဇာ (နောင်တွင် သာဝကကြီးတစ်ပါး ဖြစ်လာခဲ့ပေသည်။) ကျွန်ုပ်သည် တမန် တော်လောင်းလျာနှင့် အကြိမ်ကြိမ် အရောင်းအဝယ် ပြုလုပ်ခဲ့ပေသည်။ တစ်ကြိမ်သော် . . အရောင်းအဝယ် ပြုလုပ်ရာ အချို့တဝက်ပြီးစီးနေပြီး၊ အချို့တစ်ဝက် ကျန်သေးသည်။ ထိုအခါ ကျွန်ုပ်က တမန်တော် လောင်းလျာအား "ကျွန်ုပ်ပြန်လာခဲ့ပါမည်" ဟု ဂတိပြုမိခဲ့သည်။ မိမိပြုထားသည့် ဂတိကိုမေ့နေခဲ့သည်။ တတိယနေ့တွင် သိရ၍ ဂတိ ပြုထားခဲ့ရာသို့ ရောက်ရှိသွားသောအခါ တမန်တော် လောင်းလျာသည် အဆိုပါနေရာတွင် မိမိအားစောင့်မျှော်နေသည်ကို အသင့်တွေ့ရှိခဲ့ပါ သည်။ မိမိဂတိပျက်မှုကြောင့် တမန်တော်လောင်းလျာ၏ မျက်နှာ၌ မကျေနပ်သည့် မည်သည့်အမူအရာကိုမျှ မတွေ့ရခဲ့ပါ။ တမန်တော် လောင်းလျာက "ကျွန်ုပ်သည် အသင်ပြန်လာမည်ဟု ပြောဆိုခဲ့သည့် အတွက် ဤနေရာတွင် စောင့်မျှော်နေခဲ့သည်မှာ (၃)ရက် ရှိပြီ" ဟူ၍သာ ပြောလိုက်လေသည်။ တမန်တော်လောင်းလျာ၏ ဂတိတည်ကြည်မှု ကား အံ့ဘွယ်ရာပင်။

ဤသည် ကုန်သည်လောကအဖို့ စံနမူနာယူစရာပင်။ (တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါ စေသတည်း။)

အိမ်ထောင်ပြုခြင်း

တမန်တော်လောင်းလျာသည် အသက်(၂၅)နှစ်ရှိချေပြီ။ ကူးသန်းရောင်းဝယ်မှုကြောင့် ပြည်တွင်းပြည်ပ အပေါင်းအသင်း၊ ရောင်းရင်းများပေါများလျက်ရှိချေပြီ။ တမန်တော်လောင်းလျာ၏ ရိုးသားမှု၊ မှန်ကန်မှု၊ သစ္စာရှိမှု၊ ဂတိတည်မှု၊ ပြေပြစ်သောဆက်ဆံမှု၊ ကောင်းမြတ်သောကိုယ်ကျင့် တရားများမှာ ပြည်တွင်းပြည်ပ ကျော်ကြားလျက်ရှိပေသည်။ အများက တမန်တော်လောင်းလျာအား (အမီးန်) "ကိုသစ္စာ" ဟူ၍ပင် ကင်ပွန်းတပ်ခဲ့ကြလေသည်။ ထိုအခါ ခတီဂျာသခင်မကလည်း မိမိ၏ပစ္စည်းများကို ဆီးရီးယားနိုင်ငံသို့ သယ်ဆောင်ရောင်းချပေးပါမည့် အကြောင်း အမြတ်အစွန်းကို သူတစ်ပါးထက်နှစ်ဆပိုပေးပါမည် မေတ္တာရပ်ခံရာ၊ တမန်တော်လောင်းလျာက လက်ခံသဘောတူခဲ့လေသည်။ ထိုသို့ သဘောတူညီပြီးနောက် ကုန်ပစ္စည်းများကို ယူဆောင်၍ ဗဆွရာမြို့သို့ ခရီးထွက်ခဲ့လေသည်။

ခရီးမှပြန်လာသည့်အခါ ခတီဂျာသခင်မက မိမိနှင့် ထိမ်းမြားရန်စကား ကမ်းလှမ်းခဲ့လေသည်။ သတ်မှတ်ထားသော မင်္ဂလာနေ့ရက်တွင် ဘကြီးတော် အဗူတွာလစ်ဗ်နှင့် သားချင်းများတို့ ခတီဂျာသခင်မ အိမ်သို့ ရောက်ရှိလာကြလေသည်။ ဘကြီးတော် အဗူတွာလစ်ဗ်က မင်္ဂလာစာတမ်းဖတ်ကြားပြီးဦးဆောင်ထိမ်းမြားပေးခဲ့လေသည်။ မင်္ဂလာခန်းဝင်ပစ္စည်းအဖြစ် ရွှေဒင်္ဂါး ၅၀၀ တင်ခဲ့လေသည်။ တမန်တော်လောင်းလျာသည် ခတီဂျာသခင်မအား အတိုင်းမသိ ချစ်မြတ်နိုးခဲ့သည်။ ခတီဂျာသခင်မကလည်း တမန်တော်လောင်းလျာအား အသက်တမျှ ချစ်မြတ်နိုးခဲ့သည်။ အေးအတူ၊ ပူအမျှ၊ သေတပန်၊ သက်တဆုံး၊ အရေးကိစ္စအဝဝတွင် ခင်ပွန်းသည်အား ကူညီကာ၊ ရိုးမြေကျပေါင်းသင်း

သွားခဲ့လေသည်။ တမန်တော်မြတ်သည် ခင်ပွန်းကောင်းပီသ တော်မူပါပေသည်။ ခတီဂျာသခင်မသည်လည်း ကြင်ယာကောင်း ပီသတော်မူပါပေသည်။

ဤသည် ဇနီးမောင်နှံတို့အဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် သို့ ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

တမန်တော်အဖြစ် ချီးမြှင့်တော်မူခြင်း ခံရခြင်း

တမန်တော်လောင်းလျာသည် ခတီဂျဟ်သခင်မနှင့် ထိမ်းမြားပြီး၊ (၁၅)နှစ်ရှိသောအခါ၊ တနည်း သက်တော် (၄၀) ရှိသောအခါ မက္ကာမြို့တော်နှင့် (၃)မိုင်အကွာရှိ ဟီရာလှိုဏ်ဂူသို့ သွားရောက်၍ တရားအားထုတ်တော်မူလေ့ရှိသည်။ လောကဓါတ်ကြီး၏ အံ့ဖွယ်သရဲတည်ရှိပုံ၊ လှုပ်ရှားပုံ၊ ဖြစ်ပျက်ပုံတို့ကို စဉ်စားဆင်ခြင် တွေးတောတော်မူ၏။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်း၊ ဝဟီစတင်ကျရောက်ခဲ့ခြင်းအခန်းတွင် အောက်ပါအတိုင်း အကျယ်တဝင့်တွေ့ရှိရပေသည်။

"အာအေရှဟ်သခင်မမှတဆင့် ပြောပြသည်မှာ - တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လာမ်) ထံသို့ ဝဟီတော်ကျရောက်ခဲ့ခြင်း၏အစမှာ မှန်ကန်သော အိပ်မက်မက်ခြင်းပင် ဖြစ်သည်။ အိပ်မက်တွင် တမန်တော်မြင်ပက်တော်မူသော အရာသည် နံနက်လင်းရောင်ခြည်ကဲ့သို့ ထင်ထင်ရှားရှားပေါ်ပေါက်လာခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်၌ တကိုယ်ထီး တိတ်ဆိတ်ငြိမ်သက်စွာ နေလိုင်လိုစိတ်ဖြစ်ပေါ်လာခဲ့ပေရာ တမန်တော်မြတ်သည် စားဖွယ်၊ သောက်ဖွယ်များကို

ယူဆောင်ပြီး၊ "ဟိရာ" လိုဏ်ဂူသို့ကြွသွားတော်မူ၍ ထိုလိုဏ်ဂူ၌ပင် "အေဗာဒတ်" တရားအားထုတ်တော်မူလေ့ရှိ၏။ စားဘွယ်၊ သောက်ဖွယ် များ ကုန်သွားသောအခါ မိမိအိမ်သို့ ပြန်ကြွလာတော်မူပြီး ယခင်ကဲ့သို့ပင် စားဘွယ်သောက်ဘွယ်များ ဆောင်၍ ပြန်ကြွသွား တော်မူ၏။ ယခင်အတိုင်း တရားအားထုတ်တော်မူပြန်၏။ ဤသို့ဖြင့် နောက်ဆုံးတွင် အမှန်တရားသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာ ခဲ့၏။ ရောက်ရှိလာပုံမှာ - တမန်တော်မြတ်သည် "ဟိရာ" လိုဏ်ဂူအတွင်း ရှိနေတော်မူစဉ် ကောင်းကင်တမန်သည် တမန်တော်မြတ်ထံ ရောက်ရှိ လာပြီး "အသင်ရွတ်ဖတ်ပါ" ဟု လျှောက်တင်လေသည်။ တမန်တော် မြတ်က "ကျွန်ုပ်ရေးတတ်၊ ဖတ်တတ်သူမဟုတ်ပါ" ဟု ဖြေကြားတော် မူ၏။ ထိုအခါ ကောင်းကင်တမန်သည် တမန်တော်မြတ်အား တမန်တော်မြတ် မောပမ်းသွားတော်မူသည့်တိုင်အောင် ပွေ့ဖက်ဖျစ်ညှစ် ပြီး လွှတ်လိုက်၏။ ထို့နောက် တမန်တော်မြတ်အား "အသင်ဖတ်ပါ" ဟု လျှောက်ထားပြန်၏။ ထိုအခါ တမန်တော်မြတ်က "ကျွန်ုပ်ရေးတတ် ဖတ်တတ်သူမဟုတ်ပါ" ဟု ဖြေကြားတော်မူ၏။ ထို့နောက် ကောင်းကင် တမန်သည် တမန်တော်မြတ်အား ဒုတိယအကြိမ် တမန်တော်မြတ် မောပမ်းသွားတော်မူသည့်တိုင်အောင် ပွေ့ဖက်ဖျစ်ညှစ်၍ လွှတ်လိုက်၏။ ထို့နောက် "အသင်ရွတ်ဖတ်ပါ" ဟုလျှောက်ထားပြန်၏။ တမန်တော်မြတ် က "ကျွန်ုပ်ရေးတတ် ဖတ်တတ်သူ မဟုတ်ပါ" ဟု ဖြေကြားတော်မူ၏။ ထိုအခါ ကောင်းကင်တမန်သည် တမန်တော်မြတ်အား တတိယအကြိမ် တမန်တော်မြတ်အား မောပမ်းသွားတော်မူသည့်တိုင်အောင် ပွေ့ဖက် ဖျစ်ညှစ်၍ ပြန်လွှတ်လိုက်ပြီး အောက်ပါ အာယသ်တော်ကို ရွတ်ဖတ် သရဇ္ဈယ်ရန် လျှောက်ထားလေသည်။

အသင်သည် လောကဓါတ်ကြီးကို ဖန်ဆင်းတော်မူသော မိမိအရှင်၏ နာမတော်ဖြင့် ရွတ်ဖတ်ပါလေ။ ထိုအရှင်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူ၏။ အသင်ဖတ်ပါ။

အသင်၏အရှင်သည် ရက်ရောတော်မူလှ၏။ ထိုအရှင်သည် ကလောင်တံဖြင့် သင်ကြားပြသတော်မူ၏။ ထိုအရှင်သည် လူသားအား၊ ထိုလူသားမသိသောအရာများကို သင်ကြားပြသတော်မူ၏။ *(ကုရ်အာန်ကျမ်းမြတ် - ၉၆ း ၁ - ၅)*

ထို့နောက် တမန်တော်မြတ်သည် စိတ်ခြောက်ခြားလျက် ခိုဝိုင်လစ်ဒ်၏သမီး ခတီဂျဟ်သခင်မထံ ပြန်ကြွသွားတော်မူပြီး "ကျွန်ုပ်အားစောင်ခြုံပေးကြပါ၊ ကျွန်ုပ်အားစောင်ခြုံပေးကြပါ" ဟု ပြောတော်မူရာ၊ အိမ်သူအိမ်သားများက တမန်တော်မြတ်အား စောင်ခြုံပေးလိုက်ကြ၏။

နောက်ဆုံးတွင် တမန်တော်မြတ်ထံမှ တုန်လှုပ်ခြောက်ခြားမှု ပျောက်ကွယ်သွားသည့်အခါ မိမိတွေ့ကြုံခဲ့သည့် အဖြစ်အပျက်များကို ခတီဂျဟ်သခင်မအား ပြောပြပြီး၊ "ကျွန်ုပ်သည် မိမိ၏အသက်ကို စိုးရိမ်မိပါသည်" ဟု ပြောကြားတော်မူ၏။ ထိုအခါ ခတီဂျဟ်သခင်မက -

"ဤသို့စိုးရိမ်ရန် အလျဉ်းမရှိပါ။ အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ပြောပါရစေ။ အလ္လာဟ်အရှင်မြတ်သည် အမောင့်အား အဘယ်သောအခါ၌မျှ ဂုဏ်သရေနိမ့်ကျအောင် ပြုတော်မူမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်- အမောင်သည် ဆွေမျိုးသားချင်းတို့အား စောင့်ရှောက်ကြည့်ရှုပါသည်။ သူတပါးတို့၏ ဝန်ကိုလည်းကူညီထောက်ပံ့ပါသည်။ ဧည့်သည်အာဂန္တုများအားလည်း ဧည့်ဝတ်ကျေပွန်စွာပြုစုပါသည်။ ပြဿနာများတွင်လည်း အမှန်ကိုသာ အားပေးပါသည်။ နှစ်သိမ့်စကားပြောကြားလေသည်။

ထို့နောက် ခတီဂျဟ်သခင်မသည် မိမိ၏အစ်ကိုဝမ်းကွဲဖြစ်သော ဝရကဟ်အစ်ဗ်ုနောင်ဖလ်ထံသို့ ခေါ်ဆောင်သွား၏၊ ဝရကဟ်သည် (အစ္စလာမ်သာသနာ မထွန်းကားမီ) အမိုက်ခေတ်တွင် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားခဲ့၏။ ယင်းပုဂ္ဂိုလ်သည် " အစ်ဗ်ရာနီ" ဟီဗရူးဘာသာစာပေကို ကောင်းစွာတတ်ကျွမ်း၏။ "အင်န်ဂျီလ်" ကျမ်းကို ဟီဗရူးဘာသာစာပေဖြင့် ရေးသားလေ့ရှိ၏။ ထိုအချိန်တွင် ယင်းပုဂ္ဂိုလ်သည် အသက်အရွယ် အိုမင်းရင့်ရော်လျက်ရှိချေပြီ။ မျက်စိလည်းကွယ်လျက်ရှိချေပြီ။

ခတီဂျဟ်သခင်မက ထိုပုဂ္ဂိုလ်ကြီးအား "အိုဘကြီးတော်၏သား၊ မိမိ၏တူတော်မောင်၏ စကားများကို နားထောင်ပါဦး" ဟုပြောရာ၊ ပုဂ္ဂိုလ်ကြီးက "အို တူတော်မောင်၊ အသင်ဘာများ တွေ့မြင်ခဲ့သနည်း" ဟုမေးလေ၏။ တမန်တော်မြတ်က မိမိ၏ဖြစ်စဉ်ကို ပြောပြတော်မူ၏။ ထိုပုဂ္ဂိုလ်ကြီးက "ဤကောင်းကင်တမန်သည် တမန်တော်မူစာထံသို့ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူခဲ့သော ကောင်းကင်တမန်ပင်ဖြစ်သည်။ အကယ်၍များ ထိုအချိန်တွင် (ဝါ) အသင်၏ နဗီဖြစ်နေချိန်တွင် ကျွန်ုပ်နုပျိုသူဖြစ်နေပါသော်၊ အသင့်အား၊ အသင်၏အမျိုးသားများက နှင်ထုတ်ချိန်တွင် ကျွန်ုပ်အသက် ထင်ရှားရှိနေရသော်ကောင်းစွ" ဟု တောင်းတ၏။ တမန်တော်မြတ်က ကျွန်ုပ်၏ အမျိုးသားများသည် ကျွန်ုပ်အား နှင်ထုတ်ကြမည်လော" ဟု မေးရာ၊ ထိုပုဂ္ဂိုလ်ကြီးက "ဟုတ်ပါ့၊ ယခုတူတော်မောင် ချီးမြှင့်ခြင်းခံရသော တရားဒေသနာတော်များကို ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်တိုင်းသည် အမြဲတစေမုန်းတီးခြင်းခံရသည်သာ ဖြစ်သည်။ ကျွန်ုပ်သည် အမောင်၏ ခေတ်ကိုမှီသော် အမောင့်အား လေးလေးနက်နက် ထောက်ခံအားပေးပါမည်"

ဟု ဖြေကြားလေသည်။ ထိုနောက်သော် ထိုပုဂ္ဂိုလ်ကြီးသည် မကြာမီ အတွင်းမှာပင် ကွယ်လွန်သွားခဲ့၏။ ၎င်းနောက် ဝဟီလည်း အတန်ကြာ ရပ်စဲသွားခဲ့၏။

(ဗုခါရီကျမ်း)

ဤသည် တမန်တော်လောင်းလျာအား အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်အဖြစ် တရားဝင်ချီးမြှင့်တော်မူခြင်းပင် ဖြစ်ပေသည်။ တမန်တော်မြတ်သည် ထိုနေ့မှစ၍ အစ္စလာမ့် တရားတော်များကို စတင်ဟောကြားတော်မူခဲ့လေသည်။

ခတီဂျဟ်သခင်မသည်လည်း တရားဒေသနာတော်များကို မကြားနာရမီ အလျင်ကပင် ဦးစွာပထမ အီမာန်ယုံကြည်ပြီး ဖြစ်နှင့်ခဲ့လေသည်။

(ဤသည် မွတ်စလင်မ်အမျိုးသမီးတို့အဖို့ ဂုဏ်ယူဖွယ်တစ်ရပ်ပင်)

တမန်တော်မြတ်၏တရားဦး

တမန်တော်မြတ်သည် တစ်ရက် ဆွဖာဟ်တောင်ထိပ်သို့ ကြွသွားတော်မူပြီး၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များအား မိမိထံလာရောက်ကြရန် ဖိတ်ခေါ်တော်မူခဲ့လေသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်များ အသင့်ရောက်ရှိလာကြသည့်အခါ "ကုရိုက်ရှ်မျိုးနွယ်ဝင်အပေါင်းတို့ ဤတောင်၏ နောက်ကျောမှ အသင်တို့၏ရန်သူများ ခြေတက်လာနေကြသည်ဟု အကယ်၍ ကျွန်ုပ်က အသင်တို့အား ပြောလျှင်အသင်တို့ ယုံကြည်ကြပါမည်လော" ဟုမေးရာ ကုရိုက်ရှ်မျိုးနွယ်ဝင်အားလုံးက "အသင်သည် အမြဲတစေ မှန်ကန်သော စကားကိုသာပြောဆိုလေ့ရှိရာ၊ ကျွန်ုပ်တို့သည် အသင်၏

ထိုစကားကို ယုံကြည်ကြမည်သာဖြစ်သည်” ဟု ဖြေကြလေသည်။ ထိုအခါ တမန်တော်မြတ်က “သို့ဖြစ်လျှင် ကျွန်ုပ်ပြောမည်။ အကယ်၍ အသင်တို့သည် တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်အား မယုံကြည်လျှင် အသင်တို့ထံကြီးလေးသော ပြစ်ဒဏ် သက်ရောက်မည်ဟု ပြောကြားတော်မူလေသည်။ ထိုအခါ တရားနာ ကုရိုက်ရှ်မျိုးနွယ်ဝင် များသည် မကျေမနပ်ဖြစ်ကာ တမန်တော်မြတ်ထံမှ ထွက်ခွာသွားခဲ့ကြ လေသည်။

ထို့နောက် ရက်အတန်ကြာသည့်အခါ တမန်တော်မြတ်က ညီတော်ဝမ်းကွဲတော်သူ အလီသခင်အား မိတ်ဆုံစားပွဲတစ်ခု ပြုလုပ် တည်ခင်းကျွေးမွေးရန်ညွှန်ကြားတော်မူ၏။ ဘိုးတော် အဗ္ဗဒုလ်မွတ္တာလစ်ဗ် ၏သားချင်းအားလုံးတို့အား ဖိတ်ကြားတော်မူ၏ ဘကြီးတော် ဟမ်ဇဟ်၊ ဘကြီးတော် အဗူတွာလစ်ဗ်၊ ဘကြီးတော်အဗ္ဗာစ် စသည့်အကြီးအကဲများ အားလုံး၊ ထမင်းစားပွဲသို့ တက်ရောက်လာခဲ့ကြ၏။ ထမင်းစားသုံးပြီးကြ သောအခါ တမန်တော်မြတ်က “ ကျွန်ုပ်သည် အတိုင်းမသိ မွန်မြတ် လှသိသော ရတနာတစ်ပါးကို အသင်တို့ထံယူဆောင်လာခဲ့သည်။ ဤသည်ရတနာကို နာယူကျင့်မူရာတွင် ကျွန်ုပ်နှင့် မည်သူလက်တွဲပါ မည်နည်း ”ဟုမေးရာ တက်ရောက်လာသော ပရိတ်သတ်သည် ငြိမ်သက် နေခဲ့၏။ ထိုအခါ အလီသခင်က မတ်တပ်ရပ်၍ “ ကျွန်တော် မျက်စိနာ နေပါသည်။ ကျွန်တော်၏ ခြေထောက်များမှာလည်း သေးငယ်လှပါ သည်။ အားလုံးထက် အသက်ငယ်လည်း ငယ်ပါသည်။ သို့ပင်တစေ ကျွန်တော်သည် လူကြီးမင်းအား ကူညီပါမည် ဟု အဖြေပေးလိုက်သည်။

တက်ရောက်လာကြသော ကုရိုက်ရှ်မျိုးနွယ်ဝင်များအဖို့ ဤသည့်ဖြစ်ရပ်သည် အံ့ဘွယ်ရာဖြစ်နေတော့၏။ လူရွှယ်တစ်ဦးဖြစ်သော (မုဟမ္မဒ်)ကမေး၏။ (၁၃)နှစ်သားမျှသာရှိသော လူငယ်တစ်ယောက်

က ဖြေနေသည်။ ဤသည်ကို ကြည့်၍ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ပျက်ပြယ်သမှုပြုကာ ရယ်မောခဲ့ကြလေသည်။ သို့ရာတွင်များမကြာမီတွင် အတွင်းမှာပင် တမန်တော်မြတ်၏အစ္စလာမ်တရားရာနှုန်းပြည့်မှန်ကန်နေကြောင်း၊ အလီသခင်သည်လည်း တမန်တော်မြတ်အား အစ္စလာမ့်အရေးကိစ္စအဝဝတွင် သက်စွန့်ဆံဖျား ထောက်ခံကူညီသွားခဲ့သည်မှာ အစ္စလာမ့်သမိုင်းတွင် အထင်အရှားပင်။

ဤသည် ဓမ္မကထိကများအဖို့ စံနမူနာယူစရာပင်။ မွတ်စလင်မ် လူငယ်များအဖို့ ဂုဏ်ယူစရာပင်။

(တမန်တော်မြတ်အပေါ်သို့ ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေသတည်း။)

သောင်ဟီးဒ်နှင့် လူမှုရေးတရား

အစ္စလာမ်သာသနာ့ခေတ်ဦးတွင် တမန်တော်မြတ်စတင်ဟောကြားတော်မူခဲ့သည့် သောင်ဟီးဒ်တရားမှာ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော တစ်ဆူတည်း တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်တစ်ပါးတည်းကိုသာလျှင် ခဝပ် ကိုးကွယ်ရမည့်အကြောင်း ထိုအရှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ ခဝပ်ကိုးကွယ်ခြင်းမပြုရမည့်အကြောင်းပင် ဖြစ်သည်။ ထိုတရားနှင့်ဆက်စပ်၍ အလ္လာဟ်အရှင်မြတ်အား နေ့စဉ်ဆွလာသ် ဝတ်ပြုရမည့်အကြောင်း တစ်နှစ်တွင်တစ်လ ဆိုဝ်ယာမ်ဥပုပ်စောင့်တည်ရမည့်အကြောင်း ဇကာသ်ဆင်းရဲသားကြေးပေးလှူရမည့်အကြောင်း၊ တစ်သက်တစ်ခါ

ဟာဂျ်ပြုလုပ်ရမည့်အကြောင်း၊ ကြီးနိုင်ငယ်ညှဉ်း မပြုလုပ်ရမည့်အကြောင်း၊ သူတစ်ပါးအိမ်ယာကို မပြစ်မှားရမည့်အကြောင်း၊ သူတစ်ပါးအား မဟုတ်မဟပ်လုပ်ကြံယိုးစွပ်ခြင်း မပြုရမည့်အကြောင်း၊ သားချင်းများနှင့်ပြေပြစ်စွာ ဆက်ဆံရမည့်အကြောင်း၊ သမီးကလေးများအား သတ်ဖြတ်မြေမြှုပ်ခြင်း မပြုရမည့်အကြောင်း၊ သူတစ်ပါးအား ဒုက္ခမပေးရမည့်အကြောင်း၊ သူတစ်ပါးတို့အား အတက်နိုင်ဆုံး ရိုင်းပင်း ကူညီရမည့်အကြောင်း ကမ္ဘာသူကမ္ဘာသားတို့အား မေတ္တာပွားရမည့် အကြောင်းစသည်တို့ကိုအဓိကထား၍ ဟောကြားတော်မူခဲ့လေသည်။

ခက်ရာခက်ဆစ်တရားဟောခဲ့ရပုံ

တမန်တော်မြတ်သည်အစ ပထမတွင် အစ္စလာမ့်တရားများကို တီးတိုးစွာဟောကြားတော်မူခဲ့ရလေသည်။ လွတ်လပ်စွာဟောကြားခွင့် မရှိခဲ့ပေ။ အမှန်သည် အမှန်ပင်ဖြစ်သည်။ အမှားသည် အမှားပင်ဖြစ်သည်။ အမှန်တရားကို အာဏာနှင့်၊ ငွေကြေးနှင့်၊ အရှိန်အဝါနှင့်ဖိ၍ ချုပ်ချယ်၍မရ။ " ပတ္တမြားမှန်လျှင် နွံမှာနစ်ပေမဲ့၊ မညစ်ပါတဲ့ဒီအရောင် အထက်တန်ဖိုးတိုးလို့သာပြောင် " ဤသို့ဖြင့် မွတ်စလင်မ် ဦးရေမှာတစ်စတစ်စနှင့် (၄၀)ခန့် ရှိလာခဲ့ပေပြီ။

ပထဦးဆုံး မွတ်စလင်မ်များ

အစ္စလာမ်ကိုဦးစွာပထမလက်ခံနိုင်သူများမှာ အမျိုးသမီးများတွင် ကြင်ရာတော် " ခဒီဂျဟ်သခင်မ " ဖြစ်သည်။ အမျိုးသားကြီး

များတွင် “ အဘူဘကရ်သခင် ” ဖြစ်သည်။ လုလင်ပျို (အမျိုးသား)များ တွင် “ အလီသခင် ” ဖြစ်သည်။ ကျွန်များတွင် “ ဇိုက်ဒ်သခင် ” ဖြစ်သည်။

အလ္လာဟ်လမ်းတော်တွင် အစ္စလာမ်အတွက်ပထမသွေးတစ်စက်

မွတ်စ်လင်မ်ဦးရေ (၄၀)ကျော်လာသောအခါ တစ်ရက် တမန်တော်မြတ်သည် ကအ်ဗာ ကျောင်းတော်သို့သွား၍ သောင်ဟီးဒ် တရားတော်ကို ကြွေးကြော်ခဲ့လေသည်။ ကာဖိရ်များကို ယင်းသို့ ကြွေးကြော်ခြင်းမှာ ကအ်ဗာကျောင်းတော်ကို အကြီးဆုံးစော်ကားခြင်း ဖြစ်သည်ဟု ယူဆကာ၊ တမန်တော်မြတ်အား ဝိုင်း၍တိုက်ခိုက်ခဲ့ကြလေသည်။

ဤသည့်အကြောင်းကို တမန်တော်မြတ်၏ ရင်ဝယ်ပိုက်သား ဟာရစ်ဆ် ဗင်န် အဘီဟာလဟ် သိသောအခါ တမန်တော်မြတ်အား ကာကွယ်ရန်အတွက် ကအ်ဗာကျောင်းတော်သို့ ပြေးလာပြီး၊ ရန်သူများအား အဖက်ဖက်မှဝိုင်းတိုက်ခိုက်ရာ ဟာရစ်ဆ်သည် ကအ်ဗာရင်ပြင်တွင် ရှဟီးဒ်သွေးမြေကျခဲ့လေသည်။ ဤသည် အစ္စလာမ့်သမိုင်းတွင် အစ္စလာမ့်အတွက် ပထမဆုံးသွေးတစ်စက်ပင် ဖြစ်ပေသည်။

ပြတ်သားသောဆုံးဖြတ်ချက်

တမန်တော်မြတ်သည် အစ္စလာမ်ကိုပွင့်လင်းစွာ စတင်ဟောကြားလာခဲ့၏။ အတိုက်အခံများသည်လည်း တစ်နေ့တစ်ခြား ပြင်းထန်စွာတိုက်ခိုက်လာခဲ့ကြ၏။ ဆန့်ကျင်လာခဲ့ကြ၏။ တမန်တော်မြတ်အား ဆန့်ကျင်ရာတွင် ဘကြီးတော် အဗူတွာလစ်ဗ်အား ထောက်

ထားနေခဲ့ကြရ၏။ တစ်နေ့သော ကုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်များသည် ဘကြီးတော် အဗူတွာလစ်ဗ်ထံ လာရောက်၍ တူတော်မောင်နှင့် ပတ်သက်၍တိုင်ကြားခဲ့ကြ၏။ ဘကြီးတော်သည် ပြေလည်ရာ ပြေလည်ကြောင်း ပြောဆို၍ ပြန်လွှတ်ခဲ့၏။ သို့တစေ ပြဿနာဖြစ်နေသည့် မူလအကြောင်းရင်းမှာ ကျန်ရှိနေခဲ့၏။ (ဝါ) တမန်တော်မြတ်သည် အစ္စလာမ့်တရားကို ဆက်လက်၍ပင် ဟောကြားနေခဲ့၏။ ထို့အတွက် ကုရိုက်ရှ်ခေါင်းဆောင်သည် ဘကြီးတော် အဗူတွာလစ်ဗ်ထံ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး ဘကြီးတော်အား " အသင်၏တူတော်မောင်သည် ငါတို့၏ ကိုးကွယ်ရာများကို စော်ကားနေသည်။ ငါတို့၏ ဘိုးဘေးများအား လမ်းမှားနေသူများဟူ၍လည်းကောင်း၊ ငါတို့အား လူ့ပလာများဟူ၍လည်းကောင်း၊ ပြောဆိုနေသည်။ ထို့အတွက် လူကြီးမင်းသည် ဤကိစ္စတွင် မပါဝင်သင့်ပါ။ သို့မဟုတ် လူကြီးမင်းသည် မိမိ၏တူတော်မောင်နှင့် အတူ ကျွန်ုပ်နှင့်ရင်ဆိုင်ပါ။ ပြဿနာရှင်းသွားပါလိမ့်မည် " ဟုပြောဆိုကြလေသည်။ ထိုအခါ ဘကြီးတော်သည် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စဉ်းစားဆင်ခြင်နေသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ဆက်လက်သည်းခံနိုင်ကြတော့မည်မဟုတ်။ ငါတစ်ဦးတည်းလည်း၊ ကုရိုက်ရှ်မျိုးနွယ်ဝင်များအား ခုခံနိုင်မည်မဟုတ်ဟူ၍ စဉ်းစားမိသည်။ ထိုအခါ ဘကြီးတော်ကတူတော်မောင်အား " ငါ့တူ ငါ့အား ငါ မထမ်းဆောင်နိုင်သည့်တာဝန်ကို မထမ်းဆောင်စေပါနှင့် " ဟုပြောဆိုလေသည်။

တမန်တော်မြတ်အဖို့ အလ္လာဟ့်နောက် လောကတွင် အကြီးဆုံးသော အားထားရာမှာ ဘကြီးတော်ဖြစ်သည်။ ယခုတော့သည်လည်း ဤအရေးတွင် တုန်လှုပ်လာခဲ့ပေပြီ။ ထိုအခါ တမန်တော်မြတ်သည် မျက်ရည်များဝိုင်းကာ " ဘကြီးတော် ကျွန်တော်အလ္လာဟ်အရှင်

မြတ်အား တိုင်တည်၍ပြောမည်။ အကယ်၍ဒီလူတွေသည် ကျွန်တော့် ညာလက်တွင် နေကိုလည်းကောင်း၊ ဘယ်လက်တွင် လကိုလည်းကောင်း၊ လာ၍ ပေးအပ်ကြပါလျှင်လည်း ကျွန်တော်သည် အစ္စလာမ့်တရားဟော ပြောခြင်းကို စွန့်လွှတ်မည်မဟုတ်။ အလ္လာဟ်အရှင်မြတ်သည် ဤအရေး တော်ပုံကို ပြီးပြည့်စုံအောင် ပြုလုပ်ပေးတော်မူလိမ့်မည်။ သို့မဟုတ် ကျွန်တော်သည် မိမိအသက်ကို စွန့်လွှတ်လိုက်ပါမည် " ဟုယုံကြည်စွာ အဖြေပေးလိုက်လေသည်။ ဤသို့တူတော်မောင်၏ ပြတ်သားလှသော ဆုံးဖြတ်ချက်ကို ကြားသိလိုက်ရသောအခါ ဘကြီးတော်က " တူတော် မောင် အသင်လုပ်စရာရှိသည်ကို ဆက်လုပ်။ မည်သူမျှအသင့်အား စိုးစိမျှပင် ဒုက္ခပေးနိုင်မည်မဟုတ် " ဟု အားပေးစကားပြောကြား လိုက်လေသည်။

(တမန်တော်မြတ်အပေါ် သို့ ကောင်ချီးချမ်းသာ အဖြာဖြာသက်ရောက် ပါစေသတည်း။)

တမန်တော်မြတ်အား မြှူဆွယ်ခြင်း

တမန်တော်မြတ်သည် ယခင်အတိုင်းပင် အစ္စလာမ့်တရား တော်များကို ဆက်လက်ဟောကြားနေတော်မူခဲ့၏။ အတိုက်အခံများ သည် ဘကြီးတော်ရှိနေသည့်အတွက် တမန်တော်မြတ်အား လုပ်ကြံ သတ်ဖြတ်ရန် မဝံ့ခဲ့ကြပေ။ သို့တစေလည်း တမန်တော်မြတ်အား အမျိုးမျိုးဒုက္ခပေးခဲ့ကြသည်။ လမ်းတွင် ဆူးခင်းခဲ့ကြသည်။ ဆွလာတ် ဝတ်ပြုနေစဉ် ခန္ဓာကိုယ်ပေါ် သို့ အညစ်အကြေးများ လာရောက်ပစ်ခဲ့

ကြသည်။ မကြားဝံ့၊ မနာသာပြောဆိုရေရွတ်ခဲ့ကြသည်။ တစ်နေ့ တမန်တော်မြတ်သည် ကျောင်းတော်တွင် ဝတ်ပြုနေတော်မူ၏။ အုက္ကဗတ်ဘင်န် အဗီမို့အိုက်ဒ်သည် တမန်တော်မြတ်၏ လည်ပင်းတွင် စောင်ပတ်၍ တအားဆောင့်ဆွဲလိုက်ရာ။ ဒူးထောက်၍လဲကျသွားခဲ့ရှာလေသည်။ တမန်တော်မြတ်သည် ဤဒွေ့ဤမျှ ဒုက္ခခံနေခြင်း၏အကြောင်းရင်းကို ကုရိုက်ရှ်မျိုးနွယ်ဝင်တို့သည် စဉ်းစား၍မရနိုင်ခဲ့ပေ။ ပုဂ္ဂိုလ်တစ်ဦးသည် ဤဒွေ့ဤမျှ ဒုက္ခကြီးငယ်များကို အပြုံးနှင့်ရဲရဲခံစားနေခြင်းမှာ ဥစ္စာကြောင့်သော်လည်းကောင်း အာဏာကြောင့်သော်လည်းကောင်း၊ နာမည်ကြီးချင်၍သော်လည်းကောင်း ဖြစ်သည်။ ထိုအခါ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်ထံလာ၍ " အို မုဟမ္မဒ်၊ အသင်ဤမျှ ဒုက္ခခံနေခြင်းမှာ အဘယ်အရာကို အလိုရှိပါသနည်း။

(၁) မက္ကာမြို့တော်၏အာဏာကို အလိုရှိပါသလော။

(၂) ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်းကို အလိုရှိပါသလော။

(၃) မျက်နှာကြီးတစ်ဦး၏ သမီးရတနာကို အလိုရှိပါသလော။

အသင်အစ္စလာမ့်တရားဟောပြောခြင်းကို စွန့်လွှတ်မည်ဆိုပါက ငါတို့သည် ဤသည်များကို ဆောင်ကြဉ်းပေးနိုင်သည်ဟု မြူဆွယ်ကျရာ တမန်တော်မြတ်က ကျွန်ုပ်သည်အာဏာကိုလည်း အလိုမရှိ ဥစ္စာကိုလည်း အလိုမရှိ။ မိန်းမကိုလည်း အလိုမရှိ။ ကျွန်ုပ်အလိုရှိသည်မှာ အစ္စလာမ်ပင် ဖြစ်သည် " ဟုပြောဆိုကာ ကုရ်အာန်ကျမ်းလာ အောက်ပါ မုက္ခပါဌ်တော်များကို ရွတ်ဖတ်ပြလိုက်လေသည်။

قل إنّما أنا بشر مثلكم يو حىٓ إلىّ أنّما

إلهكم إله واحد فاستقيموا إليه واستغفروه

ကုရ်အာန် (၄၁း၆)

" အို (မုဟမ္မဒ်)အသင်ဟောပြောပါလေ ငါသည်အသင်တို့ကဲ့သို့ လူသားတစ်ဦးသာ ဖြစ်သည်။ ငါ့ထံသို့ အလ္လာဟ်ထံတော်မှ ဝဟီမုက္ခပါဠိတော် လာရှိသည်မှာ ဧကန်မုချအသင်တို့၏ကိုးကွယ်ရာသည် တစ်ဆူတည်းသော ကိုးကွယ်ရာ အရှင်ဖြစ်သည်။ အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့သာ ဖြောင့်မတ်စွာသွားကြလေကုန်။ ထိုအရှင်မြတ်ထံတော်၌သာ လွတ်ငြိမ်းခွင့်ပန်ကြားလေကုန်။ "

ကုရ်အာန်ကျမ်းမြတ် (၄၁ : ၆)

قل أئنكم لتكفرو ن بالذى خلق الأرض فى يومين وتجعلو ن له أندادا ۚ ذلك ربّ العالمين

" အသင်ဟောကြားပါလေ။ အသင်တို့သည် ကမ္ဘာမြေကြီးကို (၂) ရက်နှင့် ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်အား အမှန်ပင် ကျေးဇူးကန်းကြလေသလော၊ ၎င်းအပြင် အသင်တို့သည် ထိုအရှင်မြတ်နှင့် တွဲဘက်ယှဉ်ဘက်များ ပြုလုပ်ကြလေသလော၊ အမှန်မှာ ထိုအရှင်မြတ်သည် လောကကြီးတစ်ခုလုံး၏ အရှင်သခင်ပင် အမှန်မှာ ဖြစ်တော်မူပေသည်။ "

ကုရ်အာန်ကျမ်းမြတ် (၄၁ : ၉)

အတိုက်အခံများ၏ခေါင်းဆောင် အွှသ်ဗဟ်သည် တမန်တော်မြတ်၏ ဖြေကြားချက်ကို ကြားပြီးပြန်သွား၍ ကုရိုက်ရှ်မျိုးနွယ်ဝင်များအား ပြောပြသည်မှာ မုဟမ္မဒ် တင်ပြသောကျမ်းပြချက်များမှာ လက်ာကဗျာမဟုတ်၊ တမျိုးပင်။ ငါအကြံပေးလိုတာက အသင်တို့သည် မုဟမ္မဒ်အား သူ့ဖာသာလွှတ်ထားကြ၊ အကယ်၍သူသည် အာရဗ်ကမ္ဘာကို လွှမ်းမိုးသွားပါက ဤသည်လည်း အသင်တို့အဖို့ ဂုဏ်ယူစရာပင်။ သို့မဟုတ်ပါမူ အာရဗ်အမျိုးသားများက သူတို့ချေမှုန်းပစ်ပါလိမ့်မည် ဟု အကြံပေးသည်။ သို့တစေ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အွှသ်ဗဟ်၏ အကြံပေးချက်ကို လက်မခံခဲ့ကြပေ။ အမှန်တရားကို တင်ပြလိုသော ပုဂ္ဂိုလ်များအားဥစ္စာ၊ အာဏာ၊ မိန်းမသည် မည်သို့မျှပင် အဟန့်အတားမပြုနိုင်ပေ။

(တမန်တော်မြတ်ပေါ် ကောင်ချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

မွတ်စလင်မ်များအား ဒုက္ခပေးခြင်း

အစ္စလာမ်သည် တစ်နေ့တစ်ခြားတိုးပွားလျက်ရှိနေ၏။ ထိုသို့ တိုးပွားလျက်ရှိသည်နှင့်အမျှ အတိုက်အခံဖြစ်သော ကုရိုက်ရှ်မျိုးနွယ်၏အမျက်ဒေါသမှာလည်း တိုးပွားများပြားလျက်ရှိ၏။ တမန်တော်မြတ်နှင့်တကွ အချို့မျက်နှာကြီးမွတ်စလင်မ်တို့အား သက်ဆိုင်ရာမျိုးနွယ်ဝင်များက အကာအကွယ်ပေးထားကြ၏။ ထိုအခါ ကုရိုက်ရှ်တို့၏အမျက်ဒေါသမှာ ခိုကိုးရာမဲ့၊ အားထားရာမဲ့၊ မျက်နှာငယ်မွတ်စလင်မ်များနှင့် ကျေးကျွန်တို့အပေါ်၌ စုပုံ၍ကျလာတော့၏။ ကမ္ဘာ့သမိုင်းတွင် မကြုံဘူး၊ မကြားဘူးသော ရက်စက်မှုမျိုးစုံတို့ဖြင့် ညှဉ်းပမ်းနှိပ်စက်လာ

ခဲ့ကြသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မွတ်စလင်မ်များကို နေ့လည် နေကျက်ကျက်ပူနေချိန်တွင် မီးတောက်လုဖြစ်နေသော သဲပူများအ ပေါ်တွင် အိပ်စေခဲ့သည်။ မလှုပ်ရှားနိုင်ရန်အတွက်ရင်ဘတ်ပေါ်တွင် ကြီးလေးသော ကျောက်တုံးကြီးများကို တင်ထားကြပေသည်။ ထို့မျှမက သံပူများဖြင့် ကပ်ကြပေသည်။ ထိုမှပြီးသော ရေများတွင် မသေမရှင် နှစ်ခဲ့ကြပေသည်။ မွတ်စလင်မ်တို့ ခံစားခဲ့ရသော နှိပ်စက်ညှဉ်းပမ်း ဒဏ်များကား ကြောက်ဖွယ်လိလိပင်။

သာဝကကြီး ခဗ္ဗားဗ်အားနှိပ်စက်ခြင်း

ခဗ္ဗါးဗ်အမည်ရှိသော ကျွန်တစ်ဦးသည် အမိုက်ခေတ်တွင် ကျွန်အဖြစ်ရောင်းစားခြင်းခံခဲ့ရသည်။ ၎င်းအား **အွမ္မိအာမ်မာရ်** ဆိုသူ အမျိုးသမီးကဝယ်ယူခဲ့၏။ ခဗ္ဗါးဗ်သည် ကျွန်အဖြစ်နှင့်ပင် **အီမာန်ကို** သက်ဝင်ယုံကြည်နေခဲ့၏။ "ခဗ္ဗါးဗ် "အီမာန်ကို သက်ဝင်ယုံကြည်ခဲ့သည့် အချိန်တွင် အစ္စလာမ်ကို သက်ဝင်ယုံကြည်နေခဲ့သူ ဦးရေမှာ (၆)ဦး၊ (၇) ဦးသာရှိခဲ့ပေသေးသည်။ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် ခဗ္ဗါးဗ်အား အမျိုးမျိုးနှိပ်စက်ခဲ့ကြသည်။ တစ်ရက် နေ့လည်အချိန်တွင် မီးခဲများအ ပေါ်၌ ပက်လက်အိပ်စေပြီး၊ မလှုပ်ရှားနိုင်ရန်အတွက် လူတစ်ယောက်က ရင်ဘတ်ပေါ်ကို ခြေဖြင့်တက်နင်းထား၏။ ရဲရဲတောက်နေသော မီးခဲ များသည်ပင် ကျောပြင်အောက်တွင် ငြိမ်းသက်သွားခဲ့၏။ အတန်ကြာ သော် ခဗ္ဗါးဗ်သည် သာဝကကြီးအွမ္မာရ်နှင့် တွေ့ဆုံသောအခါ မိမိ၏ ကျောပြင်ကို လှစ်၍ပြခဲ့၏။ ကျောတစ်ပြင်လုံး မီးကျီခဲများလောင်ကျွမ်း ထားသဖြင့် အမာရွတ်များဖြင့် ပြည့်နှက်နေခဲ့၏။ သနားစဖွယ်ပင်။

နှလုံးသားတွင် စွဲကပ်နေသော အစွဲလာမ်ကို မီးခဲလည်းမလောင်ကျွမ်းနိုင်ပေ။

ဤသည်အစ္စလာမ်ကို သက်ဝင်ယုံကြည်သူတို့အဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

သာဝကကြီး ဗိလာလ်အား နှိပ်စက်ခြင်း

သာဝကကြီး ဗိလာလ်သည် နီဂရိုးဖြစ်သည်။ ကံမကောင်းအကြောင်းမလှသည့်အပြင် တပါးကျွန်ဖြစ်နေခဲ့ရရှာသည်။ ဗိလာလ်၏သခင်မှာ ကုရိုက်ရှ် ခေါင်းဆောင် အုမိုင်ယာဟ်ဖြစ်ခဲ့သည်။ အုမိုင်ယာဟ်သည် နေ့လည်အချိန်တွင် ဗိလာလ်အား သဲပူပေါ်တွင်အိပ်စေပြီး ရင်ပတ်ပေါ်တွင် ကျောက်တုံးကြီးတစ်တုံး တင်ထားသည်။ ထို့နောက် အုမိုင်ယာဟ်က ဗိလာလ်အား “ အသင်သည် အစ္စလာမ်ကို မစွန့်လွှတ်သမျှဤအတိုင်း အသင်သေသည်ထိ လှလှကြီးနှိပ်စက်မည်ဟု ကြိမ်းမောင်းခဲ့လေသည်။ သို့တစေ ဗိလာလ်သည် စိုးစဉ်းမျှ မတုန်လှုပ်ခဲ့ပေ။ နှုတ်မှ “ အဟာဒ်-အဟာဒ် ”(တစ်ပါးတည်းသာ၊ တစ်ပါးတည်းသာ)ဟု ရွတ်ဆိုနေခဲ့၏။ ထိုသို့ မတုန်မလှုပ်ခဲ့ပေရာ အုမိုင်ယာဟ် သည် ဗိလာလ်အား လည်ပင်းတွင်ကြိုးချည်၍ မြို့တွင်းလှည့်လည်ဆွဲရန် လူငယ်လေးများ လက်သို့ အပ်နှံခဲ့လေသည်။ လူငယ်တို့သည် ဗိလာလ် အား တစ်မြို့လုံး လှည့်ပတ်ဆွဲနေခဲ့ကြလေသည်။ ထိုအချိန်တွင်လည်း ဗိလာလ်သည်

" အဟာဒ်-အဟာဒ်-အဟာဒ် " တပါးတည်းသာ ဖြစ်တော်မူသည်ဟူ၍ ဖွင့်ဟရွတ်ဆိုနေခဲ့လေသည်။ ဗိလာလ်၏ယုံကြည်ချက်ကား ခိုင်မြဲလှပါဘိသည်။ စံနမူနာ ယူစရာပင်။
(ကမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေသတည်း။)

သာဝကကြီး အမ္မာရ်အားနှိပ်စက်ခြင်း

သာဝကကြီးအမ္မာရ်သည် ယီမင်နိုင်ငံသား ဖြစ်သည်။ ၎င်း၏ ဖခင် ယာဆိရ်သည် မက္ကာသို့ရောက်ခဲ့လေသည်။ အဗူဟုဇိုင်ဖဟ်သည် ၎င်းအားမိမိ၏ ကျွန်မဖြစ်သူ စုမိုင်ယာဟ်နှင့် ထိမ်းမြားပေးခဲ့လေသည်။ ၎င်းမှ အမ္မာရ်ကို မွေးဖွားလာခဲ့လေသည်။ အမ္မာရ် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်သည့်အခါ၊ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် ၎င်းအားသဲပူပေါ်တွင် အိပ်စေခဲ့ပြီး သတိများလစ်သွားသည်အထိ ရိုက်ပုတ်ခဲ့ကြလေသည်။ သနားစရာပင်။ စံယူစရာပင်။

စုမိုင်ယာဟ်

စုမိုင်ယာဟ်သည် အမ္မာရ်၏မိခင်ဖြစ်သည်။ ကျွန်မ ဖြစ်ခဲ့သည့် စုမိုင်ယာဟ်အား ကုရိုက်ရှ်ခေါင်းဆောင်တစ်ဦး ဖြစ်သော အဗူဂျာဟီလ်က အစ္စလာမ်ကို သက်ဝင်ယုံကြည်သည့်အတွက် ဓားကောက်ဖြင့် ထိုးသတ်ခဲ့ပေသည်။ သနားစရာပင်။

သာ၀ကကြီး ယာဆိရ်

၎င်းသည် အမ္ဗာရ်၏ဖခင်ဖြစ်သည်။ စုမိုင်ယာဟ်၏ ခင်ပွန်းဖြစ်သည်။ သာဝကကြီးယာဆိရ်သည်လည်း ကာဖိရ်များ၏ နှိပ်စက်ညှဉ်းပမ်းမှုမျိုးစုံကို မရှုမလှခံစားကာ အစ္စလာမ်အတွက် အသက်ပေးသွားခဲ့ရှာလေသည်။ သနားစရာပင်။

သာ၀ကကြီး ဆွဟိုက်ဗ်ရှုမိ

ဆွဟိုက်ဗ်သည် ရောမနိုင်ငံသားဟူ၍ ကြော်ကြားခဲ့သည်။ အမှန်မှာ ရောမသားမဟုတ်ခဲ့ပေ။ ၎င်း၏ဖခင်သည် ရောမအစိုးရ၏ အရာရှိတစ်ဦးဖြစ်ခဲ့သည်။ မောင်ဆွင်လ်တွင် နေထိုင်ခဲ့သည်။ တစ်ချိန်သော် ရောမစစ်သားများသည် ထိုမှာဘက်တွင် တိုက်ခိုက်ခဲ့ကြသည်။ အချို့သူများကို ဖမ်းဆီးချုပ်နှောင်သွားခဲ့ကြသည်။ ဖမ်းဆီးခံရသူများထဲတွင် ဆွဟိုက်ဗ်လည်းပါဝင်ခဲ့သည်။ ဤသို့ဖြင့် ဆွဟိုက်ဗ်သည် ရောမနိုင်ငံတွင် ကြီးပြင်းလာခဲ့သည်။ ထို့အတွက် မိမိ၏အမိဘာသာစကားဖြစ်သော အာရဗီစကားကို ကောင်းစွာမပြောတက်ခဲ့ပေ။ အာရဗ်ကုန်သည်တစ်ဦးက ၎င်းအား ဝယ်၍မက္ကာမြို့တော်သို့ ခေါ်ဆောင်လာခဲ့သည်။ မက္ကာမြို့သို့ရောက်သော် အဗ္ဗဒုလ္လာဟ်ဗင်န်ဂျဿအားန်ဆိုသူက ၎င်းအားဝယ်ယူ၍သူကောင်းပြုခဲ့လေသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ၎င်းအား အစ္စလာမ်ကို သက်ဝင်ယုံကြည်သည့်အတွက် သတိများလစ်သွားသည်ထိ နှိပ်စက်ခဲ့ကြလေသည်။ ဆွဟိုက်ဗ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်းသွားလိုသည့်အခါ ကုရိုက်ရှ်မျိုးနွယ်ဝင်များက ဆွဟိုက်ဗ်အား အသင်သည် မဒီနာသို့ ရွှေ့ပြောင်းသွားလိုပါက မိမိပိုင်ပစ္စည်းအားလုံးကို တစ်ခုမကျန်ထားခဲ့ရမည်ဟု ပြောသောအခါ ဆွဟိုက်ဗ်

သည် ကြည်ဖြူစွာဖြင့် မိမိပိုင်ပစ္စည်းအားလုံးကို တစ်ခုမကျန်ထားခဲ့ပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် အစ္စလာမ့်အတွက် မဒီနာသို့ ထွက်ခွာလာခဲ့လေသည်။ ဤသည်လည်း အစော်ကားခံ၊ အပယ်ခံ၊ အနှိမ်ခံမွတ်စလင်မ်တို့အဖို့ စံနမူနာယူစရာပင်။
(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

မျက်နှာကြီးများလည်း အနှိမ်စက်ခံခဲ့ရခြင်း

တမန်တော်မြတ်လက်ထက်တွင် အစ္စလာမ်ကို သက်ဝင်ယုံကြည်ခဲ့သည့်အတွက် ဆင်းရဲသားမျက်နှာငယ်များသာလျှင် အနှိပ်စက်ခံခဲ့ရသည်မဟုတ်၊ ဂုဏ်သရေရှိ မျက်နှာကြီးများသည်လည်း အနှိပ်စက်ခံခဲ့ကြရလေသည်။

သာဝကကြီး အွစ်မာန်အနှိပ်စက်ခံခဲ့ရခြင်း

သာဝကကြီး အွစ်မာန်သည် အသက်အရွယ်ကြီးရင့်သူ ဖြစ်သည်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ခနဉစွာကြွယ်ဝသူ တစ်ဦးလည်းဖြစ်သည်။ သို့ပင်တစ်စေ အစ္စလာမ်ကို သက်ဝင်ယုံကြည် လိုက်သည့်အခါ သူတစ်ပါးကားမဟုတ်၊ ၎င်း၏ဦးရီးတော်ကိုယ်တိုင်က ၎င်းအားကြိုးနှင့် တုပ်၍ ရိုက်နှက်ခဲ့ပေသည်။

သာဝကကြီး အဗူဇရ် အနှိပ်စက်ခံခဲ့ရခြင်း

သာဝကကြီး အဗူဇရ်သည် အစ္စလာမ်ကို စတင်လက်ခံခဲ့သူများတွင် သတ္တမမြောက် ဖြစ်ခဲ့လေသည်။ အစ္စလာမ်ကို သက်ဝင်ယုံကြည်ကြောင်း ဖွင့်ဟပြောဆို ကြွေးကြော်လိုက်သည့်အခါ ကုရိုက်ရှ် မျိုးနွယ်များက ၎င်းအား မူးမေ့လဲကျသွားသည့်အထိ ရိုက်ပုတ်ခဲ့ကြလေသည်။

သာဝကကြီး ဇုဗိုင်ရ်ဘင်နု် အောဝါမ် အနှိပ်စက်ခံရခြင်း

သာဝကကြီးဇုဗိုင်ဘင်နုံအောဝါမ်သည် ဆွေကြီး၊ မျိုးကြီး တစ်ဦးဖြစ်ခဲ့လေသည်။ အစ္စလာမ်ကို စတင်လက်ခံခဲ့သူများတွင် ပဥ္စမမြောက်ဖြစ်ခဲ့လေသည်။ အစ္စလာမ်ကို သက်ဝင်ယုံကြည်လာသည့်အခါ ၎င်း၏ဦးရီးတော်က ၎င်းအား ဖျာနှင့်လိပ်၍ နှာခေါင်းကို မီးမှိုင်းတိုက်ခဲ့ပေသည်။

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မွတ်စလင်မ်တို့အား ဤ၍ဤမျှ ရက်ရက်စက်စက် ညှဉ်းပမ်းနှိပ်စက်ခဲ့ကြသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ အစ္စလာမ့်ဘောင်အတွင်းမှ ဖယ်ရှားနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဤသည် အပယ်ခံ၊ အနှိမ်ခံ၊ အစော်ကားခံ မွတ်စလင်များအဖို့ စံနမူနာယူစရာပင်။ အာဏာနှင့် ဥစ္စာနှင့် အကြမ်းဖက်မှု၊ ရက်စက်မှုတို့နှင့် မှန်ကန်သော ယုံကြည်ချက်တစ်ရပ်ကို မပျက်ပြားစေနိုင်သည်မှာလည်း၊ ထင်ရှားသော အထောက်အထားတစ်ရပ်ပင်။ တမန်တော်မြတ်၏နောက်လိုက်တို့၏ အီမာန်ခိုင်မြဲမှုမှာလည်း ဂုဏ်ယူစရာပင်။
(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

အိသီယိုးပီးယားနိုင်ငံသို့ ပထမအကြိမ် ဟစ်ဂျ်ရက်ပြုခဲ့ခြင်း

အာရေဗျပြည်တွင် ဘာသာရေးလွတ်လပ်မှု လုံးဝမရှိသည့်အပြင် အစ္စလာမ်ဘာသာဝင်တို့အား ကုရိုက်ရှ်မျိုးနွယ်ဝင်တို့၏ နှိပ်စက်မှု၊ ရက်စက်မှုတို့မှာ တစ်နေ့တစ်ခြား များပြား၍လာခဲ့သည်ဖြစ်ရာ တမန်တော်မြတ်သည် မလွှဲမရှောင်သာ၍ မွတ်စလင်မ်တို့အား **အီသီယိုးပီးယားနိုင်ငံသို့** ရွှေ့ပြောင်းနေထိုင်နိုင်ကြရန် ညွှန်ကြားတော်မူခဲ့လေသည်။ သို့ညွှန်ကြားတော်မူသည့်အတိုင်း ဦးစွာပထမအမျိုးသား (၁၁) ဦး၊ အမျိုးသမီး(၄)ဦးတို့သည် **အီသီယိုးပီးယားနိုင်ငံသို့** ဟစ်ဂျ်ရည် ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်။ ထိုနိုင်ငံ၏ဘုရင်မင်းမြတ်ဖြစ်သော **နဂျာရှီ**သည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည်။ သို့သော် မိမိအရိပ်လာရောက်ခိုလှုံသူများအား ကျောသားရင်သားမခွဲခြား၊ ဖြူနက် မခြား၊ ဘာသာတူ၊ ဘာသာခြားအားလုံးတို့ကို ကောင်းမွန်စွာ စောင့်ရှောက်လေ့ရှိခဲ့ပေသည်။ ထို့ကြောင့် မွတ်စလင်မ်များသည်လည်း ထိုနိုင်ငံတွင် အေးချမ်းသာယာစွာနေထိုင်လျက် ရှိခဲ့ကြပေသည်။ ဤသည် ကို **ကုရိုက်ရှ်မျိုးနွယ်ဝင်များ** သိရှိသောအခါ **နဂျာရှီဘုရင်**ထံသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်၍ ဟစ်ဂျ်ရည် ပြုလုပ်သွားသော မွတ်စလင်မ်တို့အား ပြန်လည်ဖမ်းဆီးနိုင်ရန် ကြိုးစားခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့နှင့် အတူ လက်ဆောင်ပဏ္ဏာများလည်း အမြောက်အမြားထည့်ပေးလိုက်သည်။ သို့တစေ ၎င်းတို့၏အကြံအစည်သည် ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရလေသည်။

မွတ်စလင်မ်များနှင့် ပတ်သက်၍ ကုရိုက်ရှ်မျိုးနွယ်ဝင် ကိုယ်စားလှယ်အဖွဲ့၏ ဂုံးချောမှုကြောင့် နဂျာရှီဘုရင်က မွတ်စလင်မ် တို့အား ခေါ်ယူမေးမြန်းရာ သာဝကကြီး အလီ ၏ နောင်တော်ကြီး

ဂျအ်ဖာရ်သခင်က နဂျာရှိဘုရင် ရှေ့မှောက်တွင် အစ္စလာမ့် အကြောင်းကို အောက်ပါအတိုင်းတင်ပြခဲ့လေသည်။ တိုင်းတစ်ပါးတွင် ဘာသာမတူသော ဘုရင်တစ်ပါး၏ရှေ့မှောက်၌ အစ္စလာမ်ကို အရှိအတိုင်း တင်ပြခဲ့ခြင်းမှာ ဤသည်ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

" ဘုရင်မင်းမြတ် ကျွန်တော်မျိုးတို့သည် ပညာမဲ့များဖြစ်ခဲ့ကြပါသည်။ ရုပ်တုများကို ကိုးကွယ်ခဲ့ကြပါသည်။ အသေသားကို စားခဲ့ကြပါသည်။ မကောင်းမှုများကို ကျူးလွန်ခဲ့ကြပါသည်။ အိမ်နီးနားများကို ဒုက္ခပေးခဲ့ကြပါသည်။ ညီနောင်အချင်းချင်းစော်ကားခဲ့ကြပါသည်။ ကြီးနိုင်ငယ်ညှင်း ပြုလုပ်ခဲ့ကြပါသည်။ အားရှိသူများက အားမဲ့သူများကို အနိုင်ကျင့်ခဲ့ကြပါသည်။ ထိုအချိန်တွင် ကျွန်တော်မျိုးတို့တွင် ပုဂ္ဂိုလ်တစ်ဦးပေါ်ထွန်းလာပါသည်။ ယင်းပုဂ္ဂိုလ်၏ ဆွေဂုဏ်၊ မျိုးဂုဏ်၊ မြင့်မြတ်မှု၊ သစ္စာသမာဓိရှိမှု၊ ရိုးသားဖြောင့်မတ် မှန်ကန်မှုတို့ကို ကျွန်တော်မျိုးတို့သည် ယခင်ကတည်းက သိခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်က ကျွန်ုပ်တို့အား အမှန်ပြောဆိုဖို့၊ သူတစ်ပါးကို မသတ်ဖြတ်ဖို့၊ အသေသား မစားဖို့၊ မိသက်ဆိုး ဘသက်ဆိုးတို့၏ ဥစ္စာပစ္စည်းကို အလွဲသုံးစားမပြုဖို့၊ အိမ်နီးနားချင်းကို ဒုက္ခမပေးဖို့၊ ဂုဏ်သရေရှိ အမျိုးသမီးများကို သွားပုတ်လေလွင့် မပြောဆိုဖို့၊ ဆွလာတ် ဝတ်ပြုဖို့၊ ဆွိယာမ် ဥပုပ်စောင့်တည်ဖို့၊ ဇကာသ်ဆင်းရဲသား ကြေးပေးလှူဖို့ ဟောကြားခဲ့ပါသည်။ ထိုအခါ ကျွန်ုပ်တို့သည် ထိုပုဂ္ဂိုလ်အား ယုံကြည်လာခဲ့ကြသည်။ အတိတ်က မမှန်ကန်သောရိုးရာစဉ်လာများကို စွန့်လွှတ်လိုက်ကြပါသည်။ မကောင်းမှုအစုစုကို ရှောင်ကြဉ်လိုက်ကြပါသည်။ ဤသို့အမှားကို စွန့်၍အမှန်ကို ဆောင်သည့်အခါ မကောင်းမှုများကို ရှောင်၍ကောင်းမှုများကို ကျင့်သုံးကြသည့်အခါ ဤသည်ကိုပင် ပြစ်မှုကြီးတစ်ခုဟုမှတ်ယူကာ ကျွန်ုပ်တို့၏ အမျိုးသားများသည် ရန်သူကြီးများဖြစ်လာခဲ့ကြပါသည်။ ကျွန်ုပ်တို့ အား

ၡင်းတို့ကဲ့သို့ပင် မိစ္ဆာမှုအစုစုတွင် နစ်မွန်းနေကြရန်၊ မှားမြတိုင်းမှားနေကြရန်၊ အတင်းအဓမ္မစေခိုင်း နေကြပါသည်။ ” ဟုလျှောက်ထားခဲ့လေသည်။

ထိုအခါ နဂျာရှီဘုရင်မင်းမြတ်က တမန်တော်မြတ်အပေါ်သို့ ကျရောက်လာခဲ့သော အာယသ်တော်များအနက် အချို့ကိုရွတ်ဖတ်ပြရန် ညွှန်ကြားသည့်အခါ သာဝကကြီးဂျအ်ဖရ်သည် ကုရ်အာန်ကျမ်း မြတ်လာ မေရီသခင်မ အကြောင်းပါဝင်သော အချို့အာယသ်တော်များကို ရွတ်ဖတ်ပြခဲ့လေသည်။ ထိုအခါ ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်တို့သည် အမှန်တရားကို ကြားသိရသောအခါ မျက်စိအစုံမှ မျက်ရည်ပေါက်ကြီးငယ်များ ကျဆင်းလာခဲ့လေသည်။ ထို့နောက် နဂျာရှီဘုရင်က “ ဤအာယသ်တော်နှင့် ငါတို့ထံရှိသော အင်ဂျီလ်ကျမ်းလာ အာယသ်တော်များသည် မီးတိုင်ကြီးတစ်ခုမှ ထွက်ပေါ်လာသော ရောင်ခြည်နှစ်သွယ်ပင်ဖြစ်သည်။ ”ဟုမိန့်ကြားလိုက်သည်။ ထို့နောက် ကုရိုက်ရှ်မျိုးနွယ်ဝင်တို့စေလွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့အား “ အသင်တို့ပြန်ကြ၊ ငါသည် ဤအပယ်ခံ၊ အစော်ကားခံ၊ အနှိမ်ခံမွတ်စလင်မ်တို့အား သင်တို့နှင့်အတူ ဘယ်သောအခါမှ ပြန်လည်ထည့်မည်မဟုတ် ” ဟုမိန့်ကြားတော်မူလိုက်လေသည်။

ဤသို့ဖြင့် အမှန်တရားသည် ရောက်လေရာဘဝတွင် အမှန်ပင် ဖြစ်ခဲ့လေသည်။ အမှန်ရောက်က အမှားပျောက်ရမည်သာ။ “ပတ္တမြားမှန်လျှင် နွံမှာနစ်ပေမဲ့၊ မညစ်ပါတဲ့ ဒီအရောင်တိုးလို့သာပြောင်” ဤသည်လည်း အပယ်ခံမွတ်စလင်မ်တို့အဖို့ စံနမူနာယူစရာပင်။
(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

မွတ်စလင်မ်တို့သည် ရောက်လေရာတွင် သစ္စာရှိခြင်း

အီသီယိုးပီးယားနိုင်ငံသို့ မွတ်စလင်မ်များရောက်ရှိနေစဉ် အတွင်းမှာပင် အီသီယိုးပီးယားကို အချို့ရန်သူများက ကျူးကျော်တိုက်ခိုက်လာခဲ့ကြသည်။ ရန်သူများကို နှိမ်နင်းရန် နဂျာရှီဘုရင်ကိုယ်တိုင်စစ်မြေပြင်သို့ ထွက်ခဲ့လေသည်။ ထိုအချိန်တွင် သာဝကကြီးဂျအ်ဖရ်နှင့် မွတ်စလင်မ်များက ဤအရေးတော်ပုံတွင် ငါတို့သည် နဂျာရှီဘုရင်မင်းမြတ်အား ကိုယ်စွမ်းသမျှ ဉာဏ်ရည်စွမ်းသမျှ ကူညီကြရသည်။ လိုအပ်ပါက ငါတို့ကိုယ်တိုင် စစ်မြေပြင်တွင် ထွက်၍ တိုက်ကြရမည်။ သာဝကကြီး ဇုဗိုင်ရ်အား စစ်မြေသတင်းယူရန် စေလွှတ်ပြီး မွတ်စလင်မ်တို့သည် ဤမှဘက်တွင် နဂျာရှီဘုရင် စစ်အောင်နိုင်ရေး အတွက် ဆုမွန်ကောင်းများ တောင်းနေခဲ့ကြသည်။ သာဝကကြီး ဇုဗိုင်ရ်သည် ရေအိတ်ငယ်တစ်ခုကို ပွေ့ဖက်၍ နိုင်းလ်မြစ်ကို ဖြတ်ကူးကာ စစ်မြေပြင်သို့ ရောက်ရှိသွားခဲ့သည်။ ရက်အနည်းငယ်ကြာသော် သာဝကကြီး (ဇုဗိုင်ရ်ပြန်လည်ရောက်ရှိလာပြီး နဂျာရှီဘုရင်မင်းမြတ် စစ်ရေးသာကြောင်း သတင်းကောင်းပါးရာ မွတ်စလင်မ်များ ဝမ်းသာမဆုံး ဖြစ်ခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်အား အထူးကျေးဇူးတင်ခဲ့ကြလေသည်။ ဤသည်လည်း မွတ်စလင်မ်များအဖို့ ရောက်လေရာဘဝတွင် ကျေးဇူးသစ္စာစောင့်သိ ရှိသေဖို့ စံနမူနာတစ်ရပ်ပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

မွတ်စလင်မ်တို့အား သပိတ်မှောက်ခြင်း

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစ္စလာမ်မပြန့်ပွားရန် အမျိုးမျိုးကြိုးပမ်းနေခဲ့ကြသည်။ အဘက်ဘက်မှ နည်းမျိုးစုံသုံး၍ အပြတ်ရှင်းနေခဲ့ကြသည်။ သို့ပါလျက်နှင့်လည်း အစ္စလာမ်မှာ တစ်နေ့တစ်ခြား တိုးပွားလာနေ၏။ အုမရ်သခင်နှင့် ဟမ်ဇာသခင်တို့သို့သော အာရပ် အကြီးအကဲများလည်း အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့ကြပြီး။ နဂျာရှီဘုရင်ကလည်း မွတ်စလင်မ်တို့အား မိမိတို့တိုင်းပြည်တွင် တည်းခိုခွင့်ပေးထားချေပြီ။ မိမိတို့ စေလွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့သည်လည်း မအောင်မြင်ဘဲပြန်လာခဲ့ရချေပြီ။ ထို့အတွက်ကြောင့် တမန်တော်မြတ်နှင့် တမန်တော်မြတ်၏သားချင်းတို့အား သပိတ်မှောက်ရန်ကြံစည်ကြပြန်သည်။ ထိုအခါ ကုရိုက်ရှ်တို့သည် အာရပ်မျိုးနွယ်ဝင်အားလုံးတို့အား စုစည်းပြီး၊ ပဋိညာဉ်စာချုပ်တစ်ခု ချုပ်ဆိုလာသည်။ ယင်းစာချုပ်အရ မုဟမ္မဒ်ကို ကွပ်မျက်ရန် ငါတို့အား မအပ်သမျှကာလပတ်လုံး မည်သူတစ်ဦးတစ်ယောက်မျှ ဟာရှင်မ်မျိုးနွယ်နှင့် ထိမ်းမြားခြင်းမပြုရ။ အရောင်းအဝယ်မပြုရ။ မည်သို့မျှ အဆက်အသွယ်မထားရ။ ၎င်းတို့ထံ စားနပ်ရိက္ခာတစ်စုံတစ်ရာကိုလည်း မပို့ရ။ အဆက်အသွယ်အားလုံးဖြတ်ရမည်။ အပြတ်သပိတ်မှောက်ရမည်။ ဤသည့် သပိတ်မှောက်စာချုပ်ကို မန်ဆူးရ်ဗင်န်အစ်က်ရာမဟ် ကရေးသား၍ ကအ်ဗာကျောင်းတော်တွင် ချိတ်ဆွဲထားလိုက်လေသည်။ ယင်းသို့ သပိတ်မှောက်လိုက်သည့်အတွက် ဘကြီးတော်သည် မလွဲမရှောင်သာသည့်အဆုံး ဟာရှင်မ်မျိုးနွယ်အားလုံးကို ခေါ်ဆောင်၍ အဗူတွာလစ်ဗ်၏ တောင်ကြားဒေသတွင် ခိုအောင်းခဲ့ကြလေသည်။ (၃)နှစ်တိုင်တိုင် ကြာခဲ့လေ

သည်။ ဤသို့ သပိတ်မှောက်လိုက်ကြသဖြင့် တမန်တော်မြတ်နှင့် တကွ ဟာရှင်မ်မျိုးနွယ်အားလုံးတို့သည် သစ်ရွက်များကိုပင် စားသုံး၍နေခဲ့ရရှာသည်။ တစ်ရံသော ညအချိန်တွင် သားရေခြောက်တစ်ခုတွေ့ရာ ထိုသားရေကို ရေဆေး၊ မီးကင်ပြီး စားသုံးခဲ့ပါသည်။ သာဝကကြီး စအဒ်က ပြောပြခဲ့ရှာလေသည်။ ကလေးများ ဆာလောင်မွတ်သိပ်၍ ငိုကြွေးကြသည့်အခါ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အပျော်ကြီး ပျော်ခဲ့ကြသည်။ ဤသို့ ရင်နင့်ဘွယ်ရာအဖြစ်ဆိုးကို (၃)နှစ်တိုင်တိုင် ကြုံတွေ့ခံစားနေခဲ့ရရှာသည်။ နောက်ဆုံး အချို့ရန်သူများသည်ပင် ဤသည့်အဖြစ်ဆိုးများကို တွေ့မြင်လာသည့်အခါ သနားလာခဲ့ကြသည်။ သပိတ်မှောက်စာတမ်းကို ဖျက်သိမ်းရန်စဉ်းစားလာခဲ့ကြသည်။ နောက်ဆုံးတွင် ဇုဖိုင်ရ်အမည်ရှိ ကုရိုက်ရှ် မျိုးနွယ်ဝင်တစ်ဦးက “ အို မက္ကာသား ဟပေါင်းတို့၊ ငါတို့သည် အေးချမ်းစွာ စားသောက်နေကြသည်။ ဟာရှင်မ် မျိုးနွယ်များမှာ ကော်စားစရာတစ်စုံတစ်ရာမျှမရှိ၊ စားရာမဲ့မဲ့၊ သောက်ရာမဲ့မဲ့ ဖြစ်နေ၏။ ဒါတရားသလား၊ အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ ငါပြောမည်။ ငါသည် ဤမတရားလှသော သပိတ်မှောက်စာတမ်းကို မဆုတ်ဖြဲရသမျှ ကာလပတ်လုံး အိမ်ပြန်လာမည်မဟုတ်။ ” ဟုပြောဆို ကြွေကြော်လိုက်သည်။ နောက်ဆုံးတွင် မွတ္တအင်မ် ဗင်န်အဒီ သည် အဆိုပါ စာတမ်းကို ဆုတ်ဖြဲပစ်လိုက်လေသည်။ ထို့နောက် အဒီဗင်န်ကိုက်စ်၊ ဇွမ်အဟ်ဗင်န်အစ္စဝါဒ်အဗူလ်ဗစ်တရီနှင့် ဇုဗိုင်ရ်တို့သည် လက်နက်များ စွဲကိုင်ကာ၊ ဟာရှင်မ်မျိုးနွယ်အားလုံးတိုအား အဆိုပါ တောင်ကြား ဒေသမှ ခေါ်ဆောင်လာခဲ့ကြသည်။ ဤသို့ဖြင့် တမန်တော်မြတ်နှင့်တကွ ဟာရှင်မ်မျိုးနွယ်များသည် (၃)နှစ်တိုင်တိုင် စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ပွဲကြည်ခြင်း ခံခဲ့ရရှာလေသည်။ (၃) နှစ်လုံးလုံး ရန်သူတို့၏ သပိတ်မှောက်

ခြင်း ခံခဲရရှာလေသည်။ ဒုက္ခကိုပင် သုခဟူ၍ ထင်မှတ်ခဲ့ကြသည်။ ဤသည်တွင် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ကြသူတို့အဖို့ စံနမူနာယူစရာပင်။
(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေသတည်း။)

ဘကြီးတော်နှင့် ဇနီးသည် ကွယ်လွန်ရှာခြင်း

တမန်တော်မြတ်နဗီဖြစ်၍ (၁၀)နှစ်ရှိသောအခါ အထက်တွင် ရေသားဖော်ပြခဲ့သည်အတိုင်း ဒုက္ခပင်လယ်ဝေနေခဲ့၏။ (၃)နှစ် (၃)မိုး ပွဲကြဉ်ခြင်း ခံခဲ့ရ၏။ သပိတ်မှောက်ရာမှ လွတ်မြောက်လာခဲ့သည် မှာမကြာသေးပေ။ ဘကြီးတော် ဆုံးရှာလေသည်။ဘကြီးတော်သည် တမန်တော်မြတ်အား သားသမီးရင်းများထက်ပင် ပို၍ချစ်မြတ်နိုးခဲ့၏။ ပြုစုခဲ့၏။ ယုယခဲ့၏။ တမန်တော် ဖြစ်လာပြီးသည့်နောက် ရန်သူများ၏ ရန်စွယ်များကိုလည်း ချိုးနှိမ်ပေးခဲ့၏။ ထိုသို့သော လက်ရုံးတစ်ဆူဖြစ်သည့် အားကိုးရာဘကြီးတော် ကွယ်လွန်သေဆုံး၍ အချိန်မကြာမြင့်မီ အချိန်အတွင်းမှာပင် ကြင်ယာတော် ခဒီဂျာသခင်မလည်း၊ ကွယ်လွန်သေဆုံးရှာလေသည်။ ဤသို့ဖြင့် တမန်တော်မြတ်၏ အားထားရာ လက်နှစ်ဘက်စလုံး ပြုတ်ခဲ့ရရှာလေသည်။ ထိုကြောင့်ပင် တမန်တော်မြတ်သည် ထိုနှစ်ကို (အာမုလ်ဟဇန်) ကြေကွဲဘွယ်ရာဟူ၍ အမည်ပေးတော်မူခဲ့လေသည်။

ဒုက္ခပို၍သာ

ကုရိုက်ရှ် မျိုးနွယ်ဝင်များသည်ဘကြီးတော် အဗူသွာလစ်ဗ်နှင့်ကြင်ယာတော် ခတီဂျာအား အထူးလေးစားခဲ့ကြ၏။ မွတ်စလင်မ်တို့အား နှိပ်စက်ညှဉ်းပမ်းကြရာတွင် ၎င်းတို့အား ထောက်ထားနေခဲ့ကြ၏။ ယခုသော် ထောက်ထားရန်အကြောင်းမရှိတော့ပြီဖြစ်ရာ၊ တမန်တော်မြတ်နှင့်တကွ မွတ်စလင်မ်တို့ အားညှင်းပန်းနှိပ်စက်ရာတွင် ပိုမို၍ရဲတင်းလာခဲ့ကြ၏။ တစ်ရက် တမန်တော်မြတ်သည် လမ်းလျှောက်နေတော်မူခဲ့၏။ သူယုတ်မာတစ်ဦးသည် တမန်တော်မြတ်၏ ဦးခေါင်းပေါ်သို့ဖုံများနှင့် လာပက်လိုက်၏။ တမန်တော်မြတ်သည် ထိုအတိုင်းပင်အိမ်သို့ပြန်ကြွလာခဲ့၏။ သမီးတော်သည် ၊ ခမည်းတော်၏ ဦးခေါင်းမှဖုံများကိုရေဖြင့် ဆေးကြောပေးနေခဲ့၏ ၊ ခမည်းတော်၏အဖြစ်ကိုကြည့်ပြီးမခံချင်စိတ်မွန်ကာ လှိုက်၍လှိုက်၍ ငိုကြွေးနေရှာခဲ့၏။ ထိုအခါ တမန်တော်မြတ်က “သမီးတော် မငိုပါနှင့်၊ အလ္လာဟ်အရှင်မြတ်သည် သင့်ဖေဖေကို ကူညီစောင့်ရှောက်တော်မူပါလိမ့်မည် ”ဟုပြောဆို နှစ်သိမ့်စေတော်မူခဲ့လေသည်။

မက္ကာမှမကောင်း၍ တွာအစ်ဖ် သို့ခရီးလှည့်ပြန်။

တမန်တော်မြတ်သည် မက္ကာမြို့သူမြို့သားများ၏ ဒုက္ခကြီးငယ်ခံကာ အမျိုးမျိုးတရားပြခဲ့သော်လည်း တရားမရကြသည့်အဆုံးမက္ကာမှ တွာအစ်ဖ်သို့ ခရီးဆက်ခဲ့ပြန်လေသည်။ တွာအစ်ဖ်မြို့သူ မြို့သားတို့အား အစ္စလာမ်ဘက်သို့ဖိတ်ကြားတော်မူခဲ့၏။ တွာအစ်ဖ်မြို့တွင်ချမ်းသာကြွယ်ဝသူများ ၊ ဩဇာတိက္ကမရှိသူများ ၊ ခေါင်းဆောင်ကြီးငယ်

များရှိနေခဲ့ကြ၏။ **တွာအစ်**မြို့တွင် အုမိုင်ရ်၏မျိုးနွယ်မှာ အချုပ်ပင်ဖြစ်၏။ ယင်းမျိုးနွယ်တွင် ညီနောင်(၃)ဦး ရှိခဲ့၏။ ၎င်းတို့မှာ ၁။ **အဗ်ဒီယာလိုင်လ်** ၂။ **မတ်စ်အူဒ်**၊ ၃။ ဟာဗီဗ် တို့ဖြစ်ကြသည်။ တမန်တော်မြတ်သည် ထို ညီနောင် (၃) ဦးထံသို့ ကြွသွားတော်မူခဲ့၏။ အစ္စလာမ်ကို တင်ပြ၏။ ထိုအခါ ညီနောင် (၃) ဦးအနက် ပထမတစ်ဦးက " အကယ်၍ အလ္လာဟ် အရှင်မြတ်က သင့်အားတမန်တော်အဖြစ် ခန့်အပ်စေလွှတ်တော်မူခဲ့လျှင် ထိုအရှင်မြတ်သည် ကအ်ဗာကျောင်းတော်၏ ရုံတော်ကို စုတ်ဖြဲနေတော်မူရာ မည်သည်ဟုပြောဆိုလေသည်။ ဒုတိယတစ်ဦးက " အလ္လာဟ်အရှင်မြတ် အဖို့တမန်တော်အဖြစ် ခန့်အပ်ရန် သင့်အပြင် အခြားသူတစ်ဦး တစ်ယောက်မှ မရှိတော့ဘူးလား " ဟုပြောဆိုသည်။ တတိယတစ်ဦးက " ငါသည် အသို့ရှိစေ အသင်နှင့်စကားမပြောနိုင်၊ အကယ်၍ အသင် သည် တမန်တော်အစစ်ဖြစ်ပါက သင်နှင့်စကားပြောခြင်းသည် မရှိသေရာကျသည်။ အကယ်၍ အသင်သည် လူလိမ်ဖြစ်ပါက စကားပြောရန်ပင် မထိုက် " ဟုပြောဆိုပြန်လေသည်။

ထိုညီနောင် (၃)ဦးသည် တမန်တော်မြတ်အား ဤကဲ့သို့ ရိုင်းပြစွာ ဆက်ဆံခဲ့သည်သာမက တွာအစ်ဖ်မြို့ရှိ လူရှုပ်လူပွေများကို မြှောက်ပင့်ကာ တမန်တော်မြတ်အား ပြောင်လှောင်စေခဲ့ကြသည်။ မြို့တွင်းရှိ လူရမ်းကားများသည် တမန်တော်မြတ်ထံရောက်ရှိလာကာ တန်းစီရပ်ကြ၍ တမန်တော်မြတ်သွားရာလမ်းတွင် တမန်တော်မြတ်အား ခဲများဖြင့် ဝိုင်း၍ပေါက်ခဲ့ကြ၏။ ထိုသို့ ခဲများဖြင့်ပေါက်ခြင်းခံရ၍ တမန်တော်မြတ်ကိုယ်ပေါ်မှ သွေးများစီးဆင်းလာခဲ့၏။ တမန်တော်မြတ်သည် ဒဏ်ရာဒဏ်ချက်များကြောင့် မတ်မတ်မရပ်နိုင်တော့ဘဲ လဲကျသည့်အခါ လူရမ်းကားများသည် တမန်တော်မြတ်အား ဆွဲထူကြပြန်သည်။ တမန်

တော်မြတ် ဆက်လက်၍လမ်းလျှောက်တော်မူခဲ့လျှင် ခဲများဖြင့် ထပ်မံ ပေါက်ကြပြန်သည်။ သရော်ကြပြန်သည်။ လက်ခုပ်တီးကြ၏။ နောက်ဆုံး တွင် တမန်တော်မြတ်သည် ဥယျာဉ်တခုထဲသို့ သွားရောက်၍ ခိုလှုံတော် မူခဲ့ရရှာသည်။ ဥယျာဉ်ရှင်သည် မွတ်စလင်မ်မဟုတ်သော်လည်း လူကြီး လူကောင်းတစ်ဦး ဖြစ်ခဲ့၏။ စိတ်သဘောထား မြင့်မြတ်လှ၏။ ၎င်းသည် တမန်တော်မြတ်၏ ကြေကွဲဖွယ်ရာအဖြစ်ကို တွေ့မြင်ရသောအခါ တမန် တော်မြတ်အား ကောင်းစွာကာကွယ်စောင့်ရှောက် ထားခဲ့လေသည်။ တမန်တော်မြတ် စားသုံးရန် စပျစ်ခိုင်တခိုင် ပို့ပေးခဲ့လေသည်။

တမန်တော်မြတ်သည် တွာအစ်ဖ်မှထွက်၍ ဟီရာသို့ ကြွ သွားကာ၊ မွတ္တအင်မ် ဗင်နိ အဒီထံ လူလွှတ်၍ " အသင်သည် ကျွန်ုပ် ကို အကာအကွယ်ပေးနိုင်ပါသလား "ဟုမေတ္တာရပ်ခဲ့၏။ (အာရေဗျတိုင်း ပြည်တွင် ရိုးရာစဉ်လာတစ်ရပ်မှာ မိမိအားကာကွယ်ပေးရန် တောင်းဆို လာပါက ရန်သူပင်ဖြစ်လင့်ကစား ထိုသို့တောင်းဆိုခြင်းခံရသော ပုဂ္ဂိုလ် သည် မငြင်းဆန်နိုင်ပေ။) မွတ္တအင်မ်သည် တမန်တော်မြတ်၏ မေတ္တာ ရပ်ခံချက်ကို လက်ခံခဲ့၏။ မိမိ၏သားများကိုခေါ်၍ လက်နက်ဆွဲကိုင်ကာ တမန်တော်မြတ်အား ကအ်ဗာကျောင်းတော်သို့ ခေါ်ဆောင်လာခဲ့သည်။ ကျောင်းတော်သို့ ရောက်သော် မွတ္တအင်မ်က " ငါသည် မုဟမ္မဒ်ကို အကာအကွယ်ပေး ထားသည် "ဟု ကြွေးကြော်လိုက်သည်။ တမန်တော် မြတ်သည် ကျောင်းတော်တွင်းဝင်၍ ဝတ်ပြုတော်မူပြီး အိမ်တော်သို့ ကြွလာခဲ့၏။ မွတ္တအင်မ်နှင့်၎င်း၏သားများသည် ဓားလွတ်များကိုင်ကာ တမန်တော်မြတ်အား စောင့်ရှောက်လိုက်ပါလာခဲ့ကြသည်။

မွတ္တအင်မ်သည် ဗဒရ်စစ်ပွဲမတိုင်မီ ကာဖိရ်အဖြစ်နှင့်ပင် ကွယ်လွန်သေဆုံးခဲ့သည်။ တမန်တော်မြတ်၏ စာဆိုတော်ကြီး၊ သာဝက

ကြီး ဟာစွာန်သည် မွတ္တာအင်မ်သေဆုံးသည့်အခါ အမွှန်းတင်ဂုဏ်ပြုကာ ငိုချင်းတစ်ပုဒ် သီကုံးရေးသားခဲ့လေသည်။ ဤသည် အစ္စလာမ့်သမိုင်းတွင် အထင်အရှားပင်။ အကောင်းသည်အကောင်းပင်။ ဂုဏ်ပြုထိုက်သူအား ဂုဏ်ပြုရမည်ပင်။ ဘာသာတူသည် မတူသည်ကား အဓိကမဟုတ်ပေ။

မဒီနာသို့ ဟာစ်ဂျ်ရသ် ရွှေ့ပြောင်းနေထိုင်တော်မူခြင်း

(မှတ်ချက်။

တမန်တော်မြတ်သည် မက္ကာမြို့တွင် (၁၃)နှစ်နေထိုင်တော်မူခဲ့၏။ ထို့နောက် မက္ကာမြို့တော်မှ မဒီနာသို့ ဟာစ်ဂျ်ရသ် ရွှေ့ပြောင်း၍မဒီနာမြို့တွင် (၁၀)နှစ် နေထိုင်တော်မူခဲ့၏။ မက္ကာမြို့တွင် နေထိုင်တော်မူခဲ့သည့်နှစ်ကို နဗဝီသက္ကရာဇ်ဟု ခေါ်ပြီး၊ မဒီနာမြို့သို့ ရွှေ့ပြောင်းသည့်နှစ်မှစ၍ နောက်ပိုင်းနှစ်များကို ဟာစ်ဂျရီသက္ကရာဇ်ဟု ခေါ်ဝေါ်သမုတ်သည်။)

ကုရိုက်ရှ်မျိုးနွယ်ဝင်များ၏ ညှဉ်းပမ်းနှိပ်စက်မှုတို့သည် တစ်နေ့တစ်ခြား အတိုင်းမသိ ကြီးထွားလာခဲ့ပေရာ၊ တမန်တော်မြတ်အဖြစ် ချီးမြှင့်တော်မူခြင်း ခံရသည့်နှစ်မှာ (၁၃)နှစ်ရှိသောအခါ၊ အချို့မွတ်စလင်မ်များသည် မဒီနာသို့ရွှေ့ပြောင်းသွားနှင့်ခဲ့ကြပေပြီ။ ရန်သူတို့၏ ပစ်မှတ်ဖြစ်သော တမန်တော်မြတ်မှာကား ထိုအချိန်ထိ ဟာစ်ဂျ်ရသ် ရွှေ့ပြောင်းခွင့်မရရှိခဲ့သေးပေ။ ခေါင်းဆောင်တို့ မည်သည်နောက်လိုက်တပည့်သားတို့အားဦးစွာ ပထမကယ်တင်၍မိမိကိုယ်တိုင် နောက်ဆုံးမှနေရသည်မှာလည်း သဘာဝကျလှပေသည်။

ယခုကဲ့သို့ မွတ်စလင်မ်များ၊ မဒီနာသို့ ရွှေ့ပြောင်းအခြေစိုက်လျက် မဒီနာမြို့တွင် အစ္စလာမ်သာသနာ တစ်နေ့တစ်ခြား ပြန့်ပွားလာနေသည်ကို ကုရိုက်ရှ်မျိုးနွယ်ဝင်များ သိရှိလာကြသောအခါ ၎င်းတို့သည် ဒါရွန်းနဒ်ဝါ (ခေါ်) အစည်းအဝေးခန်းမတွင် စည်းဝေးကျင်းပကြ၏။ ယင်းအစည်းအဝေးကို အာရဗ်မျိုးနွယ်စုတိုင်းမှ ခေါင်းဆောင်များအားလုံး တက်ရောက်ခဲ့ကြ၏။ တမန်တော်မြတ် မုဟမ္မဒ် နှင့် အစ္စလာမ်ကို ချေမှုန်းရန် အမျိုးမျိုးအကြံပေးခဲ့ကြ၏။ ခေါင်းဆောင်တစ်ဦးက မုဟမ္မဒ်ကို လက်ထိပ်ခြေထိပ်ခတ်၍ ချုပ်နှောင်ထားရမည်ဟု အကြံပေး၏။ အခြားခေါင်းဆောင်တစ်ဦးက မုဟမ္မဒ်အား ပြည်နှင်ဒဏ်ပေးရန် အကြံပြု၏။ အဗူဂျာဟီလ်ကမျိုးနွယ်စုတိုင်းမှ လက်မရွေ့တစ်ဦးစီ ရွေးချယ်ရမည်။ ထိုလက်မရွေ့အားလုံးတို့သည် စုပေါင်း၍ မုဟမ္မဒ်ကို တစ်ချိန်တည်းအပြတ်ရှင်းရမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် သတ်စားခြင်းခံရမည်လည်း မဟုတ်။ အသက်ဖိုးလျော်ကြေးကိုလည်း မျိုးနွယ်စုတိုင်းက အချိုးကျခွဲဝေပေးရမည်။ ဟာရှင်မ်မျိုးနွယ်များသည်လည်း အာရဗ်မျိုးနွယ်ဝင်အားလုံးတို့နှင့်ပြိုင်ဆိုင်တိုက်ခိုက်နိုင်ကြမည်လည်း မဟုတ်" ဟုအကြံပြုလေသည်။ ဤသည့်အကြံကို တက်ရောက်လာကြသော အာရဗ်မျိုးနွယ်စု အသီးသီးခေါင်းဆောင်အားလုံးတို့က တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြလေသည်။

ဤသို့ဆုံးဖြတ်ပြီးနောက် တမန်တော်မြတ်အားလုပ်ကြံသတ်ဖြတ်ရန် လက်မရွေ့တို့သည် ဓားလွတ်များကိုင်ကာ၊ တမန်တော်မြတ်၏ အိမ်တော်ကို သွား၍ဝိုင်းထားလိုက်ကြလေသည်။ အိမ်တော်မှာ တမန်တော်မြတ်ထွက်လာလျှင်လာချင်း လုပ်ကြံရန်အသင့်စောင့်နေခဲ့ကြ၏။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား ဤမျှမုန်းတီးနေလင့်

ကစား တမန်တော်မြတ်၏ ရိုးသားမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ သစ္စာဂတိ တည်ကြည်မှုတို့ကို ချွင်းချက်မရှိ ယုံကြည်ခဲ့သည့်အတွက် မိမိတို့၏ အဖိုးတန်ပစ္စည်းများကို တမန်တော်မြတ်ထံ၌ပင် လာရောက်အပ်နှံထား လေ့ရှိခဲ့ကြသည်။ ထိုအချိန်တွင်လည်း တမန်တော်မြတ်ထံ၌ အပ်နှံထား သော ပစ္စည်းအမြောက်အမြားရှိနေခဲ့ပေသည်။

တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော် ဖြင့် ကုရိုက်ရှ်တို့၏ အကြံဉာဏ်ကို သိရှိထားပြီးဖြစ်ရာ သာဝကကြီး အလီ ကို ခေါ်၍ " ငါထွက်ခွာသွားတော့မည်။ မင်း ငါ့အိပ်ရာပေါ်မှာအိပ်၊ ငါ့ စောင်ကိုခြုံ၊ နံနက်မိုးသောက်လျှင် ကုရိုက်ရှ်တို့အပ်နှံထားသည့် ပစ္စည်း များကို တစ်အိမ်တက်ဆင်းသွားရောက်ပေးလိုက် "ဟုမှာကြားတော် မူလိုက်လေသည်။ ဤသည် အခြေအနေကားအန္တရာယ်ကြီးမားလှဘိ၏။ ကုရိုက်ရှ်တို့၏အကြံအစည်ကိုလည်း သာဝကကြီး အလီသည် သိနှင့်ထား လေပြီ။ သို့ပါသော်လည်း သာသနာ့အာဇာနည် သာဝကကြီး အလီ အဖို့မှာကား ပန်းမွေ့ရာပင်ဖြစ်လျှက်ရှိတော့သည်။ အလီသခင်သည် တမန်တော်မြတ်ညွှန်ကြားသည့်အတိုင်း တမန်တော်မြတ်၏ အိပ်ရာပေါ် တွင် စောင်ကိုခြုံကာ၊ တည်ကြည်စွာ၊ ရဲဝံ့စွာ၊ အိပ်စက်နေခဲ့၏။ တမန် တော်မြတ်သည် ကုရ်အာန်ကျမ်းလာ အာယသ်တော်တစ်ပါးကို ရွတ်ဖတ် ကာ ဓားလွတ်ကိုကိုင်ထားသော လက်မရွဲ့တို့ကြားမှ ထွက်ခွာ သွားခဲ့လေ သည်။ နံနက်မိုးသောက်သည့်အခါ လက်မရွဲ့များသည် အိမ်တော်တွင်း သို့ ဝင်ရောက်၍ တမန်တော်မြတ်၏ဦးခေါင်းကို ဖြတ်ရန် စောင်ကိုလှစ် ဟ၍ကြည့်လိုက်သောအခါ တည်ကြည်သောမျက်နှာထားဖြင့် ရဲသွေး ရဲမာန်ပါပါ၊ တည်ကြည်စွာ မတ်တပ်ထရပ်လိုက်သော အလီသခင်အား မထင်မှတ်ဘဲ၊ တွေ့မြင်လိုက်ကြသောအခါ အံ့ဩချင်းမကာ အံ့ဩသွားခဲ့

ကြ၏။ " မုဟမ္မဒ် ဘယ်မှာလဲ "ဟု မေးရာ " ယခုပင် အသင်တို့ ရှေ့က ကြွသွားတော်မူပြီ။ "ဟု တည်ကြည်စွာ ဖြေကြားလိုက်လေသည်။

ကျောင်းတော်ကိုကြေကွဲစွာ တိုင်ကြားခြင်း

တမန်တော်မြတ်သည် အိမ်တော်မှထွက်၍ ကျောင်းတော်သို့ ဖူးတွေ့ရသောအခါ " အို မက္ကာ ကျွန်ုပ်သည် အသင့်အား ကမ္ဘာတစ်ဝှမ်းထက်ပင် မြတ်နိုးပါသည်။ သို့ရာတွင် အသင်၏သားသမီးများသည် ကျွန်ုပ်အားနေထိုင်ခွင့်မပေး " ဟုကြေကွဲစွာ တိုင်ကြားသွားခဲ့လေသည်။

ဆောင်ရ်လှိုဏ်ဂူတွင် ခိုအောင်းခြင်း

တမန်တော်မြတ်သည် သာဝကကြီး အဗူဗကရ်နှင့်အတူ မက္ကာမြို့တော်မှ ထွက်၍ မက္ကာမြို့တော်နှင့် (၃)မိုင်ကွာရှိ ဆောင်ရ်လှိုဏ်ဂူတွင် ခိုအောင်းတော်မူခဲ့လေသည်။ (၃)ညတိုင်ကြာခဲ့လေသည်။ ရန်သူများသည် တမန်တော်မြတ်အား လိုက်လံရှာဖွေခဲ့ကြရာ အချို့ရန်သူများသည် အဆိုပါလှိုဏ်ဂူအနီးသို့ပင် ရောက်ရှိလာခဲ့ကြသည်။ ရန်သူများသည် လှိုဏ်ဂူအနီး ရောက်ရှိလာသည်ကို တွေ့မြင်ရသောအခါ သာဝကကြီး အဗူဗကရ်သည် စိုးရိမ်ခြင်းကြီးမကာ စိုးရိမ်ခဲ့ရှာလေသည်။ ထိုအခါ တမန်တော်မြတ်က အောက်ပါ အာယသ်တော်ကို ရွတ်ဖတ်ပြတော်မူလိုက်လေသည်။

ကုရ်အာန် (၉း၄၀) لا تحزن إن الله معنا

" အသင်မပူနှင့် အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့်အတူ ရှိတော်မူသည်။ "

ကုရ်အာန်ကျမ်းမြတ် (၉ း ၄၀)

တမန်တော်မြတ်အား ဖမ်းဆီးလာသူအား ဆုပေးရန်ပြောခြင်း

ကုရိုက်ရှ်မျိုးနွယ်ဝင်များက တမန်တော်မြတ်အား ဖမ်းဆီးလာသူကို ကုလားအုပ်(၁၀၀)ချီးမြှင့်မည်ဟု ကြေငြာခဲ့လေသည်။ ထိုအခါ စုရာကဟ်သည် ကုလားအုပ် (၁၀၀)ရရှိမည်ကို မက်မောလှသဖြင့် ဓားလွတ်ကိုင်၍မြင်းစီးကာ၊ တမန်တော်မြတ်နောက်သို့လိုက်လာခဲ့လေသည်။ အနီးသို့ရောက်ရှိလာသည့် မြင်းသည်ခလုတ်တိုက်ရာ၊ စုရာကဟ် မြင်းပေါ်မှ လိမ့်ကျခဲ့လေသည်။ အတိတ်ကောက်မြှားကို ထုတ်ကြည့်ရာ၊ ဆက်မလိုက်နှင့်ဟူ၍ အတိတ်ပြလေသည်။ သို့ရာတွင် ကုလားအုပ် (၁၀၀) ရရှိမည့်ကိစ္စတွင်မြှားစကား နားထောင်၍မဖြစ်၊ ဒုတိယအကြိမ် မြင်းစီး၍ ဆက်လိုက်ပြန်သည်။ ယခုအကြိမ်၊ မြင်းမှာဒူးဆစ်ထိ မြေပြိုလေသည်။ အတိတ်ကောက်မြှားကို ထုတ်ကြည့်ပြန်ရာ ဆက်မလိုက်နှင့်ဟုပင် အတိတ်ပြလေသည်။ ယင်းသို့ မမျှော်လင့်သော ဖြစ်ရပ်များနှင့် အကြိမ်ကြိမ်ကြုံတွေ့လာသောအခါ စုရာကဟ်သည် အကြောက်ကြီးကြောက် လာခဲ့လေသည်။ ဤသည်တို့ကား ငြင်း၍မရသော အတိတ်ကြီး၊ နိမိတ်ကြီးများပင်ဖြစ်သည်ဟု ယုံကြည်လာခဲ့၏။ ထိုအခါ စုရာကဟ်သည် လက်မြှောက်ကာ၊ တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး လူ

သဘာဝအလျောက် လောဘကြောင့် ယခုကဲ့သို့လုပ်မိကြောင်း လျှောက်ထားလေသည်။ ထိုနောက် မိမိအား အသက်ဘေးမှ ချမ်းသာခွင့်ပေးတော်မူရန် လျှောက်ထားရာ တမန်တော်မြတ်သည်မိမိအား တစ်ကြိမ်မက နှစ်ကြိမ် တိုင်တိုင်လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သော ရန်သူကြီးကိုပင် အတိုင်းမသိသောဂရုဏာတော်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ကို အံ့ဘွယ်သူရဲ ရေးပေးတော်မူလိုက်လေသည်။ ဤကားတမန်တော်မြတ်၏ အတိုင်း မသိကြီးမားလှဘိသော ဂရုဏာတော်ပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

တမန်တော်မြတ်အား မြို့လုံးကျွတ်ကြို

တမန်တော်မြတ် ကြွလာနေတော်မူသည့် သတင်းသည် မဒီနာမြို့တော်သို့ ရောက်ရှိနေနှင့်ပြီးဖြစ်ရာ၊ တစ်မြို့လုံးကစောင့်မျှော်နေခဲ့ကြသည်။ အမျိုးသား၊အမျိုးသမီးများ မဆိုထားနှင့် ကလေးသူငယ်များသည်ပင်ဝမ်းသာလွန်းလှသည့်အတွင် "ဒို့တမန်တော်မြတ်ကြီး ကြွလာနေပြီ"ဟုဝမ်းသာအဲလဲ ဟစ်ကြွေးနေခဲ့ကြ၏ ။ နေ့စဉ်နံနက် အာရုဏ်တက်ချိန်တွင်မြို့ပြင်ထွက်၍ စောင့်မျှော်နေခဲ့ကြသည်။ တစ်ရက်စောင့်မျှော်နေရာမှအချိန်ကုန်၍ ပြန်သွားကြရာ ယဟူဒီ တစ်ယောက်က တမန်တော်မြတ်ကြွလာနေတော်မူသည်ကို ရိပ်မိကာဟစ်၍ " အို-မဒီနာသားအပေါင်းတို့၊အသင်တို့စောင့်မျှော်နေခဲ့ကြသော တမန်တော်မြတ်ကြီး ကြွလာနေတော်မူပြီ " ဟုအော်ဟစ် ပြောဆိုလိုက်ရာ၊ တစ်မြို့လုံး "အလ္လာဟု အတ်(က)ဗရ် " ဟုပဲ့တင့်ထပ်မျှဟစ်ကြွေးလိုက်ကြလေသည်။

လှဲနေလေ့အောင်း၊မြင်းစောင်းမကျန်၊ တစ်မြို့လုံးထွက်ကြိုနေခဲ့ကြလေသည်။

မဒီနာမြို့ နှင့် (၃) မိုင်အကွာတွင် ကုဗာမည်သောဆင်ခြေဖုံးရပ်ကွက် တစ်ခုရှိခဲ့ကြ၏ ။ ထိုရပ်ကွက်တွင် **အန်ဆွာရီမျိုးနွယ်ဝင်အ** မြောက်အမြားနေထိုင်လျက်ရှိခဲ့ကြ၏။ ထိုဆင်ခြေဖုံးရပ်ကွက်သို့တမန်တော်မြတ်ကြွရောက်လာတော်မူသည့်အခါ၊ **အန်ဆွာရီမျိုးနွယ်အားလုံး**တို့က **"အလ္လာဟု အတ်(က)ဗရ် "** ဟုပဲ့တင်ထပ်မျှဟစ်ကြွေးခဲ့ကြလေသည်။ တမန်တော်မြတ်သည် ထိုရပ်ကွက်တွင် ရက်သတ္တနှစ်ပတ်ကြာရပ်နားတော်မူခဲ့လေသည်။ ထိုသို့ ရပ်နားတော်မူခဲ့စဉ် ဗလီတစ်လုံးဆောက်တော်မူခဲ့လေသည်။ တမန်တော်မြတ် ကိုယ်တော်တိုင် အုတ်မြစ်ချတော်မူခဲ့လေသည်။ အဆိုပါ ဗလီနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ် (၉ း ၁၀၈)တွင် အတိအလင်း ပါရှိပေသည်။ ဗလီတည်ဆောက်ရာတွင် တမန်တော်မြတ်ကိုယ်တော်တိုင် လုပ်သားပြည်သူများနှင့် အတူ လုပ်အားပေးတော်မူခဲ့လေသည်။ ကြီးလေးသော ကျောက်တုံးကြီးများကို မိမိကိုယ်တိုင်သယ်ပိုးတော်မူခဲ့လေသည်။ ယင်းသို့လုပ်အားပေးတော်မူစဉ် တမန်တော်မြတ်ကြီးသည် အောက်ပါလင်္ကာများကို လုပ်သားပြည်သူများနှင့် အတူသံပြိုင်ဆိုနေတော်မူခဲ့သည်။

" ဗလီတည်ဆောက်သူများသည် အောင်မြင်ကြလေပြီး။ ထိုသူများသည်၊ မတ်တပ်ရပ်လျှက်၊ ထိုင်လျှက် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်ကြသည်။ ထိုသူများသည် ညအချိန်တွင် အလ္လာဟ်အရှင်မြတ်အား မေ့၍အိပ်စက်မနေကြပေ။ "

ဤသည်တွင် လူတန်းစားမခွဲ၊ ငယ်သားတို့နှင့်အတူ လက်ရေတပြင်တည်း နေထိုင်လိုသော ခေါင်းဆောင်များအဖို့ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေသတည်း။)

တမန်တော်မြတ် ကူဗာ သို့ရောက်သည့်နေ့

တမန်တော်မြတ်သည် နဗဝီသက္ကရာဇ်(၁၃)ခုနှစ်၊ ရဗီအွလ်အောင်ဝါလ်လ (၈)ရက်၊ ခရစ်သက္ကရာဇ်(၆၂၂) စက်တင်ဘာ(၂၀)ရက်၊ ကြာသပတေးနေ့တွင် ကူဗာသို့ရောက်ရှိလာတော်မူခဲ့ပေသည်။

မဒီနာမြို့တွင်းသို့ ဝင်တော်မူခြင်း

တမန်တော်မြတ်သည် ကူဗာတွင်(၁၄)ရက် နေထိုင်ပြီးနောက် သောကြာနေ့တွင် မဒီနာမြို့တွင်းသို့ ကြွတော်မူခဲ့ပေသည်။ လမ်းတွင် ဗနီဆာလင်မ် ကျေးရွာအရောက်တွင် သောကြာဝတ်ပြုချိန်ကျရောက်လာသဖြင့် ထိုရပ်ကွက်၌ပင်သောကြာဝတ်ပြုမှုကို ဆောက်တည်တော်မူခဲ့လေသည်။ ဤသည် တမန်တော်မြတ်အဖို့ ပထမဆုံး သောကြာဝတ်ပြုမှုနှင့် ပထမဆုံးသောကြာ (ခွတ္တဗဟ်)ဩဝါဒ ဖြစ်ပေသည်။

တမန်တော်မြတ် မဒီနာမြို့တွင်းသို့ ကြွလာတော်မူသည့်သတင်းကို မြို့သူမြို့သားများ သိရှိကြသောအခါ တစ်မြို့လုံးထွက်၍ ကြိုခဲ့ကြလေသည်။ တမန်တော်မြတ်၏ မယ်တော်ဘက်မှ အမျိုးတော်စပ်သော နဂ်ဂျာရ်မျိုးနွယ်ဝင်များသည်လည်း ဝမ်းသာအဲလဲထွက်ကြိုခဲ့ကြလေသည်။ ကူဗာမှ မဒီနာမြို့ထိ မြို့သူမြို့သားများသည် လမ်းနှစ်ဘက်တွင် တန်းစီကာ၊ တမန်တော်မြတ်အား ကြိုဆိုနေခဲ့ကြလေသည်။ မဒီနာမြို့တွင်းသို့ ဝင်လာခါနီးတွင် အမျိုးသားများကိုမဆိုထားနှင့် အမျိုးသမီး

များသည်ပင် အိမ်ခေါင်မိုးများပေါ်တက်၍ တမန်တော်မြတ်အားဖူးခဲ့ကြလေသည်။ ဝမ်းသာလွန်းကြသည့်အတွက် အောက်ပါအတိုင်း လင်္ကာများဆိုနေခဲ့ကြသည်။

" ဝဿဘ်အ် တောင်ကြားများမှ လဝန်းကြီးသည် ကျွန်ုပ်တို့အပေါ် ထွက်ပေါ်လာချေပြီ။ အလ္လာဟ်ထံတော်၌ဆုပန်သူ ရှိနေသမျှကာလပတ်လုံး ငါတို့သည်ထိုအရှင်မြတ်အား ကျေးဇူးဆပ်ကြရမည် "
မိန်းကလေးများသည် အောက်ပါအတိုင်းလင်္ကာများ ဆိုနေခဲ့ကြလေသည်။

" ကျွန်မတို့သည် နဂျာရ်မျိုးနွယ်ဝင် မိန်းကလေးများဖြစ်ကြပါသည်။ တမန်တော်မြတ် မုဟမ္မဒ် သည်ကောင်းမွန်မြင့်မြတ်လှဘိသော အိမ်နီးနားချင်း ဖြစ်တော်မူပေသည်။ "

အဗူအိုင်ယူဗ်အန်ဆွာရီ၏ နေအိမ်တွင်တည်းခိုတော်မူခြင်း

မဒီနာမြို့ရှိ အဗူအိုင်ယူဗ်အန်ဆွာရီ၏အိမ်တော်အနီးသို့ တမန်တော်မြတ်၏အစီးအနှင်းရောက်လာသောအခါ လူတိုင်းက မိမိ၏နေအိမ်တွင် တည်းခိုစေချင်သည်။ နောက်ဆုံးတွင် မဲနှိုက်ရာ ဤသည်အခွင့်အရေးကို သာဝကကြီး အဗူအိုင်ယူဗ်အန်ဆွာရီက ရရှိသွားလေသည်။ တမန်တော်မြတ်သည်လည်း ၎င်း၏နေအိမ်တွင်ပင် တည်းခိုခဲ့လေသည်။ (၇)လတိုင်တိုင် တည်းခိုတော်မူခဲ့လေသည်။ ထိုသည့်အတွင်း တမန်တော်မြတ်၏ ဗလီဝတ်ကျောင်းတော် တည်ဆောက်ပြီးစီး၍ ဗလီကျောင်းတော်အနီးတွင် အခန်းများအသင့်ဖြစ်သွားသည့်အခါ တမန်တော်မြတ်သည် ရွှေ့ပြောင်းနေထိုင်တော်မူခဲ့လေသည်။

မဒိနာမြို့တွင် ဗလီဝတ်ကျောင်းတော်တည်ဆောက်တော်မူခြင်း

တမန်တော်မြတ်သည် မဒီနာမြို့သို့ရောက်ရှိလာပြီးနောက် ဦးစွာပထမဗလီဝတ်ကျောင်းတော်ကို တည်ဆောက်တော်မူခဲ့လေသည်။ ဗလီတည်ဆောက်ရန်အတွက် မိသက်ဆိုး၊ ဘသက်ဆိုး(၂)ဦး ပိုင်သော မြေကွက်တစ်ကွက်ကို အခကြေးငွေ ထိုက်ထိုက်တန်တန်ပေး၍ ဝယ်ယူတော်မူခဲ့လေသည်။ ကျသင့်သောအခကြေးငွေကို သာဝကကြီး အဗူဗိုင်ယူဗ်အန်ဆွာရီက ပေးဆပ်ခဲ့လေသည်။ ဗလီကို စတင်တည်ဆောက်သောအခါ တမန်တော်မြတ်သည် လုပ်သားပြည်သူများနှင့်အတူ အုတ်များ၊ သဲများသယ်ယူ၍ လုပ်အားပေးတော်မူခဲ့လေသည်။ လုပ်သားပြည်သူများနှင့်အတူ အောက်ပါလင်္ကာကို သံပြိုင်သီဆိုတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် လုပ်သားပြည်သူများနှင့်အခါခပ်သိမ်း လက်တွဲညီညာဆက်ဆံပေါင်းသင်းနေထိုင်တော်မူခဲ့သည်မှာ စံနမူနာယူစရာပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

ညီနောင်ပွဲ့ပေးတော်မူခြင်း

အစ္စလာမ်ကို လွတ်လပ်စွာကိုးကွယ်နိုင်ရန်အလို့ငှာ၊ မိမိတို့၏မြို့ရွာကိုစွန့်၍ မဒီနာမြို့သို့ ရောက်ရှိလာကြသော မွတ်စလင်မ်များကို “ မုဟာဂျိရ် ” ဟူ၍ခေါ်၏။ တမန်တော်မြတ်နှင့်အတူ မုဟာဂျိရ်

များအားအဘက်ဘက်မှ ယိုင်းပင်းကူညီခဲ့ကြသော မဒီနာမြို့သား မွတ်စလင်မ်များကို " အန်ဆွာရီ " ဟူ၍ခေါ်၏။ " မုဟာဂျီရ် "၏အဓိပ္ပါယ်မှာ စွန့်လွှတ်သူများဟူ၍ ဖြစ်ပြီး၊ " အန်ဆွာရီ "၏အဓိပ္ပါယ်မှာ ကူညီယိုင်းပင်းသူများဟူ၍ ဖြစ်သည်။

မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျီရ်များတွင် အချို့မှာကုံလုံကြွယ်ဝသောပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြ၏။ သို့တစေလည်း ၎င်းတို့သည် မက္ကာမြို့တော်မှရိုးရိုးရွှေ့ပြောင်းလာကြရသည်မဟုတ်။ ပုံးလျှိုးကွယ်လျှိုး၊ အိမ်ပြစ်အိုးပြစ်တိမ်းရှောင် ထွက်ခွာခဲ့ကြသည်ဖြစ်ရာ မက္ကာမြို့တွင် ၎င်းတို့ပိုင်ဆိုင်သော အိုးအိမ်၊မြေယာ၊ ဥစ္စာ၊ ပစ္စည်းအားလုံးကို မက္ကာမြို့ရှိ ကာဖိရ်များက မတရားသိမ်းပိုက်ထားလိုက်ကြသည်။ ထို့အတွက် မုဟာဂျီရ်များသည် မဒီနာမြို့သို့ ရောက်ရှိလာခဲ့ကြသည့်အခါ ခြေသလုံးအိမ်တိုင်ဖြစ်နေခဲ့ရရှာသည်။ အိမ်မဲ့၊ အိုးမဲ့ဖြစ်ကာ ကသီလင်တဖြစ်နေခဲ့ကြရှာသည်။ ယင်းသို့ မုဟာဂျီရ်များ ကသီလင်တဖြစ်နေကြသည်ကို တမန်တော်မြတ်တွေ့မြင်တော်မူသောအခါ မုဟာဂျီရ်များနှင့် အန်ဆွာရီများစပ်ကြား ညီနောင်ဖွဲ့ပေးတော်မူခဲ့လေသည်။ ဤသို့ ညီနောင်ဖွဲ့ပေးတော်မူခြင်းကို အာရဗီဘာသာတွင် " မုဝါခါတ် "ဟုခေါ်သည်။ ထိုသို့ ညီနောင်ဖွဲ့ပေးတော်မူလိုက်သောအခါ အန်ဆွာရီများသည် သက်ဆိုင်ရာမိမိတို့၏ညီနောင်များဖြစ်ကြသော မုဟာဂျီရ်များအား ကြည်ဖြူစွာ၊ နောင်ရင်းပမာ၊ မိမိတို့ပိုင်ဆိုင်သော အိုးအိမ်၊ ခြံ၊ သိုး၊ ဆိတ်၊ ကုလားအုပ်စသည့် ဥစ္စာပစ္စည်းအားလုံးကို သရက်စေ့ထက်ခြမ်းခွဲ၊ ထက်ဝက်ခွဲဝေ ပေးလိုက်ကြလေသည်။ အန်ဆွာရီများ၏ဤစေတနာမျိုးသည်ကား ကမ္ဘာ့သမိုင်းစဉ်တွင် တွေ့ရခဲလှပေသည်။

မုဟာဂျီရ်များသည်လည်း မိမိတို့အားကျေးဇူးပြုခဲ့ကြသော ကျေးဇူးရှင်များ၏ကျေးဇူးကို သိတတ်ခဲ့၏။ သို့ရာတွင် ရက်ရှည်လများ **အန်ဆွာရီ**များအား မှီခို၍အငြိမ်းထိုင်စားခြင်းနှင့် မိမိတို့တာဝန်အရပ်ရပ်ကို သူတပါးအပေါ်၌ ပုံထားခြင်းကိုမူ မနှစ်သက်ခဲ့ကြပေ။ ထို့ကြောင့် မုဟာဂျီရ်များသည် မိမိတို့ညီနောင်များဖြစ်ကြသော **အန်ဆွာရီ**များထံ၌ ခွင့်ပန်၍မိမိတို့စားဝတ်နေရေးကို မိမိတို့ကိုယ်တိုင်စတင် ဖန်တီးခဲ့ကြသည်။ မုဟာဂျီရ်များသည် အများအားဖြင့်ကူးသန်းရောင်းဝယ် ဖောက်ကားလေ့ရှိသော ကုန်သည်များပင်ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် မုဟာဂျီရ်များသည် မိမိတို့လုပ်လေ့လုပ်ထရှိသော ကူးသန်းရောင်းဝယ်မှုကိုပင် လုပ်ကိုင်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်ဖြင့် မုဟာဂျီရ်များသည် ယခင်ကထက်ပင်ပို၍ ချမ်းသာကြွယ်ဝလာခဲ့ကြပေသည်။

ဟစ်ဂျရီသက္ကရာဇ်(၄)ခုနှစ်တွင် **နဿီရ်**မျိုးနွယ်အား ပြည်နှင်ဒဏ်ခတ်တော်မူလိုက်သည့်အခါ ၎င်းတို့၏မြေများနှင့်စွန်ပလွန်ခြံများသည် မွတ်စလင်မ်တို့လက်တွင်း ရောက်ရှိလာခဲ့ကြသည်။ တမန်တော်မြတ်က **အန်ဆွာရီ**များအား ခေါ်၍ " အသင်တို့၏ ညီနောင်များဖြစ်ကြသော မုဟာဂျီရ်များမှာ ဆင်းရဲနွမ်းပါးလှကြသည်။ အကယ်၍ သင်တို့ကျေနပ်ကြပါက ယခုရရှိလိုက်သောမြေများနှင့် စွန်ပလွန်ခြံများအားလုံးကို မုဟာဂျီရ်များအား ပေးလိုက်ကြ၊ အသင်တို့သည် မိမိတို့၏စွန်ပလွန်ခြံများကိုမူ ပြန်ယူလိုက်ကြ "ဟုပြောကြားတော်မူသည့် အခါ **အန်ဆွာရီ**များက " တမန်တော်မြတ်ကြီးခင်ဗျား ဒီလိုမဟုတ်ပါ၊ ကျွန်တော်တို့ပေးထားသော စွန်ပလွန်ခြံများကိုလည်း ပေးထားပြီးအတိုင်း ရှိပါစေ။ အသစ်များကိုလည်း ၎င်းတို့အားပင် ပေးလိုက်တော်မူပါ "ဟု ရက်ရောစွာလျှောက်ထားခဲ့လေသည်။

ဟစ်ဂျရီ(၇)ခုနှစ်တွင် ခိုင်ဗရ်ကို အောင်မြင်သောအခါ ယုဟာဂျီရ်များသည် စွန့်ပလွန့်ခြံများကို အန်ဆွာရီများထံကျေးဇူးတင်စွာ ကြည်ဖြူစွာဖြင့် ပြန်အပ်ခဲ့ကြလေသည်။ အန်ဆွာရီများ၏ရက်ရောမှုနှင့် စပ်လျဉ်း၍ကုရ်အာန်ကျမ်းမြတ် (၈ : ၇၂) (၈ : ၇၅) တွင် အတိအလင်း ချီးကျူးမိန့်ဆိုထားတော်မူလေသည်။ ဤသည်တွင် မွတ်စလင်မ်ညီနောင်ချင်း ကူညီယိုင်းပင်းရန်အတွက် ကြီးမားလှသော စံနမူနာပင်။ ဤသည် တမန်တော်မြတ်၏ သွန်သင်ဆုံးမမှုအကျိုးကျေးဇူးပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါစေသတည်း။)

مـمّا أوتوا و يؤ ثرون على أنفسهم

ولو كان بهم خصاصة

" ထိုပုဂ္ဂိုလ်များသည် မိမိတို့၌အကျပ်အတည်းရှိလင့်ကစား သူတစ်ပါးတို့အား မိမိတို့ထက်ဦးစားပေးကြလေသည်။ "

ကုရ်အာန်ကျမ်းမြတ် (၅၉ : ၉)

ရန်သူများကစစ်တိုက်ရန်ကြံစည်ခြင်း

မက္ကာမြို့တော်တွင် ဘာသာရေးလွတ်လပ်ခွင့်မရှိသည့်ပြင် မွတ်စလင်မ်တို့အား ရန်သူများက ကမ္ဘာ့သမိုင်းတွင် မကြုံစဖူးနှိပ်စက် ညှဉ်းပမ်းခဲ့ကြသည့်အတွက် တမန်တော်မြတ်နှင့်တကွ တပည့်သားတို့

အား မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရလေသည်။ တမန်တော်မြတ်သည် မဒီနာမြို့တွင် အေးချမ်းသာယာစွာနေနိုင်ရန်နှင့် အစ္စလာမ်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန် ကြိုးပမ်းနေတော်မူခဲ့၏။ မုဟာဂျိရ်နှင့် အာန်ဆွာရီတို့ကြား ညီနောင်ဖွဲ့ပေးတော်မူခဲ့၏။ ပတ်ဝန်းကျင်ရှိ မျိုးနွယ်စုများနှင့် ငြိမ်းချမ်းရေးစာချုပ်များ ချုပ်ဆိုနေတော်မူခဲ့၏။ ဤသို့ မွတ်စလင်မ်များ မဒီနယ်မြို့တွင် အေချမ်းစွာ ပတ်ဝန်းကျင်ရှိ မျိုးနွယ်စုများနှင့် အဆင်ပြေစွာ၊ လွပ်လပ်စွာအစ္စလာမ်ရေးရာများ ကျင့်သုံးနေကြသည်များကို ကုရိုက်ရှ် မျိုးနွယ်ဝင်များ တွေ့မြင်ကြသောအခါပို၍ပင် မနာလိုမရှုစိတ်များ ဖြစ်ပေါ်လာခဲ့၏။ မွတ်စလင်မ်တို့အား သွားရောက်ရာ နေရာတိုင်းတွင် အပြတ်သုတ်သင်ရှင်းလင်းရန် ဆုံးဖြတ်ခဲ့ကြ၏။ **ဗဒရ်စစ်ပွဲ**၊ အုဟွဒ်စစ်ပွဲ၊ **ခန်ဒတ်က်စစ်ပွဲ** တို့သည် အထက်ဖော်ပြပါ ရန်သူများ၏ အကြောင်းမဲ့၊ တဘက်သတ်၊ အစ္စလာမ့်မုန်းတီးမှု၏ အကျိုးဆက်များပင်။

ဗဒရ်စစ်ပွဲ

ဟစ်ဂျ်ရီသက္ကရာဇ် (၂) ခုနှစ်၌ ကုရိုက်ရ်မျိုးနွယ်ဝင်များသည် မွတ်စလင်မ်များကို စတင်ကျူးကျော် တိုက်ခိုက်ခဲ့ကြလေသည်။ မွတ်စလင်မ် စစ်သည်များနှင့် ရန်သူစစ်သည်များသည် ဗဒရ်မည်သော နေရာတွင်ရင်ဆိုင် တွေ့ဆုံခဲ့ကြ၏။ **ဗဒရ်သည် မဒီနာ**မြို့နှင့်မိုင် (၇၀) ကျော် (၈၀) ခန့်တွင်တည်ရှိသည်။

ဤစစ်ပွဲသည် အမှားနှင့်အမှန်တိုက်ပွဲ၊ လူများစုနှင့် လူနည်းစုတို့၏တိုက်ပွဲ၊ စော်ကားသူနှင့် အစော်ကားခံရသူတို့၏တိုက်ပွဲ၊ လက်နက်အင်အား ကြီးမားသူနှင့် လက်နက်မဲ့တို့၏တိုက်ပွဲ၊ ယုံကြည်မှုမရှိသူ

တို့နှင့် ယုံကြည်မှုရှိသူတို့၏ တိုက်ပွဲသာဖြစ်ပေသည်။ အမှန်သည် အမှန်ပင်။ ယုံကြည်မှုသည် အဓိကစွမ်းပကားပင်၊ အမြင်အားဖြင့်ဤ စစ်ပွဲတွင် မွတ်စလင်မ်တို့အဖို့ရှုံးနိမ့်ရန်မှတပါး အခြားမရှိပြီ။ သို့တစေ မွတ်စလင်မ် တို့သည်လက်တဆုပ်စာမျှ လက်နက်မဲ့ဖြစ်ခဲ့ကြသော်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့်ယုံကြည်မှု၏ စွမ်းပကားကြောင့်၊ အမှန် တရားသည် အောင်မြင်သည်သာဖြစ်သောကြောင့် အံ့ဖွယ်သူရဲ စစ်ရေးသာခဲ့ကြလေသည်။ အမှားသည်စစ်သည် အင်အားများပြားလင့် ကစား၊ စစ်လက်နက်ကြီးမားလင့်ကစား၊ ရန်သူများစစ်ရေးနိမ့်ခဲ့ရလေ သည်။

ဗဒရ်စစ်ပွဲ တွင်ရန်သူများဘက်မှ အမျိုးသမီးများပါဝင်ဆင် နွှဲခဲ့ကြသလို မွတ်စလင်မ် တို့ဘက်မှလည်းအမျိုးသမီးများပါဝင်ခဲ့ကြပေ သည်။ ဥပမာ ကြင်ရာတော်အာဒအေရှာ်၊ သာဝိကာမကြီး အွမ်မေ့စလီးမ် တို့သည် စစ်မြေပြင်တွင် ဒဏ်ရာဒဏ်ချက်ရသူများအားအစာရေစာတိုက် ကျွေးကာသူနာပြုလုပ်ငန်း များပြုလုပ်ခဲ့ကြသည်။

စစ်မြေပြင်တွင် ရန်သူများက အင်တိုက်အားတိုက်ဖိတိုက်ရာ မွတ်စလင်မ်စစ်သည်များကစင့်ကလျား ဖြစ်သွားခဲ့ကြပေသည်။ တမန် တော်မြတ်ထံတော်ပါးတွင် အသေခံမွတ်စလင်မ်အနည်းငယ်သာ ကျန်ခဲ့ တော်မူပေသည်။ ထိုအချိန်တွင် သာဝိကာမကြီး အွမ်မေမ်မာရဟ် သခင်မသည် တမန်တော်မြတ်ထံပါးသို့ ရောက်ရှိလာပြီး၊ ရင်မြေကတုတ် လုပ်ကာ၊ ရန်သူများအား ခုခံတိုက်ခိုက်ခဲ့လေသည်။

အတိတ်ခေတ် မွတ်စလင်မ် အမျိုးသမီးတို့၏သူရသတ္တိမှာ လည်း ဂုဏ်ယူစရာပင်။ ဗဒရ် စစ်ပွဲတွင် ရန်သူများဘက်မှလူ (၇၀)ခန့် ကျဆုံးခဲ့သည်။ လူ (၇၀) ကျော်ခန့်စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

ခေါင်းဆောင်ကြီး အဗူဂျဟ်လ် သည်လည်း အန်ဆွာရီ များ၏လက်ချက်ဖြင့်မရှုမလှ ကျဆုံးခဲ့ရ၏။

တိုက်ပွဲပြီးစီး သွားသောအခါ တမန်တော်မြတ်က "ယခုတိုက်ပွဲပြီးဆုံးသွားပြီ။ ဖမ်းဆီးထားသောမည်သည့် သုံ့ပန်းကိုမျှဒုက္ခ မပေးရ၊ ကောင်းစွာဆက်ဆံရမည်" ဟုညွှန်ကြားတော်မူခဲ့၏။ ထိုအခါ မွတ်စလင်မ် များသည်သုံ့ပန်းများကိုအသီးသီးခွဲဝေပြီး မိမိတို့၏အိမ်များ သို့ခေါ်ဆောင်သွားခဲ့ကြ၏။ သုံ့ပန်းတစ်ဦးက " ကျွန်တော့်အားကျွေးမွေးထိန်းသိမ်းသော မွတ်စလင်မ် သည်အဘယ်မျှထောက်ထားညှာတာသနားသည်ဆိုသော၊ သူသည်ကျွန်တော်အား ကောင်းမွန်သောဟင်းလျာများနှင့်ထမင်းကျွေးပြီး၊ မိမိကိုယ်တိုင်မုံ့ခြောက်များနှင့်စွန်ပလွံများကိုသာစားသုံး၍နေလေ့ရှိပါသည်" ဟူ၍ပင်ထုတ်ဖော်ပြောဆိုခဲ့၏။

နောက်ဆုံးတွင်တမန်တော်မြတ်သည် စစ်သုံ့ပန်းများအားမပြောပလောက်သောလျော်ကြေးငွေများယူပြီး၊ စည်းကမ်းချက်ဝန်ခံချက်တစုံတရာမထားဘဲသဘောထားကြီးစွာပြန်လွှတ်ပေးတော်မူခဲ့လေသည်။ အချို့ သုံ့ပန်းများအား ကလေးသူငယ်များကိုအရေးအဖတ်ပညာသင်ပေး စေခြင်းကို လျော်ကြေးအဖြစ်သတ်မှတ်၍ ပြန်လွှတ်ပေးတော်မူခဲ့လေသည်။ ဤသည်ကိုထောက်ရှုခြင်းဖြင့် တမန်တော်မြတ်သည်မိမိတို့အားသွားလေရာဌာနတွင် နောက်မှလိုက်၍ တိုက်သောရန်သူများကိုပင်သဘော ထားကြီးစွာနှင့်ခွင့်လွှတ်တော်မူခဲ့လေသည်။

(တမန်တော်မြတ်အပေါ် သို့ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

အုဟုဒ်စစ်ပွဲ

ဟစ်ဂျရီသက္ကရာဇ်(၃)ခုနှစ်တွင် အဗူစုဖ်ယာန်သည် ဗဒရ်တွင် စစ်ပွဲရှုံးနိမ့်ခဲ့ရသည်ကို တုန့်ပြန်လက်စားချေလိုသည့်အတွက် မဒီနာသို့ ဦးတည်စစ်ချီလာခဲ့၏။ တမန်တော်မြတ်သည် ဤစစ်ပွဲတွင် အုဟွဒ်တောင်ကို နောက်ခံထားခဲ့၏။ အစပထမတွင် မွတ်စလင်မ်များ စစ်ရေးသာခဲ့ကြ၏။ ရန်သူများစစ်မြေပြင်မှ ဆုတ်ခွာသွားခဲ့ကြရ၏။ ဤသည့်ဖြစ်ရပ်ကို တွေ့မြင်ကြသောအခါ တောင်ထိပ်တွင် ချထားသော တပ်စိပ်သည် စစ်ပွဲပြီးပြီဟုယူဆကာ တောင်ထိပ်မှဆင်းလာခဲ့၏။ ထိုသို့တောင်ထိပ်မှ မွတ်စလင်မ်တပ်စိပ် ဆင်းလာသည်ကို ရန်သူများသိရှိသွားသောအခါ ရန်သူများသည် တောင်ထိပ်သို့တက်၍တောင်ထိပ်မှစီး၍ မွတ်စလင်မ်များအပေါ်သို့ မြားမိုးရွာသွန်းချခဲ့ကြ၏။ မွတ်စလင်မ်များအလူးအလိမ့်ခံခဲ့ကြရ၏။ တမန်တော်မြတ်ကိုယ်တော်တိုင်ပင် မျက်နှာ၌ဒဏ်ရာအနည်းငယ်ရရှိသွားတော်မူခဲ့၏။

အဗူစုဖ်ယာန်က " ဒီနေ့ဟာ ဗဒရ်စစ်ပွဲ၏လက်စားချေတုန့်ပြန်မှု ဖြစ်သည်။ ငါ့စစ်သည်တွေက အသင်တို့အမျိုးသားများ၏နား၊ နှာခေါင်းဖြတ်တောက်ကြသည်။ ငါအမိန့်မပေး၊ ဒါပေမယ့် ငါသိတော့ ဝမ်းလည်းမနည်း "ဟုပြောလေသည်။ ကုရိုက်ရှ်မျိုးနွယ်ဝင် အမျိုးသမီးများသည် စစ်မြေပြင်တွင် ကျဆုံးနေသော မွတ်စလင်မ်အလောင်းများ၏ နား၊နှာခေါင်းများကို ဖြတ်တောက်ခဲ့ကြ၏။ အမီရ်မုအာဝိယာ၏မိခင် ဟင်န်ဿဟ်သည် ဘကြီးတော်ဟမ်ဇာ၏ အလောင်းအနီးသို့ ရောက်သောအခါ ဘကြီးတော်၏ရင်ကို ဓားနှင့်ခွဲ၍ အသဲကိုထုတ်ကာ မြိုခဲ့၏။ သို့ရာတွင် လက်တွေ့မမြိုနိုင်ခဲ့ပေ။ အန်ထုတ်ခဲ့၏။ ဟင်န်ဿဟ်သည် အစ္စလာမ်သမိုင်းတွင် " အသဲစားမ "ဟူ၍ကျော်ကြားခဲ့၏။

အုပတ္တဒ်စစ်ပွဲတွင် မွတ်စလင်မ်များသည် အနိုင်မှအရှုံးဖြစ်ခဲ့ရ၏။ သို့တစေလည်း အရှုံးကြီးမရှုံးခဲ့ကြပေ။ နောက်ဆုံးတွင် စစ်မြေပြင်မှ စစ်သည်များနှစ်ဖက်စလုံး ပြန်သွားခဲ့ကြလေသည်။ အဗူစုဖ်ယာန်သည် မွတ်စလင်မ်တို့က ပြန်လာတိုက် ခိုက်မည်ကို စိုးရိမ်သဖြင့် စစ်သည်(၇၀) ပါသော တပ်စိပ်တစ်စိပ်ကို စစ်ချီစေတော်မူခဲ့လေသည်။ ထိုသည့်နောက်ပိုင်းတွင် မွတ်စလင်မ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် ဖြင့် ရန်သူများကို မောင်းထုတ်နိုင်ခဲ့ကြပေသည်။

ဤစစ်ပွဲတွင် လူငယ်များ၏ရဲစွမ်းသတ္တိမှာ ချီးကျူးဘွယ်ရာပင်။ မွတ်စလင်မ်စစ်သည်များ စစ်ချီလာသည့်အခါ၊ အသက်အလွန်ငယ်သော ကလေးများလည်း လိုက်လာခဲ့ကြ၏။ တမန်တော်မြတ်က ၎င်းတို့အား ပြန်လွှတ်ခဲ့၏။ ထိုကလေးများတွင် ရာဖိအ်အိဗ်နုခုဒိုင် လည်း ပါဝင်ခဲ့၏။ ရာဖိအ်အား ပြန်သွားရန်ပြောသောအခါ ခြေထောက်ပြီး မတ်တပ်ရပ်ပြခဲ့၏။ ဤသို့ဖြင့် ရာဖိအ်အကြံအောင်သွား၏။ ဤအဖြစ်ကို စမုရဟ်အမည်ရှိ လူငယ်တစ်ဦးကမြင်သော စမုရဟ်က " ကျွန်တော်သည် ရာဖိအ်ကို နပန်းချရာတွင် နိုင်ပါသည် " ဟုအကြောင်းပြန်ရာ၊ စမုရဟ်နှင့် ရာဖိအ်ကို နပန်းချစေခဲ့၏။ စမုရဟ်နိုင်သဖြင့် ၎င်းအကြံအောင်မြင်သွားခဲ့၏။ ဤသို့ဖြင့် တမန်တော်မြတ်လက်ထက်တွင် အလ္လာဟ်လမ်းတော်၌ လူကြီးများသာမက ကလေးများသည်ပင်လျှင် ရဲစွမ်းသတ္တိရှိစွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြပေသည်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

ခန်ဒတ်ကစစ်ပွဲ

ဟစ်ဂျ်ရီသက္ကရာဇ် (၅)ခုနှစ်တွင် အာရပ်မျိုးနွယ်ဝင်အားလုံးတို့က စုပေါင်း၍ မွတ်စလင်မ်တို့အား ဝန်းရံတိုက်ခိုက်ခဲ့သော စစ်ပွဲကြီးဖြစ်သည်။ စစ်ဗိုလ်ချုပ်မှာ အဗူစူဖ်ယာန် ဖြစ်ခဲ့သည်။

သာဝကကြီးဆလ်မာန်ဖာရ်စီက ရန်သူအင်အား အတိုင်းမသိကြီးမားလှသည့်အတွက် မွတ်စလင်မ်များအဖို့ မြေပြင်တွင် ထွက်၍ စစ်မတိုက်သင့်ကြောင်း၊ ကျုံးတူးပြီးကျုံးတွင်းမှနေ၍ ခုခံတိုက်ခိုက်သင့်ကြောင်းအကြံပြုခဲ့သည်။ (သာဝကကြီးစလ်မာန်သည် ပါးရှားနိုင်ငံသားဖြစ်သည်။ ကျုံးတူး၍တိုက်ခိုက်နည်းကို နားလည်သည်။ ခန်ဒတ်ကဟူသော စကားသည်တန်ဒဟ်ဟူသော မူရင်းပါးရှားစကားမှ ရွေ့လျားလာသော စကားပင်ဖြစ်သည်။ အဓိပ္ပါယ်မှာ ကျုံးဟူ၍ဖြစ်သည်။ ကျုံးတူး၍တိုက်ခိုက်ခဲ့ကြသည့်အတွက် ဤစစ်ပွဲကို **ခန်ဒတ်ကစစ်ပွဲ**၊ တနည်း ကျုံးစစ်ပွဲဟူ၍ ခေါ်တွင်ခြင်းဖြစ်သည်။) ယင်းသို့ အကြံပြုသည်ကို တမန်တော်မြတ်နှင့်တကွ မွတ်စလင်မ်အားလုံးတို့က လက်ခံသဘောတူခဲ့ကြလေသည်။ ကျုံးစတင်တူးခဲ့ကြလေသည်။

မဒီနာမြို့တွင် ဗလီကျောင်းတော် တည်ဆောက်တော်မူခဲ့စဉ်က တမန်တော်မြတ်ကိုယ်တော်တိုင် လုပ်သားများနှင့်အတူ လုပ်အားပေးတော်မူသကဲ့သို့ ဤကျုံးတူးရာတွင်လည်း မိမိကိုယ်တော်တိုင်ပါဝင်၍ ကျုံးတူးတော်မူခဲ့လေသည်။ တမန်တော်မြတ်သည် တပည့်သားများနှင့်အတူ ကျုံးတူးရင်းလင်္ကာများကို သံပြိုင်သီဆိုနေတော်မူခဲ့လေသည်။

ရာသီဥတုကား အေးချမ်းလှ၏။ ရန်သူများဝန်းရံပိတ်ဆို့ထားခဲ့ကြသည့်အတွက် မွတ်စလင်မ်များသည် အငတ်ပြတ်ဿနာနှင့်

ရင်ဆိုင်နေခဲ့ကြရ၏။ သာဝကကြီးတစ်ပါးက မိမိ၏ဝမ်းဗိုက်တွင် ခဲတစ်လုံး ချည်ထားသည်ကို ပြသရာ၊ တမန်တော်မြတ်က မိမိ၏ဝမ်းဗိုက်တွင် ခဲနှစ်လုံးချည်ထားသည်ကို ပြတော်မူလိုက်လေသည်။

(သနားစရာပင်။ အားကျစရာပင်။)

ရန်သူများသည် မွတ်စလင်မ်တို့အား ကျုံးအပြင်မှတစ်လနီးပါး ဝန်းရံထားခဲ့ကြ၏။ ကျုံးကိုမူ မဖြတ်ကျော်နိုင်ခဲ့ကြပေ။ ကျုံးအပြင်မှနေ၍ မြှားများဖြင့် ပစ်ခတ်နေခဲ့ကြ၏။ ခဲမိုးများရွာသွန်းနေခဲ့ကြ၏။ နောက်ဆုံးတွင် ရန်သူများသည် ကျုံးကိုဖြတ်ကျော်ရန် ကြိုးစားခဲ့ကြ၏။ အမ်ရ်ဗင်န်အဗ်ဒိဝဒ္ဒသည် မြင်းစီး၍ကျုံးကိုဖြတ်ကျော်ကာ မွတ်စလင်မ်တို့ထံ ရောက်ရှိလာခဲ့၏။ အမ်ရ်သည် အာရေဗျတိုင်းပြည်တွင် နာမည်ကျော်စစ်ဗိုလ်ကြီးတစ်ဦး ဖြစ်ခဲ့၏။ မြင်းစီးစစ်သည် (၁၀၀၀)နှင့် ညီမျှသည်ဟုယူဆထားခဲ့ကြ၏။ ဗဒရ်စစ်မြေပြင်တွင် ဒဏ်ရာဒဏ်ချက်ရရှိပြီး စစ်ရေးနိမ့်ကာ ပြန်လာခဲ့သည့်အချိန်တွင် မွတ်စလင်မ်တို့အား လက်စားမချေရသမျှကာလပတ်လုံး ဦးခေါင်းတွင်ဆီထည့်မည်မဟုတ်ဟု ကျိမ်ဆိုထားခဲ့သူဖြစ်သည်။ ထိုအချိန်တွင် အမ်ရ်၏အသက်မှာ (၉၀)တင်းတင်းရှိခဲ့ပေပြီ။ သန်မာလျက်ပင်။ အမ်ရ်သည် အာရဗ်ထုံးစံအတိုင်း ဟစ်ကြွေး၍ယှဉ်ပြိုင်မည့်သူကို ဖိတ်ခေါ်လိုက်၏။ ထိုအခါသာဝကကြီးအလီသည် ယှဉ်ပြိုင်ရန် ရှေ့သို့ထွက်လာသောအခါ တမန်တော်မြတ်ကသာဝကကြီးအလီအား " အလီ မင်းငယ်သေးသည်။ ဒါ အမ်ရ်ဗင်န်အဗ်ဒိဝဒ္ဒဖြစ်သည် "ဟုပြောဆိုတားမြစ်လိုက်၏။ အမ်ရ်သည် ဒုတိယအကြိမ်စိမ်ခေါ်ပြန်ရာ သာဝကကြီးအလီသည်ပင် ယှဉ်ပြိုင်ရန်ရှေ့သို့ထွက်လာခဲ့၏။ တမန်တော်မြတ်က တားမြစ်ပြန်တော်မူ၏။ တတိယအကြိမ် စိမ်ခေါ်ပြန်ရာ သာဝကကြီးအလီသည်ပင် ထွက်လာခဲ့ပြန်၏။ ထိုအခါ တမန်တော်

မြတ်က “ ဟေ့ အလီ - ဒါ အမ်ရ် ဖြစ်သည် ”ဟုပြောတော်မူပြန်ရာ သာဝကကြီးအလီက “ ဟုတ်ပါ၊ ကျွန်တော်သိပါသည်။ ကျွန်တော်ဒီ အမ်ရ်ကိုပင် ယှဉ်ပြိုင်လိုပါသည်။ ” ဟုလျှောက်ထားရာ တမန်တော်မြတ်က မိမိ၏လက်တော်ဖြင့် သာဝကကြီးအလီအား ဓားလွယ်တစ်ချောင်းကို ချီးမြှင့်တော်မူ၏။ ဦးခေါင်းတွင် (အမာမာဟ်)ပေါင်းထုပ်ကို မိမိကိုယ်တိုင်ပေါင်းပေးတော်မူလိုက်၏။

အမ်ရ်က ဤမိုးအောက် ဤမြေပြင်တွင် ငါ့ထံတစ်ဦးတစ်ယောက်က သုံး(၃)ခုသောအစောနှင့်ပတ်သတ်၍ မေတ္တာရပ်ခံလျှင် ကျွန်ုပ်တစ်ခုမှုချလက်ခံမည်ဟု ပြောဆိုလေ့ရှိခဲ့၏။ သာဝကကြီး အလီကအမ်ရ်အား “ ဤစကား [illegible] သင့်စကားမှန်သလော ”ဟုမေးရာ ဟုတ်မှန်ကြောင်းဝန်ခံ၏။ ထိုအခါ သာဝကကြီးအလီက -

၁။ အသင်အစ္စလာမ်ကို လက်ခံပါ၊ ဟုတောင်းဆိုရာ အမ်ရ်က ဒါမဖြစ်နိုင်ဟု ပြော၏။

၂။ အသင်စစ်မြေပြင်မှ ပြန်သွားပါ ဟုတောင်းဆိုရာ အမ်ရ်က ကုရိုက်မျိုးနွယ်ဝင်အမျိုးသမီးများ၏ ကဲ့ရဲ့ပြစ်တင်သံကို ငါမကြားလိုဟု ဖြေ၏။

၃။ ဒါဖြင့် ကျွန်ုပ်နှင့်ယှဉ်ပြိုင်သတ်ပါဟု ပြောဆိုရာ အမ်ရ်က ဤမိုးအောက် မြေပြင်တွင် ငါ့အား ဤသို့ပြောဆိုဝံ့သူ ရှိမည်မထင်ခဲ့ပေ။ ဟု ပြောဆိုရယ်မောလိုက်၏။

သာဝကကြီးအလီသည် အစီးအနင်းမပါ၊ ခြေလျင်ဖြစ်၏။ အမ်ရ်သည် မြင်းစီးလျက် ဖြစ်၏။ မြင်းစီးစစ်သည် တစ်ဦးက ခြေလျင်စစ်သည်တစ်ဦးအား သတ်ပုတ်ခြင်းမှာ အပေါ်စီးဖြစ်သည်ဟု ယူဆကာ မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး မြင်း၏ခါးခေါက်ကြောများကို ဖြတ်ပစ်လိုက်၏။ ထို့နောက် အမ်ရ်က သာဝကကြီးအလီအား “ အသင်မည်သူ

နည်း "ဟုမေးရာ အလီက မိမိအမည်ကို ပြောပြ၏။ အမ်ရ်က " ငါ မင်းနှင့် မသတ်ဖြတ်လို "ဟုပြောရာ သာဝကကြီးအလီက " လူကြီး မင်းက ကျွန်ုပ်နှင့် မသတ်ဖြတ်လိုသော်လည်း ကျွန်ုပ်ကလူကြီးမင်းအား ယှဉ်ပြိုင်သတ်ဖြတ်လိုပါသည် " ရဲဝံ့တည်ကြည်စွာ ပြောဆိုလိုက်ရာ အမ်ရ် သည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ ဓားလွှယ်ကိုထုတ်၍ သာဝကကြီးအလီသည် အမ်ရ်၏ဓားကို ဒိုင်းဖြင့်ခုခံ၍ အမ်ရ်အားပြန် လည် ခုတ်ပိုင်းလိုက်ရာ အမ်ရ်သည် သာဝကကြီးအလီ၏ ဓားချက်ဖြင့် ဦးခေါင်းဖြင့် ဦးခေါင်းနှင့်ကိုယ်စားကွဲကာ လဲကျသွားခဲ့လေ၏။ ထိုအခါ သာဝကကြီးအလီက " အလ္လာဟုအက္ကဗရ် "ဟု ဟစ်ကြွေးကာ ဂစ်ပွဲ အောင်နိုင်ကြောင်း ကြေငြာလိုက်လေသည်။

ရန်သူများသည် မွတ်စလင်မ်တို့အား ကျုံးအပြင်မှဝန်းရံ တိုက်ခိုက်နေခဲ့ကြသည်မှာ အချိန်အတော်ကြာညောင်းလာခဲ့ပေပြီ။ စစ်သည်များ၏ရိက္ခာများမှာလည်း ချို့တဲ့လာခဲ့ပေပြီ။ ရန်သူအချင်းချင်း လည်း စိတ်ဝမ်းကွဲကုန်ကြလေပြီ။ ထိုအတောအတွင်း လေမုန်တိုင်းကျ ရောက်လာခဲ့လေသည်။ ရန်သူစစ်သည်များသည်လည်း ကစင့်ကလျား ဖြစ်သွား၏။ ထိုအခါ စစ်ဦးစီးချုပ်ဖြစ်ခဲ့သော အဗူစုဖ်ယာန်က " ယခု စားနပ်ရိက္ခာကုန်ပြီ။ ဥတုရာသီမကောင်း၊ မုန်တိုင်းကျလျက်၊ အချင်းချင်း လည်း သွေးကွဲကုန်ကြပြီ။ ဆက်လက်ဝိုင်းဝန်း [illegible]ခိုက်ခြင်းမှာ အဓိပ္ပါယ် မရှိ။ ယခုတပ်ခေါက်ကြ" ဟုအမိန့်ပေးလိုက်[illegible]သည်။ ထိုအခါ ရန်သူ စစ်သည်အားလုံးတို့သည် မိမိတို့အရပ်ဒေသသို့ စစ်ရေးမအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားခဲ့ကြလေသည်။

ဤသည် တမန်တော်မြတ်၏စစ်ပရိယာယ်ကြွယ်ဝမှုပင်။ မွတ်စလင်မ်စစ်သည်တို့၏ ကြံ့ခိုင်မှုပင်။ သာဝကကြီးအလီ၏ ရဲစွမ်းသတ္တိ ပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာ အဖြာဖြာသက်ရောက်ပါ စေသတည်း။)

ဟာ့ဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်

မွတ်စလင်မ်တို့သည် မက္ကာမြို့တော်ကို စွန့်၍မဒီနာသို့ သွားရောက်နေထိုင်ခဲ့ကြသည်မှာ ခြောက်နှစ်တင်းတင်း ရှိခဲ့ချေပြီ။ မဒီနာမြို့သား မွတ်စလင်မ်ညီနောင်များကလည်း ၎င်းတို့အား အဘက်ဘက်မှ စံမတူအောင် ကူညီယိုင်းပင်းခဲ့ကြပေသည်။ သို့တစေလည်း မိမိတို့ ဇာတိချက်မြှုပ်ဖြစ်သော မက္ကာမြို့တော်ကိုမူ အသို့လျှင် မေ့ပျောက်ထားနိုင်ကြအံ့နည်း။ မွတ်စလင်မ်တို့သည် နေ့စဉ်နှင့်အမျှ မက္ကာမြို့တော်ကို အောက်မေ့တသ သတိရနေခဲ့ကြသည်။ မက္ကာသို့ ပြန်လိုကြသည်။ ယုတ်ဆွအဆုံး ကအ်ဗဟ်ကျောင်းတော်သို့ တစ်ခါတစ်ခေါက်သွား၍ ဖူးမျှော်လိုကြသည်။ သို့ပင်တစေ မွတ်စလင်မ်တို့သည် မက္ကာမြို့တော်သို့ အသို့လျှင် သွားရောက်နိုင်ကြအံ့နည်း။ ရန်သူများသည် မဒီနာမြို့ထိ ကျူးကျော်စော်ကားတိုက်ခိုက်လျက် ရှိနေခဲ့ကြအတွက် မွတ်စလင်မ်တို့သည် တွေး၍တွေး၍ ဆွေးနေခဲ့ကြရသည်။ နောက်ဆုံးတွင် တစ်နေ့သော် တမန်တော်မြတ်သည် အိမ်မက်တွင် မိမိနှင့်တကွနောက်လိုက်ငယ်သားတို့သည် ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက်ဖူးမျှော်ကြသည် ဟူ၍မြင်မက်တော်မူသည်။ တမန်တော်များ၏ အိမ်မက်သည်အမြဲတစေ မှန်ကန်သည်သာဖြစ်သည်။ များမကြာမီအတွင်း အချို့တပည့်ငယ်များကို ခေါ်ဆောင်၍မက္ကာမြို့တော်သို့ ကြွတော်မူသွားတော်မူခဲ့လေသည်။ တမန်တော်မြတ်၏ခရီးစဉ်မှာ ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက်ဖူးမျှော်ရန်သာ ဖြစ်သည်။မည်သူကိုမျှတိုက်ခိုက်ရန်ရည်စူးတော်မမူခဲ့ပေ။ သို့တစေ ရန်သူများ

အထင်မှား၊ အမြင်မှားမဖြစ်စေရန်အလို့ငှာ တမန်တော်မြတ်နှင့်တကွ မွတ်စလင်မ်များသည် ကုရိုဗာနီသားကောင်များကို ယူဆောင်သွားခဲ့ကြသည်။ ဟာဂျ်ပြုရာ၌ ဝတ်ဆင်ရသော အ ဟ်ရာမ်ခေါ် ဝတ်ဖြူစင်ကြယ်များကိုလည်း ဝတ်ဆင်သွားခဲ့ကြ၏။ ထိုအချိန်တွင် ဟာဂျ်အချိန်ပင် ဖြစ်ခဲ့၏။ ဟာဂျ်အချိန်တွင် အာရပ်လူမျိုးတို့သည် လုံးဝတိုက်ခိုက်လေ့မရှိခဲ့ကြပေ။ သို့တစေလည်း တမန်တော်မြတ်ကြွရောက်လာသည့် သတင်းကို ရန်သူများသိရှိသွားသောအခါ ရန်သူများသည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်အသင့် ပြင်ဆင်ခဲ့ကြလေသည်။ ရန်သူများ၏အကြံအစည်ကို တမန်တော်မြတ် သိတော်မူသောအခါ မက္ကာမြို့တော်နှင့်အတန်ဝေးသော ဟုဒိုင်ဗီယဟ် အမည်ရှိဌာနတွင် စခန်းချတော်မူခဲ့လေသည်။

ထိုသည့်အခိုက်မှာပင် ရန်သူများ၏ခေါင်းဆောင်တစ်ဦးသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး၊ တမန်တော်မြတ်နှင့်စကားပြောဆိုခဲ့၏။ မွတ်စလင်မ်တို့နှင့်ပတ်သက်၍ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အသုံးအနှုန်းများကိုလည်း သုံးနှုန်းသွားခဲ့၏။ သာဝကကြီး အဗူဗကရ်သည် မိမိစိတ်ကိုမချုပ်တည်းနိုင်အောင် ဒေါသဖြစ်ခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် မိမိ၏တပည့်သားတို့အား ထိန်းသိမ်းပြီး ရန်သူများ၏ခေါင်းဆောင်အား " ငါတို့သည် ကအ်ဗဟ်ကျောင်းတော်ကို ဖူးမျှော်ရန်လာခြင်း ဖြစ်သည်။ အခြားရည်ရွယ်ချက်လုံးဝမရှိ " ဟု ပြောပြတော်မူခဲ့လေသည်။

ရက်အတန်ကြာသည့်အထိပြဿနာသည် မပြေလည်ခဲ့ပေ။ နောက်ဆုံးတွင် တမန်တော်မြတ်သည် ပြဿနာလုံးဝပြေလည်သွားစေရန်အလို့ငှာ သာဝကကြီး အုဆ်မာန်အား ရန်သူများနှင့်စကားပြောဆိုရန်ကိုယ်စားလှယ်အဖြစ် မက္ကာမြို့တော်သို့ စေလွှတ်တော်မူခဲ့၏။ သာဝကကြီးအုဆ်မာန်သည် မိမိမျိုးနွယ်စု၏ခေါင်းဆောင် အဗ်ဗါန်

အိပ်နုစအီးဒ်၏ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုဖြင့် မက္ကာမြို့သို့ ကြွသွားခဲ့၏။ သာဝကကြီး အုဆ်မာန်မက္ကာမြို့ တော်သို့ရောက်သွားပြီး နောက် ရန်သူများက သာဝကကြီးအုဆ်မာန်အား သတ်ဖြတ်လိုက်ကြပြီ ဟူသော သတင်းသည် တမဟုတ်ချင်းထွက်ပေါ်လာခဲ့တော့၏။ ဤ သတင်းကို ကြားသိရသောအခါ တမန်တော်မြတ်နှင့်တကွ မွတ်စလင်မ် များသည် ဒေါသအမျက်ချောင်းချောင်း ထွက်ခဲ့ကြ၏။ ကြေကွဲ ဝမ်းနည်း ခဲ့ကြ၏။ နောက်ဆုံးတွင် မွတ်စလင်မ်များက ကျွန်ုပ်တို့သည် သာဝကကြီး အုဆ်မာန်အား သတ်ဖြတ်ခြင်းကို လက်စားမချေရသမျှကာလပတ်လုံး ဤနေရာမှ တလက်မမျှမရွှေ့၊ ဖြစ်ချင်တာဖြစ်ပါစေ။ အသက်သွေးမြေခ ၍တိုက်ကြမည်ဟု ဝညီတညွတ်တည်းသန္နိဋ္ဌာန်ချခဲ့ကြလေသည်။ တမန်တော်မြတ်ထံတွင် မိမိတို့၏အသက်များကို အပ်နေခဲ့ကြ၏။ သစ္စာအဓိဋ္ဌာန်ဆိုပြီး ဖြစ်နေခဲ့ကြ၏။ ထိုသို့ မွတ်စလင်မ်များ သွေးဆူ နေချိန်မှာပင်၊ သာဝကကြီး အုဆ်မာန်သတ်ဖြတ်ခံရသည်မဟုတ်ကြောင်း ကောလဟာလသတင်းသာဖြစ်ကြောင်း သိရှိခဲ့ရ၏။ ထိုအခါ မွတ်စလင်မ် များ စိတ်ချမ်းသာမှု ရရှိသွားခဲ့ကြ၏။ သို့တစေလည်း မိမိရိုးသားစွာ ကအ်ဗဟ်ကျောင်းတော်သို့ ဖူးမျှော်လိုသည့်ဆန္ဒမှာ ယခုထက်တိုင် မအောင်မြင်သေးသည့်အတွက် စိတ်ပျက်လျက်ပင်ရှိနေခဲ့ကြ၏။

နောက်ဆုံးတွင် ရန်သူများသည် စုဟိုင်လ်အိပ်နုအုမရ် ကို ကိုယ်စားအဖြစ် တမန်တော်မြတ်ထံသို့ စေလွှတ်ပြီး ဆွေးနွေးစေခဲ့၏။ တမန်တော်မြတ်က ကျွန်ုပ်တို့သည် ကအ်ဗဟ်ကျောင်းတော်ကို ဖူးမျှော် ရန်သက်သက်သာလာခြင်းဖြစ်ကြောင်း၊ မိမိတို့သည် စစ်ကို အလျဉ်းမလို လားကြောင်း၊ စစ်ပြေငြိမ်းလိုကြောင်း ပြောပြတော်မူရာ စုဟိုင်လ်က အသင်တို့သည် ယခုနှစ်ဤအတိုင်းပင် မဒီနာသို့ပြန်ကြရမည်ဖြစ်ကြောင်း ဤအချက်ကို လက်ခံပါက စစ်ပြေငြိမ်းမှုဖြစ်နိုင်ကြောင်း ပြောပြခဲ့၏။

ထိုစကားများကို ကြားနာရခြင်းအားဖြင့် ရန်သူများသည်တနည်းတဖုံ စစ်ပြေငြိမ်းလိုကြောင်းကို ရိပ်စားမိတော်မူခဲ့၏။ နောက်ဆုံးတွင် စစ်ပြေငြိမ်းရေးနှင့် စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များကို နှစ်ဘက်မှ သဘောတူခဲ့ကြ၏။

၁။ မွတ်စလင်မ်များသည် ယခုနှစ်ပြန်သွားကြရမည်။ နောက်နှစ်ကျမှ ကအ်ဗဟ်ကျောင်းတော်သို့ လာရောက်ဖူးမျှော်ကြရမည်။

၂။ ထိုသို့ လာရောက်ဖူးမျှော်ကြရာတွင် ကျောင်းတော်၌ သုံးရက်ထက်ပို၍ တည်းခိုခြင်းမပြုရ။

၃။ မွတ်စလင်မ်များသည် ကျောင်းတော်သို့လာရာတွင် သာမန်ဓါးတစ်ချောင်းမှအပ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင် မလာကြရ၊ ကိုင်ဆောင်လာကြသည့် သာမန်ဓါးသည်လည်း ဓားအိမ်တွင် ထည့်သွင်းထားကြရမည်။

၄။ မွတ်စလင်မ်များကျောင်းတော်တွင်းသို့ ရောက်ရှိနေစဉ် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အပြင်သို့တိမ်းရှောင်နေကြရမည်။

၅။ မွတ်စလင်မ်များသည် အာရပ်မျိုးနွယ်၊ အိမ်ထောင်စုများ အနက် မည်သည့်မျိုးနွယ်စု၊ မည်သည့်အုပ်စုနှင့်မဆို မဟာမိတ်စာချုပ် ချုပ်ဆိုနိုင်ကြသည်။ ထို့အတူ ကုရိုက်ရှ်အုပ်စုနှင့်မဟာမိတ်စာချုပ် ချုပ်ဆိုနိုင်ကြသည်။

၆။ ကုရိုက်ရှ်မျိုးနွယ်ဝင်များအနက် တစ်ဦးတယောက်သည် သက်ဆိုင်ရာအကြီးအကဲ၏ခွင့်ပြုချက်မရှိဘဲ၊ မွတ်စလင်မ်များနှင့် သွားရောက်ပူးပေါင်းလျှင် မွတ်စလင်မ်များသည် ထိုသူကို ပြန်လည်ပေးအပ်ကြရမည်။ သို့သော် မွတ်စလင်မ်တစ်ဦးသည် ထိုသို့ပြုလုပ်လျှင် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ထိုသူအား ပြန်လည်ပေးကြရမည်မဟုတ်။

၇။ မွတ်စလင်မ်များနှင့်ကုရိုက်ရှ် မျိုးနွယ်ဝင်များကြားတွင် (၁၀)နှစ်တိုင်တိုင် စစ်ပြေငြိမ်းလျက်ရှိစေရမည်။

အထက်ဖော်ပြပါစည်းကမ်းချက်များမှာ မွတ်စလင်မ်တို့အဖို့ အလွန်စိတ်ထိခိုက်ဘွယ်ဖြစ်သော်လည်း အဆိုပါစစ်ပြေငြိမ်းရေးစာချုပ်အရ မွတ်စလင်မ်တို့သည် အဆိုပါစာချုပ်အရ လွတ်လပ်စွာသွားလာခဲ့ကြ၏။ အာရဗ်မျိုးနွယ်စုအားလုံးနှင့်ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြ၏။ အစ္စလာမ်ကို တစ်အိမ်တက်ဆင်း တင်ပြနိုင်ခဲ့ကြ၏။ ထိုအခါ မြောက်မြားစွာသော ရန်သူများသည် အစ္စလာမ်ကိုသက်ဝင်ယုံကြည်လာခဲ့ကြပေသည်။ ဤသည် မွတ်စလင်မ်တို့အဖို့ အောင်မြင်မှု၊ အနစ်နာခံမှု၊ သည်းခံမှုတို့၏ အကျိုးကျေးဇူးပင်။

(တမန်တော်မြတ်အပေါ် ကောင်းချီးချမ်းသာအဖြာဖြာသက်ရောက်ပါစေသတည်း။)

မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်ခြင်း

ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် မက္ကာမြို့တော်ရှိ နာမည်ကြီးမျိုးနွယ်စုတစ်စုသည် ကုရိုက်ရှ်မျိုးနွယ်နှင့် မဟာမိတ် ဖြစ်သွားခဲ့၏။ ထိုမျိုးနွယ်စုတစ်စုသည်မွတ်စလင်မ်များနှင့် မဟာမိတ်ဖြစ်သွားခဲ့သည်။ထိုမျိုးနွယ်စုနှစ်စုသည်တစ်စုနှင့်တစ်စုလုံးဝ မသင့်မြတ်ခဲ့ပေ။ကမ္ဘာ့ရန်ဘက်များဖြစ်နေခဲ့ပေသည်။

ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ပြီးနောက် (၂)နှစ်ရှိသောအခါ (ဝါ)ဟိဂျ်ရီသက္ကရာဇ်(၈)ခုနှစ်တွင် အဆိုပါမျိုးနွယ်စုစစ်ပွဲဖြစ်ပွားခဲ့၏။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည်မိမိတို့၏မဟာမိတ်များကိုကူညီခဲ့၏။ ထို့ကြောင့် မွတ်စလင်မ်များနှင့် မဟာမိတ်ဖြစ်သောမျိုးနွယ်စု

သည်ရှုံးနိမ့်ခဲ့ရ၏။ ရှုံးနိမ့်ခဲ့ရသော ပုဂ္ဂိုလ်များသည်အသက်ဘေးမှလွတ်မြောက်ရန် **ကအ်ဗဟ်**ကျောင်းတော်တွင်သွားရောက်ခိုလှုံခဲ့ကြ၏။ ထိုပုဂ္ဂိုလ်များကိုလည်း ကုရိုက်ရှ် မျိုးနွယ်ဝင်များနှင့်၎င်းတို့၏မဟာမိတ်များသည်လိုက်လံ၍သတ်ဖြတ်ပစ်ခဲ့ကြလေသည်။ အမှန်မှာကျောင်းတော်တွင်မည်သူ့ကိုမျှမသတ်ရ။

ထိုအခါစစ်ရေးရှုံးနိမ့်သော မျိုးနွယ်စုမှပုဂ္ဂိုလ်နှစ်ဦးသည်တမန်တော်မြတ်ထံရောက်ရှိလာပြီး မဟာမိတ်ချင်း ကူညီရန်တာဝန်ရှိသည့်အလျှောက်ကူညီပါရန် မေတ္တာရပ်ခံခဲ့ကြ၏။ ဤသတင်းကို ကုရိုက်ရှ်မျိုးနွယ်ဝင်ကြားသော် တမန်တော်မြတ်ထံကိုယ်စားလှယ်လွှတ်ပြီး ဟုဒိုင်ဗီယဟ် စစ်ပြေငြိမ်းရေးစာချုပ်ကိုမဖောက်ဖျက်ရန်၊ စာချုပ်ပါစည်းကမ်းချက်များကိုပြန်လည်အတည်ပြုကြရန် (တနည်း မွတ်စလင်မ်တို့သည်မိမိတို့၏မဟာမိတ်မျိုးနွယ်စုအားမကူညီရန်) မေတ္တာရပ်ခံခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်သည် ကုရိုက်ရှ် မျိုးနွယ်ဝင်ကိုယ်စားလှယ်များ၏မေတ္တာရပ်ခံချက်ကိုငြင်းပယ်တော်မူလိုက်လေသည်။

ထိုနောက်တမန်တော်မြတ်သည် ကုရိုက်ရှ် မျိုးနွယ်ဝင်များထံ မည်သို့မျှ သတင်းမပေါက်ကြားစေဘဲ အထူးလျှို့ဝှက်စွာအစီအစဉ်များကို စတင်ပြုလုပ်တော်မူခဲ့၏။ အစီအစဉ်အားလုံးပြီးစီးသွားသော် တမန်တော်မြတ်သည် နောက်လိုက်ငယ်သား (၁၀၀၀၀) နှင့်ချီတက်လာတော်မူ၏။ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည်မွတ်စလင်မ် စစ်သည်များမက္ကာမြို့တော်အနီးသို့ ရောက်ရှိလာကြသောအခါကျမှ သိရှိပြီး၊ အလွန်စိုးရိမ်ကြောက်ရွံ့သွားခဲ့ကြလေသည်။

မွတ်စလင်မ် စစ်သည်များအလုံးအရင်းနှင့် မက္ကာမြို့တော်အနီးသို့ရောက်ရှိနေကြပြီ၊ နံနက်မိုးလင်းသည်နှင့်တပြိုင်နက်မြို့တော်တွင်းသို့ဝင်စီးကြတော့မည်။ ကုရိုက်ရှ် မျိုးနွယ်ဝင်တို့တုံ့ပြန်တိုက်ခိုက်ကြ

ပါကာတစ်မျိုးလုံးပျက်စီးကြရတော့မည်။ ဤသည့်အရေးကိုတမန်တော်၏ဘကြီးတော် အဗ္ဗာစ် သခင်သည်တွေး၍တွေး၍အလွန်ပူပန်နေခဲ့၏။ နောက်ဆုံးတွင် ဘကြီးတော်သည်ဤသည့်သံယောဇဉ်ဖြင့်အဆိုပါည ဥ္စပင် မက္ကာမြို့တော်ဘက်သို့လျှို့ဝှက်စွာထွက်ခွာသွားခဲ့၏။ အကြောင်းအားလျော်စွာလမ်းတွင် အဗူစုဖ်ယာန် နှင့်တွေ့ခဲ့၏။ ဖြစ်ရပ်မှန်ပြောပြကာ အဗူစုဖ်ယာန် အားခေါ်ဆောင်လာခဲ့၏။ (အဗူစုဖ်ယာန်သည်ထိုအချိန်ထိ အစ္စလာမ့်ရန်သူကြီးဖြစ်နေခဲ့၏။) ဘကြီးတော်နှင့်အတူ လိုက်ပါလာသော အဗူစုဖ်ယာန် အား သာဝကကြီးအုမရ်ကမြင်သောအခါ ဒေါသအမျက်ချောင်းချောင်းထွက်ပြီး၊ တမန်တော်မြတ်ထံတွင် "တမန်တော်၊ ယခုအမိန့်ပေးတော်မူပါ၊ ကျွန်တော်ဤသူယုတ်၏ ဦးခေါင်းကိုဖြတ်လိုက်ပါမည်" ဟုလျှောက်ထားရာ အလွန်သနားကြင်နာထောက်ထားလေ့ရှိသော တမန်တော်မြတ်သည်သာဝကကြီး အုမရ်အားပိတ်ပင်တားမြစ်ပြီး အဗူစုဖ်ယာန်ကို ကောင်းစွာကာကွယ် စောင့်ရှောက်ထားရန် ဘကြီးတော် အားတာဝန်ပေးခဲ့လေသည်။ အဗူစုဖ်ယာန်သည်လည်း အစ္စလာမ်၏ အမှန်တရားကို မျက်ဝါးထင်ထင်တွေ့မြင်ရသောအခါ အဆိုပါနံနက်မှာပင် တမန်တော်မြတ်လက်ပေါ်တွင် အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့ပေသည်။ အဗူစုဖ်ယာန် အစ္စလာမ်ကို သက်ဝင်ယုံကြည်လာသောအခါ တမန်တော်မြတ်သည် အလွန်ဝမ်းသာသွားတော်မူခဲ့၏။ အဗူစုဖ်ယာန်အားလည်း အထူး မြှောက်စားတော်မူခဲ့၏။ တမန်တော်မြတ်က "မည်သူမဆို ကအ်ဗဟ်ကျောင်းတော်တွင် ဝင်ရောက်ခိုအောင်းသော်သို့တည်းမဟုတ်၊ အဗူစုဖ်ယာန်၏နေအိမ်တွင် ဝင်ရောက်နေသော် ထိုသူသည်အသက်ချမ်းသာခွင့်ရမည်။ ထို့အတူ မည်သူမဆိုမိမိ၏ အိမ်တံခါးကိုပိတ်ထားသော် ၊ သို့တည်းမ

ဟုတ်၊ မိမိဓားလွယ်ကိုဓားအိမ်တွင်ထည့်ထားသော် ထိုသူလည်း အသက်ချမ်းသာခွင့်ရမည် "ဟူ၍ကျေညာတော်မူခဲ့စေသည်။ အဗူစုဖ်ယာန် သည် အဆိုပါကြေညာချက်ကို မက္ကာမြို့သူမြို့သားများအား အသံကုန်ဟစ်၍ ကြေညာခဲ့လေသည်။

နံနက်မိုးလင်းသော် မွတ်စလင်မ် စစ်သည်များသည် မက္ကာမြို့တော်အတွင်းသို့ လေးဘက်လေးတန်မှဝင်ရောက်လာခဲ့ကြပြီး၊ သာမန်ခုခံမှုများမှ အပ ကြီးမားသော တိုက်ပွဲတစုံတစ်ရာမဖြစ်ပွားဘဲ မက္ကာမြို့တော်ကို အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ခဲ့ကြလေသည်။

တမန်တော်မြတ်သည်ဦးစွာပထမ ကအ်ဗဟ် ကျောင်းတော်သို့သွားတော်မူပြီးကျောင်းတော်ကို (၇) ခေါက် (တွဝါဖ်) လက်ယာရစ်လှည့် ပတ်ဖူးမျှော်ပြီး ဆွလာတ် (နှစ်ရကအတ်) ဝတ်ပြုတော်မူခဲ့၏။ ကျောင်းတော်တွင် အစ္စလာမ့် ရန်သူများထားရှိသောအရုပ်များကို သန့်ရှင်း ပစ်တော်မူခဲ့၏။ ထိုနောက် တမန်တော်မြတ်သည် အသင့်ရောက်ရှိနေသော မြို့တော်သူ မြို့တော်သားများအား အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ ၏။

' ပရိတ်သတ်အပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းတည်ရှိတော်မူသည်။ ထိုအရှင်မြတ်မှာဂုဏ်ရည်တူဟူ၍အလျဉ်းမရှိ။ ထိုအရှင်မြတ်သည် မိမိထားရှိတော်မူသော ကတိကိုအတည်ပြုတော်မူပြီး၊ မိမိ၏ကျွန်အား ကူညီတော်မူခြင်း ထိုအရှင်မြတ်သည် ရန်သူအုပ်စုအားလုံးကို ရှုံးနိမ့်စေတော်မူပြီး၊ ပရိတ်သတ်အပေါင်းတို့ လူသားအားလုံးတို့သည် ဘခင်ကြီးအာဒမ်၏သားသမီးများပင် ဖြစ်ကြသည်။ ဘခင်ကြီးအာဒမ်သည် မြေမှဖန်ဆင်းခြင်း ခံရသည်။ (လူသားအားလုံးတို့သည်

ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်ကြပေသည်။ အကြီးအငယ် မရှိ။ အနိမ့်အမြင့်မရှိ။)

ထိုသို့မိန့်ကြားတော်မူပြီးနောက် တမန်တော်မြတ်က "ယခုကျွန်ုပ်အသင်တို့နှင့်ပတ်သက်၍ မည်သို့စီရင်မည်ထင်ကြသလဲ"ဟုမေးမြန်းတော်မူရာမြို့သူမြို့သားများက "တမန်တော်မြတ်ကကျွန်တော်များ၏မြင့်မြတ်သော နောင်တော်လည်းဖြစ်ပါသည်။ ကျွန်တော်များ၏မြင့်မြတ်သော နောင်တော်ကြီး၏ သားတော်လည်းဖြစ်ပါသည်။ မည်သို့မျှမတရားစီရင်တော်မူမည် မဟုတ်ပါ " ဟု ဖြေခဲ့ကြ၏။ ထိုအခါတမန်တော်မြတ်သည် ကမ္ဘာ့ဂရုဏာရှင်ပီပီ သဘောထားကြီးစွာဖြင့် " **အသင်တို့၍တစ်စုံ တစ်ရာအရေးယူရန်မရှိ။ အသင်တို့အားလုံးသည်** လွတ်လပ်သူများ ဖြစ်ကြသည်။ " ဟုမိန့်ကြားတော်မူပြီး အားလုံးတို့အားချွင်းချက်မရှိလွတ်ငြိမ်း ချမ်းသာခွင့်ပြုတော်မူခဲ့လေသည်။

ရန်သူများသည် တမန်တော်မြတ်၏အံ့ဘွယ်သူရဲသဘောထားကြီးမှု၊ သနားကြင်နာမှုများကိုတွေ့မြင်ကြရသောအခါ ယခင်ကမိမိတို့မိုက်မှားခဲ့ကြသည်များကို တွေးတွေးပြီးအရှက်ကြီးရှက်ခဲ့ကြ၏။ နောင်တရခဲ့ကြ၏။ နောက်ဆုံးတွင် ဤတမန်တော်မြတ်သည် အခြားမဟုတ်၊ တမန်တော် ဆုမွန်ကောင်းတောင်းခဲ့သော တမန်တော်၊ တမန်တော်အီစာ (ခရစ်တော်) ကြိုတင်ဟောကြားခဲ့သော တမန်တော်ဖြစ်သည်ဟု စိတ်တွင်းမှနှစ်နှစ်ကာကာယုံကြည်လာပြီး၊ ထိုနေ့မှစ၍ မြောက်မြားစွာသောအစ္စလာမ့် ရန်သူများသည် အစ္စလာမ့်မိတ်ဆွေများဖြစ်လာခဲ့ကြသည်။ မွတ်စလင်မ် များဖြစ်လာခဲ့ကြပေသည်။ ကျန်ပုဂ္ဂိုလ်များသည်လည်း တဖြည်းဖြည်း မွတ်စလင်မ် ဖြစ်လာခဲ့ကြပေသည်။

နောက်ဆုံးဟဂျ်

ဟစ်ဂျ်ရီသက္ကရာဇ် (၁၀) ခုနှစ် ဇီလ်ဟဂျ်လ (၁၁) ရက် ခရစ်သက္ကရာဇ် ၆၃၂ - ခု၊ မတ်လ (၈)ရက်နေ့တွင် တမန်တော်မြတ် မုဟမ္မဒ်သည် နောက်ဆုံး ဟဂျ်ပြုရန်အတွက် မဒီနာမြို့မှ မက္ကာမြို့တော်သို့ ထောင်သောင်းမကသော သာဝကကြီးများနှင့်တကွ ရောက်ရှိလာတော်မူခဲ့ပေသည်။

တမန်တော်မြတ်နှင့်တကွ မွတ်စလင်မ် တို့သည်ရာဇဝင်တွင်မကြုံဘူးခဲ့သောဆန့်ကျင့်ဘက်အမျိုးမျိုး၊ နှောင့်ယှက်မှုအဖုံဖုံ၊ တိုက်ခိုက်မှုအသွယ်သွယ်ကိုအလူးအလိမ့်ခံခဲ့ကြရှာ၏။ ယနေ့မူ “ ပတ္တမြားမှန်၊ နွံမနစ် ”ဆိုသကဲ့သို့ အမှန်တရားသည်အမှန်အတိုင်းပေါ်လွင်လာခဲ့ချေပြီ။ တမန်တော်မြတ်သည် မိမိအားအသက်ပေးချစ်ကြည်မြတ်နိုးကြသောတပည့်နောက်လိုက် တစ်သိန်းကျော်ခြံရံလျှက် “ အိဟ်ရာမ် ” ခေါ်ဝတ်ဖြူစင်ကြယ်ကိုခြုံကာအေးချမ်းသာယာစွာ ကအ်ဗဟ် ကျောင်းတော်တွင် ဟဂျ် ပြုလျက်ရှိတော်မူချေပြီ။ အစ္စလာမ် အတွက်သံဃောဇဉ်အားလုံးကိုဖြတ်ခဲ့ကြရသော၊ ရာဇဝင်တွင်မကြုံဖူးခဲ့သော ကျူးကျော်နှိပ်စက်မှု အဖုံဖုံကို ရက်ရက်စက်စက်ခံခဲ့ရရှာသော မွတ်စလင်မ် အာဇာနည်တစ်သိန်းကျော်တို့သည်လည်း၊ တမန်တော်မြတ်နှင့်အတူစိတ်ကြည်၊ ကိုယ်ချမ်းရွှင်လန်းသာယာစွာ ဟဂျ် ပြုလျက်ရှိကြချေပြီ။ ဤသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်၏ ဖြောင့်မတ်မှန်ကန်မှုနှင့် မေတ္တာတရား၏ အကျိုးဆက်ပင်။

ဇီလ်ဟဂျ်လ (၉) ရက် ‘အရဖဟ် ’ နေ့တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကုရ်အာန်ကျမ်းမြတ်၏ အောက်ပါအာယသ် တော်ကိုထုတ်ပြန်ပို့ချတော်မူလိုက်လေသည်။

اليوم اكملت لكم دينكم واتممت عليكم

نعمتى ورضيت لكم الإسلام دينا

" ယနေ့ ငါ အရှင်သည်အသင်တို့အဖို့ အသင်တို့၏ သာသနာကို ပြည့်စုံအောင်ပြုတော်မူပြီ။ အသင်တို့အပေါ်၌ မိမိ၏ကျေးဇူးတော်ကို စုံလင်စေတော်မူပြီ။ ငါအရှင်မြတ်သည် အသင်တို့အဖို့သာသနာအ ဖြစ် အစ္စလာမ် ကိုနှစ်သက်တော်မူပြီ။ "

ကုရ်အာန်ကျမ်းမြတ်(၅း၃)

အထက်ပါ အာယသ်တော် ကျရောက်လာသည်အခါ တမန်တော်မြတ်သည် မိမိ၏တာဝန်များ ကုန်ဆုံးပြီဖြစ်ကြောင်း၊ မိမိ ကွယ်လွန်သေဆုံးရန် အချိန်နီးကပ်လာပြီဖြစ်ကြောင်းကို တွေးဆ ဆင်ခြင်မိတော့သည်။ ထိုအခါ တမန်တော်မြတ်သည် အသင့်ရောက်ရှိနေသည့် တစ်သိန်းနှစ်သောင်း (၁၂၀၀၀၀) ခန့်ရှိသော တပည့်သားတို့အား နောက်ဆုံးခမ္မ ဩဝါဒ အဖြစ်အလွန်လေးနက်စွာ ဟောကြားတော်မူခဲ့လေသည်။

" အချင်းတို့၊ ကျွန်ုပ်၏တရားများကို အထူးဂရုစိုက်၍ နားထောင်ကြ၊ ကျွန်ုပ်သည် နောက်နှစ်အသင်တို့နှင့် ဤကဲ့သို့ တွေ့ဆုံနိုင်မည် မတွေ့ဆုံနိုင်မည်ကို အတိအကျမပြောနိုင်ပါ။ "

" ဤနေ့သည်အဘယ်နေ့နည်း၊ ဤလသည်အဘယ်လနည်း၊ ဤနေရာသည်အဘယ်နေရာနည်း၊ ဤမြို့သည်အဘယ်မြို့နည်း၊ အသင်တို့သိကြပါသလော၊ ဤနေ့သည်မှန်မြတ်သော ကုရ်ဘာနီနေ့ဖြစ်သည်။

ဤလသည်ထူးမြတ်သော ဇိလ်ဟဂျ်လ ဖြစ်သည်။ ဤမြို့သည် မြင့်မြတ်သောမက္ကာမြို့တော်ဖြစ်သည်။ ဤနေ့၊ ဤလ၊ ဤမြို့တို့မြင့်မြတ်သကဲ့သို့ အသင်တို့၏အသက်၊ အသင်တို့၏စည်းစိမ်၊ အသင်တို့၏ဂုဏ်သိမ်တို့သည် မြင့်မြတ်လှပေသည်။"

"အချင်းတို့၊ အသင်တို့သည် မကြာမီအတွင်း အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်သို့ ရောက်ကြရမည်။ မိမိတို့ကျင့်မူခဲ့ကြသောအပြုအမူများနှင့် စပ်လျဉ်းပြီး စစ်ဆေးမေးမြန်းခံကြရမည်။ "

" သတိပြုကြကုန်၊ ယနေ့အမိုက်ခေတ်၏ မိုက်မဲမှုအစုစုကိုကျွန်ုပ်ချေမှုန်းလိုက်ပြီ။ "

" ယနေ့အမိုက်ခေတ်၏ အတိုးအညွန့်များကို ကျွန်ုပ်ချေမှုန်းလိုက်ပြီ။ ဦးစွာပထမ မိမိနှင့်သားချင်းတော်စပ်သောအဗ္ဗဒုလ်မွတ္တလိဗ်၏သား အဗ်ဗားစ် ၏အတိုးအညွန့်များကို ပလပ်လိုက်ပြီ။

" ယနေ့အမိုက်ခေတ်၏ မတရားတုန့်ပြန်သတ်ဖြတ်မှုများကိုကျွန်ုပ်ချေဖျက်လိုက်ပြီ။ ဦးစွာပထမ မိမိနှင့် သားချင်းတော်စပ်သောဟာရစ်၏သား ရဗီအဟ်၊ ရဗီအဟ်၏သား အိယာစ်အား သတ်ဖြတ်ခွင့်ကိုလည်းကျွန်ုပ်ပလပ်လိုက်ပြီ။ "

" အချင်းတို့၊ အသင်တို့၏ဇနီးမိန်းမ များနှင့်ပတ်သက်၍အလ္လာဟ်အရှင်မြတ် အားကြောက်ရွံ့ကြ။ ဇနီးများအပေါ်၌ အသင်တို့၏အခွင့်အရေးများရှိသကဲ့သို့၊ အသင်တို့အပေါ်၌လည်း ဇနီးမိန်းမများ၏အခွင့်အရေးများရှိသည်။ အမှန်မှာ ဇနီးမိန်းမများသည်တရားတော်နှင့်အညီ အသင်တို့ထံအပ်နှံထားသော ရတနာများဖြစ်ကြသည်။ "

" ကျွန်ုပ်ကွယ်လွန်သေဆုံးပြီးနောက် အသင်တို့လမ်းမမှားကြရန်အတွက် ကျွန်ုပ်သည်အသင်တို့ထံ ကုရ်အာန်ကျမ်းမြတ်နှင့် မိမိ၏'စွန္နတ်' လမ်းစဉ်ကိုထားခဲ့သည်။ "

" အချင်းတို့ အသင်တို့သည်အချင်းချင်း မသတ်ဖြတ်ကြနှင့် မိမိ၏ကျေးကျွန်များကို မနှိပ်စက်ကြနှင့်၊ မိမိတို့စားသကဲ့သို့ ၎င်းတို့အား ဆင်ယင်ပေးကြ။ စာနာထောက်ထားသနားကြ။ "

" အချင်းတို့၊ အသင်တို့သည်တမိ၊ တဘတည်းမှဆင်းသက် ပေါက်ပွားလာခဲ့သော ညီရင်းအကို ၊ မောင်ရင်းနှစ်မများဖြစ်ကြသည်။ အသင် တို့သည် ကမ္ဘာ့အိမ်ထောင်စုကြီး၏ မိသားစုများဖြစ်ကြသည်။ တာဝန်တူ အခွင့် တူများဖြစ်ကြသည်။

" အချင်းတို့၊ အသင်တို့သည်သူတပါးပစ္စည်းကိုမတရားမယူ ကြနှင့်။ အချင်းချင်း မကျူးကျော်မစော်ကားကြနှင့်။ "

" အချင်းတို့၊ အသင်တို့သည်လက်အောက်ငယ်သားတို့အား စာနာထောက်ထား၊ သနားကြ။ တနေ့လျှင် အကြိမ်ပေါင်း (၇၀)တိုင် တိုင်ခွင့်လွှတ်ကြ လုပ်သားအားချွေးမခြောက်မီ လုပ်ခပေးကြ။ ခက်ခဲ သောအလုပ်ဖြစ်ပါက မိမိကိုယ်တိုင်ပါဝင်လုပ်ကိုင်ကြ။ "

"အချင်းတို့၊ အသင်တို့သည်အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်အား ခယရိုကျိုးရှိခိုးကြ။ နေ့စဉ် ဆွလာတ်ငါးကြိမ် ဝတ်ပြုကြ။ ရမ်ဇာန်လ၌ ဥပုသ်ဆောက်တည်ကြ။ ဇကာတ်ဆင်းရဲသား ကြေးပေးလှူကြ။ တသက်တခါ ဟဂ်ျ ပြုကြ။ "

" အချင်းတို့၊ အသင်တို့သည် မိမိတို့၏အာဏာပိုင်အစိုးရ၏ အမိန့်ကိုလည်းနာခံကြကုန်။ ဤအတိုင်းလိုက်နာပြုကျင့်ကြပါက အသင် တို့သည် ဂျန္နတ် အမတဘုံ သို့မုချစံမြန်းကြရမည်။ "

" အချင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏တရားများကိုအဆင့် ဆင့်ဟောကြားကြကုန်။ "

ဤသို့တရားဟောကြားတော်မူပြီးနောက် တမန်တော်မြတ်က "ကျွန်ုပ်၌ ဟောကြားရန်တာဝန်ရှိသည်များကို ဟောကြားပြီးမဟုတ်ပါ

လော " ဟုမေးမြန်းတော်မူရာ တပည့်သာဝကအပေါင်းတို့က " တမန်တော်မြတ်သည် မိမိ၏တာဝန်ရှိသည်များကိုတိကျမှန်ကန်စွာ ဟောကြားတော်မူပြီးပါပြီ " ဟုပဲ့တင်ထပ်မျှ လျှောက်ထားခဲ့ကြလေသည်။ ထိုအခါ တမန်တော်မြတ်က ကောင်းကင်သို့လက်ညှိုးညွှန်ကာ " အို အလ္လာဟ် အရှင်မြတ်၊ မှတ်တော်မူပါ " သုံးကြိမ်တိုင်တိုင်ဟစ်ကြွေး လျှောက်ထားတော်မူခဲ့လေသည်။

တမန်တော်မြတ်နှင့်တကွနောက်လိုက် တပည့်သားများသည် ဟဂ်ျ ပြု၍ မက္ကာမြို့တော်မှပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။ မဒီနာမြို့ဒအနီး ခွန်းမ် ဟူသောစခန်းသို့ရောက်ရှိတော်မူသည့်အခါ တမန်တော်မြတ်ကမိမိနှင့်အတူလိုက်ပါလာခဲ့ကြသော တပည့်သားအားလုံးတို့အား ခတ္တဆိုင်းငံ့တော်မူပြီး အောက်ပါအတိုင်း နောက်ဆုံး ဟဂ်ျ ၏စခန်းတွင် နောက်ဆုံး စကားမြွက်ကြားတော်မူခဲ့လေသည်။

" ငါသည် အသင်တို့၌ အလွန်လေးနက်သော ရတနာနှစ်ပါးကို ထားတော်မူခဲ့လေသည်။

၁။ အလ္လာဟ်အသျှင်မြတ်၏ကျမ်းမြတ်ကုရ်အာန်။

၂။ ငါ၏အိမ်တော်သူ၊ အိမ်တော်သားများ။

အသင်တို့သည် ဘယ်သောအခါမှ လမ်းမှားကြမည်မဟုတ်။ "

" အို ငါ၏တပည့်သားများအသင်တို့သည် ငါ၏အိမ်တော်သူအိမ်တော်သားများနှင့်ပတ်သက်၍အလ္လာဟ်အရှင်မြတ်အား သတိမူကြကုန် "ဟူ၍သုံးကြိမ်တိုင်တိုင် အမှတ်တရ မှာကြားသွားတော်မူခဲ့ပေသည်။ ထိုနောက် သာဝကကြီးအလီသခင်၏ လက်မောင်းကို ကိုင်ကာ။ "ငါအား ချစ်သူသည်အလီ အား ချစ်သူသာဖြစ်သည်။ငါ့ မိတ်ဆွေသည် အလီ၏ မိတ်ဆွေသာဖြစ်သည်။ အို့အလ္လာဟ် အလီအား ချစ်သူကို

ချစ်တော်မူပါ။ အလီအားမုန်းသူကို မုန်းတော်မူပါ ” ဟုဆုပန်ကြားသွားတော်မူခဲ့လေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို မိမိကိုယ်တော်တိုင် စံပြအဖြစ် ပြသ သွားတော်မူကြောင်း၊ ထို့အတူ တမန်တော်မြတ်၏ အိမ်တော်သူ အိမ်တော်သားများသည်လည်း တမန်တော်မြတ်၏လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးခဲ့ကြောင်း သာဝကကြီးအလီသခင်မှာ တမန်တော်မြတ်ကြီး၏အချစ်ဆုံး လက်ရုံးကြီးတစ်ဆူဖြစ်ကြောင်း သိရှိနိုင်ပေသည်။ (တမန်တော်မြတ်နှင့်တကွ အိမ်တော်သူ၊ အိမ်တော်သားများအပေါ် ကောင်းချီးချမ်းသာ မင်္ဂလာအဖြာဖြာသက်ရောက်ပါစေသတည်း။)

ကွယ်လွန်တော်မူခြင်း

တမန်တော်မြတ်သည် နောက်ဆုံး ဟဂ်ျ ပြုပြီး မဒီနာမြို့သို့ ပြန်ကြွလာတော်မူခဲ့၏။ မိမိအရှင်သခင်နှင့် တွေ့ရန်အမျှော်ကြီးမျှော်နေခဲ့၏။ ရှတ်တရက် တမန်တော်မြတ်သည် ဟိဂျ်ရီသက္ကရာဇ်(၁၁)ခုနှစ်၊ 'ဆွဖရ်' လတွင် မမာမကျန်းဖြစ်သွားတော်မူခဲ့၏။ ရောဂါသည် တစ်နေ့တစ်ခြားပြင်းထန်၍လာခဲ့၏။ အင်အားသည် တစ်နေ့တစ်ခြား လျော့နည်းလာခဲ့၏။ သို့သော်လည်း တမန်တော်မြတ်သည် ဗလီကျောင်းတော်သို့ သွားရောက်၍ ' ဂျမာအတ် 'များ၊ မွတ်စလင်မ်များနှင့်အတူ ဆွလာတ်ဝတ်ပြုတော်မူရှာ၏။ အင်အားအလွန်ဆုတ်ယုတ်လာသည့်အခါ သာဝကကြီးအဗူဗတ်ကရ်အား မိမိ၏ကိုယ်စား (အီမာမ်)ရှေ့ဆောင်ခန့်အပ်၍ မိမိကိုယ်တော်တိုင် သာဝကကြီးအဗူဗတ်ကရ် နောက်တွင် ဆွလာတ်ဝတ်ပြုတော်မူရှာခဲ့၏။

ထိုသို့ ရောဂါဖိစီးနေသည့်အတောအတွင်း တစ်နေ့တမန်တော်မြတ်က ဆွလာတ်အပြီး " အို တပည့်သားအပေါင်းတို့ ကျွန်ုပ်သည် တစ်စုံတစ်ရာ ကျူးလွန်မိပါက ခွင့်လွှတ်ကြပါ၊ ပြောမှားဆိုမှားပြုမိပါက ယနေ့ကျွန်ုပ်အား တုံ့ပြန်ချေပပြောဆိုကြ။ ကြွေးမြီတစ်စုံတစ်ရာ ကျန်ရှိကအမှတ်တရပြန်ယူကြ။ အို တပည့်သားတို့ ကျွန်ုပ်အား ခွင့်လွှတ်ကြ။ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်သို့ ပျော်ပျော်ရွှင်ရွှင်ဝင်ရောက်ခစားပါရစေ။ ထိုအရှင်မြတ်ရှေ့တော်၌ ကျွန်ုပ်၏စာရင်း ရှင်းရှင်းဖြစ်ပါရစေ "ဟု ပြောကြားတော်မူရာ၊ တပည့်သားအားလုံးက ကျေနပ်ကြောင်းလျှောက်ထားခဲ့ကြ၏။ တစ်ဦးက တမန်တော်မြတ်သည် ဆင်းရဲသားတစ်ဦးအားပေးလှူရန် ကျွန်တော်ထံ ' ဒိရ်ဟမ် 'သုံးပြားခေတ္တချေး

ယူတော်မူခဲ့ကြောင်းလျှောက်ထားရာ တမန်တော်မြတ်သည် ထိုသူအား ချက်ချင်းပင်ပေးဆပ်တော်မူခဲ့၏။ ထို့နောက် ရောဂါသည်တစ်စစပို၍ ဆိုးရွားလာခဲ့၏။ ရောဂါပြင်းထန်မှုကြောင့် တစ်ခါတစ်ရံမျက်နှာတော်ကို စောင်ဖြင့် ဖုံးအုပ်ထားတော်မူခဲ့ရာ၏။ တစ်ခါတစ်ရံ ဖုံးထားသော စောင်ကို မျက်နှာတော်မှ ဖယ်ချထားတော်မူခဲ့ရာ၏။

မကွယ်လွန်မီ အချိန်အနည်းငယ်အလိုတွင် သာဝကကြီး အဗူဗကရ်၏သား အဗ်ဒုရ်ရဟ်မာန်းသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာ၏။ တမန်တော်မြတ်သည် အာအိရှဟ်သခင်မအားမှီ၍ လှဲလျောင်းနေတော်မူ၏။ သာဝကကြီး အဗ်ဒုရ်ရဟ်မာန်း၏ လက်တွင် စွန်ပလွန်ကိုင်း အရိုး (တံပူ)ပါရှိ၏။ တမန်တော်မြတ် (ﷺ)တံပူစားလို ကြောင်း ရိပ်စားမိသဖြင့် သာဝကကြီး အဗ်ဒုရ်ရဟ်မာန်းထံမှ တံပူကို ယူ၍ သွားများဖြင့် ပျော့ပြောင်းအောင်လုပ်ပြီးတမန်တော်မြတ်(ﷺ)အား ဆက်သလိုက်သည်။ တမန်တော်မြတ် (ﷺ)သည် လုံးဝကျန်းမာသော သူများကဲ့သို့ တံပူစားတော်မူ၏။

ကွယ်လွန်သေဆုံးအချိန်မှာကား နီးသထက်နီး၍လာလေပြီ။ အချိန်သည် ညနေခင်းဖြစ်၏။ တမန်တော်မြတ် (ﷺ)၏ ရွှေနှုတ်တော်မှ الصلوة وماملكت أيمانكم (ဆွလားသ် နှင့် ကျွန်များ) ဟူ၍ ကြားလိုက်ရ၏။ တမန်တော်မြတ် (ﷺ)၏အနီးတွင် ရေအင်တုံ့ရှိ၏။ ထိုအင်တုံ့တွင် လက်ကို အကြိမ်ကြိမ်နှစ်၍ ရွှေမျက်နှာတော်ကို ပွတ်သပ်တော်မူရှာသည်။ထိုအချိန်တွင်ပင် တမန်တော်မြတ်(ﷺ)သည်မိမိလက်တော်အား မြှောက်၍လက်ညိုးညွှန်ကာ اللّهم فى الرفيق الأعلى

(အို . . . အရှင်မြတ် မြင့်မြတ်လှစွာသော အဆွေတော် ဖြစ်တော်မူပေသည်)ဟု နှုတ်မှ မြွက်ဟတော်မူနေလေသည်။ ထိုအခိုက်မှာပင် တမန်တော်မြတ်(ﷺ) ၏ လက်တော်သည် အောက်သို့ ကျလာတော်မူခဲ့လေသည်။ မျက်စိအစုံမှာလည်း အထက်သို့ စူးစိုက် နေခဲ့လေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် မြင့်မြတ်ဖြူစင်သော ဌာနေသို့ ရောက်ရှိသွားလေပြီ။

ဤသို့ဖြင့်နှစ်ဘဝသခင်ကျေးဇူးတော်ရှင်တမန်တော်မြတ်(ﷺ)သည် ဟစ်ဂျရီ (၁၁)ခု ၊ ရဗီအွလ်အောင်ဝလ်(၁)ရက် တနင်္လာနေ့ ညနေပိုင်း တွင်ကွယ်လွန်အနိစ္စသို့ ရောက်ခဲ့လေပြီ။

ရုပ်ဆင်းသဏ္ဌာန်နှင့် ဝတ်စားဆင်ယင်ပုံ

တမန်တော်မြတ်(ﷺ)၏ ရုပ်ဆင်းသဏ္ဌာန်မှာ ထည်ဝါခန့်ညား တင့်တယ်လှ၏။ အရပ်အမောင်းမှာ အလယ်အလတ်ဖြစ်၏။ အသားအရေမှာဖြူ၍ အနီရောင်သန်း၏။ နဖူးတော်ကျယ်၏။ မျက်ခုံးတော် ဆက်လျက်ရှိ၏။ မျက်နှာတော်သွယ်၏။ ပါးစပ်တော် လှပ၏။ သွားတော်များ မစိပ်မကျဲအနေတော်ဖြစ်၏။ လည်တံတော် ပေါ်၏။ ဦးခေါင်းတော် ကြီး၏။ ရင်တော်ကျယ်သည်။ ဆံကေသာမှာ တွန့်လိမ်သည်လည်းမဟုတ် ၊ ဖြောင့်စင်းသည်လည်းမရှိ။ မုတ်ဆိတ်တော် မှာ ထူသည်။ မျက်လုံးတော်များသည် စွန်ရဲမဟ်ဆွဲထားသကဲ့သို့ မည်းနက် နေ၏။ မျက်တောင်များသည် ရှည်ပြီး ကော့၏။ လက်ဖဝါးများမှာ ကျယ်ပြန့်၏။ လက်တံများသည်လည်း ရှည်၏။ ခြေဖျားများ ပျော့ပြောင်းသည်။ ခြေဖဝါးအလယ်တွင် အနည်းငယ် ကွာဟလျက်ရှိသည်။

သိရ်မေဇီကျမ်း ၊ မွတ်စ်နဒ်အိဗ်နေ့ ဟမ်ဗလ် ၊ (၁၁၆-၁၁၇)

တမန်တော်မြတ်(ﷺ)၏ လက်ပြင်ရိုးနှစ်ခုကြားတွင် ခိုဥခန့်ရှိသော နဗူဝသ် တံဆိပ်တော်ရှိသည်။ ထိုတံဆိပ်တော်သည် အနီရောင်ရှိသည့် မှဲ့မောက်နေသော အသားပမာဖြစ်ပေသည်။ တမန်တော်မြတ်(ﷺ)သည် ဆံတော်တွင် ဆီထည့်တော်မူလေ့ရှိ၏။ တမန်တော်မြတ်(ﷺ)သည် သွားလာရာတွင်တောင်ခြေမှအနိမ့်သို့ဆင်းသကဲ့သို့သွက်လက်ဖျတ်လတ် လှ၏။ တမန်တော်မြတ်(ﷺ)သည် အလွန်အင်မတန် နူတ်ချိုသာတော် မူ၏။ တဖက်လူအား ဆွဲဆောင်နိုင်တော်မူ၏။ စကားပြောဆိုရာတွင် ဆိုင်းငံ၍ ပြောဆိုတော်မူ၏။ ထိုသို့ပြောဆိုသည့်အတွက် စကားများမှာ ပြတ်ပြတ်သားသားရှိရာ ကြားရသူအဖို့ ကောင်းစွာ မှတ်သားမိကြ၏။ အသံသြဇာမှာ ကောင်းလှ၏။ ဝမ်းသာအားရ ဖြစ်တော်မူသည့်အခါ မျက်နှာတော်အား အောက်သို့စိုက်ထားတော်မူ၏။ ရယ်မောခြင်းကား နည်းပါးလှ၏။ ရယ်လိုတော်မူလျှင် ပြုံးရုံသာ ပြုံးလေ့ရှိသည်။

တမန်တော်မြတ်(ﷺ)သည် များသောအားဖြင့် ခြုံထယ်အင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်တော်မူလေ၏။ ဘောင်းဘီကို ဘယ်သောအခါမျှ မဝတ်ဆင်ပေ။ အေမာမ်အဟ်မဒ်နှင့် အဆ္ဟာဗွစ္စုနန် အရ်ဗအဟ်၏ ကျမ်းများတွင် တမန်တော်မြတ်(ﷺ)သည် မီနာဈေးမှ ဘောင်းဘီဝယ် ယူတော်မူခဲ့ဖူးသည်ဟု ပါရှိသည်။ ဤအချက်ကိုထောက်ရှု၍ အလ္လာဟ်မဟ် အိဗ်နုကိုင်ယင်မ်က ဘောင်းဘီကို တစ်ကြိမ်တစ်ခါ ဝတ်ဆင်သည်ဟု တွေးဆဆင်ခြင်၍ ရေးသားခဲ့လေသည်။ တမန်တော်မြတ်(ﷺ)သည် ခြေအိတ်ကိုလည်း ဝတ်ဆင်လေ့မရှိပေ။ သို့သော် အီသီယိုးပီးယားဘုရင် နဂျာရှီက လက်ဆောင်အဖြစ်ပေးသော အနက်ရောင် ခြေအိတ်များကို ဝတ်ဆင်တော်မူခဲ့ပေသည်။ သက်ဆိုင်ရာ ကျမ်းများအရ အဆိုပါ ခြေအိတ်များသည် သားရေဖြင့် ပြုလုပ်ထား

သည်ဟု သိရပါသည်။ တမန်တော်မြတ်(ﷺ)သည် အမာမဟ်(ခေါ်) ပေါင်းထုပ်တော်များ ပေါင်းလေ့ရှိခဲ့၏။ ပေါင်းထုပ်တော် ၏အစကို တစ်ခါတစ်ရံ ပုခုံးပေါ် ၊ တစ်ခါတစ်ရံ လက်ပြင်ရိုးနှစ်ခုကြားတွင် ချထားတော်မူ၏။ တစ်ခါတစ်ရံ မေးစေ့အောက်တွင် ရစ်ပတ်ထားတော်မူ၏။ များသောအားဖြင့် ပေါင်းထုပ်တော်၏အရောင်မှာ အနက်ရောင်ဖြစ်၏။ ပေါင်းထုပ်တော်၏ အောက်တွင် ဦးထုပ်ငယ်ကို အမြဲတစေ အသုံးပြု၏။ (မွတ်ရှ်ရစ်က်များနှင့် ခြားနားစေရန်အတွက် အမြဲတစေ အသုံးပြုခြင်းဖြစ်သည်။) ဦးထုပ်ရှည်ကိုမူ ဘယ်သောအခါမျှ အသုံးမပြုပေ။

(အဗူဒါဝူးဒ်ကျမ်း - ဝတ်စားဆင်ယင်မှုအခန်း)

တမန်တော်မြတ်(ﷺ)သည် ယမန်ပြည်လုပ် အခင်းများပါသော ရုံထည်များကို အထူးနှစ်သက်တော်မူပေသည်။ ယင်းရုံထည်များကို အရင်စာပေတွင်ဟာဗရဟ်ဟုခေါ်သည်။တမန်တော်မြတ်(ﷺ)ကွယ်လွန်တော်မူပြီးနောက်ကြင်ယာတော်အာအေရှာဟ်သခင်မသည်အဖာအထေးများပါရှိသောစောင်ကြီးတစ်ထည်နှင့်ချည်ထည်ပုဆိုးတစ်ကွင်းထုတ်ပြသည်။ ထိုနောက်ကြင်ယာတော်က "တမန်တော်မြတ်(ﷺ)သည်ဤအဝတ်အစားများနှင့်ပင်ကွယ်လွန်သေဆုံးတော်မူခဲ့သည်" ဟုပြောပြခဲ့လေသည်။

ဒေါ်သျှားဝေဝေ
B.SC (Chem:)

စံပြုစေတမန်

တမန်တော်မြတ် (ﷺ)၏ ထေရုပတ္တိအကျဉ်း



ဒီဇိုင်း မိုဟာမွှဒ် ဆိုလိုင်မာန် (ရွှေစံပယ်)